# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီ ၂ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၉)၊ အမှတ်(၁၂၅)


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနားတက်ရောက်

## "ဒီမိုကရေစီဖက်ဒရယ် ဖော်ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ဖို့ လိုအပ်နေတဲ့အချိန်မှာ တိုင်းရင်းသား ပြည်သူအားလုံး မေတ္တာ၊ စေတနာ၊ ဆင်ခြင်တုံတရား၊ သတ္တိတို့နဲ့ ပူးပေါင်းဆောင်ရွက်ပေးစေချင်ပါတယ်"

**ရန်ကုန် ဖေဖော်ဝါရီ ၁**

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ကျိုက္ကဆံအားကစားကွင်း၌ ကျင်းပသည့် သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီးဒေါက်တာရွှေလွှမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကယားပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့များမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားအသင်းအဖွဲ့များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀" အထိမ်းအမှတ်ဖွင့်လှစ်ထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် တေးရေး သစ်လွင်အောင် (လွိုင်ကော်) ရေးသားသည့် **"မငြိမ်းချမ်းလို့မဖြစ်ဘူး"** တေးသီချင်းကို

*စာမျက်နှာ ၅ ကော်လံ ၁* ❊



နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကား ပြောကြားစဉ်။ သတင်းစဉ်




# သွေးချင်းတို့ရဲ့ ပွဲတော်မှသည်

အရောင်အသွေးစုံညီ ရနံ့သင်းသည့် ပန်းခင်းကြီးတစ်ခင်းသဖွယ်။ မတူကွဲပြားသည့် အလှတရားများကို တစ်စုတစ်စည်းတည်း ပေါင်းစည်းလိုက်သည့်အခါ ခမ်းနားလှပသည့် အလှသစ်က ရှုမငြီးစရာထွက်ပေါ်လာသည်။ ယင်းသည် ပြည်ထောင်စု၏ အလှတရားဖြစ်သည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ ကိုယ်စီအလှများကို တစ်ပေါင်းတစ်စည်းတည်း တစ်နေရာတည်းတွင် တွေ့ခွင့်ရနိုင်သည့် နေရာသည်"သွေးချင်းတို့ရဲ့ပွဲတော်"ကြီး ပင်ဖြစ်သည်။

သွေးချင်းတို့ရဲ့ပွဲတော်ကြီးက တိုင်းရင်းသားများ၏ ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုတို့ကို ဖော်ဆောင်နိုင်သည့် ပွဲတော်ကြီးဖြစ်သည်။ တောင်ပေါ်နှင့်မြေပြန့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုအကအလှများ၊ ရိုးရာဝတ်စုံများ၊ ရိုးရာစားသောက်ဖွယ်ရာများ၊ ရိုးရာဓလေ့ထုံးစံများ၊ ရိုးရာအသုံးအဆောင်များ စသည်တို့ကို သွေးချင်းတို့ရဲ့ပွဲတော်ကြီးတွင် တွေ့မြင်နိုင်သည်။ လေ့လာနိုင်သည်။ မြည်းစမ်းနိုင်သည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်သိနားလည်မှု၊ အပြန်အလှန်လေးစားမှုနှင့် ရင်းနှီးခင်မင်မှု၊ ချစ်ခင်ယုံကြည်မှုတို့ပေါ်ထွန်းကာ ပြည်ထောင်စုသွေးချင်းများအကြား သံယောဇဉ်တရားတို့ နှောင်ဖွဲ့ဖြစ်ပေါ်လာနိုင်သည်။

"ဒီနေ့အချိန်အခါဟာ ကျွန်မတို့နိုင်ငံမှာ တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်လာတဲ့ အချိန်အခါလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုသားချင်းများ တစ်ဦးချင်းစီရဲ့စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ၊ လုံ့လ၊ ဝီရိယ၊ ရိုးသားဖြောင့်မတ်မှု စတဲ့ အရည်အချင်းများ ပိုမိုမြင့်မား၊ ခိုင်မာလာအောင်တည်ဆောက်ရမယ့် အချိန်ဖြစ်ပါတယ်။ ဒါ့အပြင် အချင်းချင်း ရိုင်းပင်းကူညီမှု၊ ချစ်ခင်လေးစားမှုများကို အခြေခံပြီး ငြိမ်းချမ်းရေးကို အရယူနိုင်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်စေချင်ပါတယ်။

"ဒီလိုအချိန်မှာ အရောင်အသွေးစုံ တိုင်းရင်းသားများ ပေါင်းစုပြီး တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်စေမယ့် ယခုပွဲတော်ကို ကျင်းပကြတာ အင်မတန်မှသင့်တော်အားရစရာ ဖြစ်ပါတယ်" ဟူ၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရန်ကုန်မြို့ ကျိုက္ကဆံကွင်းတွင် ဖေဖော်ဝါရီ ၁ ရက်က ကျင်းပသည့် "သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀"ဖွင့်ပွဲအခမ်းအနား၌ အဖွင့်အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့ရာ ပွဲတော်ကြီး၏ လေးနက်မှုနှင့် အရေးပါမှုတို့ကို သိမြင်နိုင်ကြမည် ဖြစ်သည်။

ပထမအကြိမ် "သွေးချင်းတို့ရဲ့ပွဲတော်ဆီ"ပွဲတော်ကြီးကို ကျင်းပခဲ့စဉ်က ကချင်ကိုအဓိကထား၍ ကျင်းပခဲ့ပြီး ယခု ဒုတိယအကြိမ် ပွဲတော်ကြီးကိုမူ ကယားရိုးရာ တံခွန်တိုင်အကပွဲတော်အဖြစ် ကျင်းပခြင်းဖြစ်သည်။ သို့ဖြစ်၍ လာမည့် လာမည့်နှစ်များတွင်လည်း ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည်ဖြင့် နှစ်စဉ်ကျင်းပသွားမည်ဟူ၍ နားလည်နိုင်မည် ဖြစ်သည်။ နှစ်စဉ်ကျင်းပသည့် ဤပွဲတော်ကြီးများက တိုင်းရင်းသားတို့၏ ရိုးရာထုတ်ကုန်များ၊ ဒေသထွက်ကုန်များ၊ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းများအတွက် ဈေးကွက်များ ရှာဖွေမြှင့်တင်ပေးနိုင်သလို တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုနိုင်မည် ဖြစ်သည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုတို့ ရရှိလာသည်နှင့် အမျှ မိမိတို့တိုင်းရင်းသားပြည်သူတစ်ရပ်လုံး တောင့်တကြသည့် ထာဝရငြိမ်းချမ်းရေးကိုပါ တစ်ဆက်တစ်စပ်တည်း မျှော်မှန်းနိုင်မည်ဟု ယုံကြည်မိပါကြောင်း။ ။




## ၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၃) တရားဥပဒေစိုးမိုးရေး၊ မှန်ကန်သည့်တရားစီရင်ရေးနှင့် နိုင်ငံသားများဘေးကင်းလုံခြုံရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၄) မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ပြည်သူများ၏ လူမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေး။

(၅) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့်ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး။

## အများအားဖြင့် သာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၁

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနေမည်။

မိုး/ဇလ

**အသီးတစ်ရာ အညှာတစ်ခု ဒို့ညီနောင်ထု ဒို့တည်ထောင်မှု ဒို့ပြည်ထောင်စု။**

## မဟာဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပမည့်ရက် ရွှေ့ဆိုင်းကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၁

(၃၄)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၃၈၁ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက်၊ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၇ ရက်(သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ မဟာအတုလဝေယံ(အတုမရှိ) ကျောင်းတော်ကြီး၌ ကျင်းပမည်ဖြစ်ကြောင်း သက်ဆိုင်ရာစာအောင်ပုဂ္ဂိုလ်များနှင့် ပင့်သံဃာတော်များအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ပင့်လျှောက်ထားခဲ့သည်။

ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့တွင် Novel Corona-virus (အဆုတ်ရောင်ရောဂါ) များ ဖြစ်ပွားလျက်ရှိသဖြင့် 2019 Novel Coronavirus (2019–nCoV) စောင့်ကြည့်စစ်ဆေး ကုသရေးကော်မတီ၏ တင်ပြချက်အရ ဇန်နဝါရီ ၃၁ ရက် ညနေ ၄ နာရီခွဲတွင် ကျင်းပသော **"မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးက မန္တလေးတိုင်းဒေသကြီးအတွင်း၌ လူစုလူဝေး အင်အားအများအပြားဖြင့် ကျင်းပမည့် အခမ်းအနားများ ကျင်းပခြင်းမပြုသေးရန်**"ဟု ဆုံးဖြတ်ခဲ့သည်။

သို့ဖြစ်ပါ၍ အဆိုပါအစည်းအဝေး ဆုံးဖြတ်ချက်အရ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည့်ရက်ကို ရွှေ့ဆိုင်းကျင်းပလိုကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ မေတ္တာရပ်ခံလာခဲ့ရာ သာသနာရေးဦးစီးဌာနက ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တာဝန်ကျ ဆရာတော်ကြီးများအား လျှောက်ထားခဲ့သည်။

နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများက မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည့်ရက်ကို ရွှေ့ဆိုင်းကျင်းပရန် သဘောတူညီခဲ့ကြသည်။ သို့ဖြစ်၍ (၃၄)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည့်ရက်ကို သာသနာရေးဦးစီးဌာနက ပြန်လည်ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သန်လျင်လူငယ်သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တွေ့ဆုံ လမ်းညွှန်မှာကြား



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သန်လျင်လူငယ်သင်တန်းကျောင်းရှိ လူငယ်များနှင့် တွေ့ဆုံပွဲတွင် ဆုံးမသြဝါဒစကားပြောကြားစဉ်။ သတင်းစဉ်

ရန်ကုန် ဖေဖော်ဝါရီ ၁

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက် ကျိုက်ခေါက်ဘုရားလမ်းရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်ထားသည့် သန်လျင်လူငယ်သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် သင်တန်းကျောင်းရှိ လူငယ်လေးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် သန်လျင်လူငယ်သင်တန်းကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုပြီး သင်တန်းကျောင်းရှိ လူငယ်လေးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

## လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေး

ထို့နောက် သန်လျင်လူငယ် သင်တန်းကျောင်းဝင်းအတွင်းရှိ ရှင်းလင်းဆောင်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက သန်လျင်လူငယ်သင်တန်းကျောင်း၏ အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် သန်လျင်လူငယ်သင်တန်းကျောင်းရှိ လူငယ်များနှင့် တွေ့ဆုံရာ၌ ဆုံးမသြဝါဒစကားပြောကြားရာတွင် "ယခုသင်တန်းကျောင်း ဘယ်လိုအခြေအနေရှိသလဲ၊ ဘယ်လိုလိုအပ်ချက်တွေ ရှိသလဲ၊ ဘယ်လိုပိုပြီးကောင်းအောင် လုပ်ပေးလို့ရမလဲဆိုတာနဲ့ ကလေးတွေ ဒီမှာထားတဲ့ ရည်ရွယ်ချက်ဘယ်လောက်အထိ အောင်မြင်နိုင်သလဲဆိုတာ လာကြည့်တာ ဖြစ်ပါတယ်။

## ကိုယ်တိုင်လည်း ကြိုးစားရမယ်

အဲဒီလို အောင်မြင်ဖို့ဆိုတာ ကလေးတွေကိုယ်တိုင်ကလည်း ကြိုးစားဆောင်ရွက်မှ ဖြစ်မယ်။ ဂေဟာက ဆရာ ဆရာမတွေ လုပ်ပေးရုံနဲ့လည်း မရဘူး။ ကိုယ်တိုင်လည်း ကြိုးစားရမယ်။ ဒီမှာရောက်လာတယ်ဆိုတာ အကြောင်းအမျိုးမျိုးကြောင့် ရောက်လာတာ။ အကြောင်းအမျိုးမျိုးကြောင့် ရောက်လာတဲ့အခါ အရေးကြီးတာက နောင်ကိုထပ်ပြန်မလာရအောင် ကိုယ့်ကိုယ်ကိုယ် ကြိုးစားရမယ်။ ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်ရမယ်။ တိုးတက်မှုရှိအောင် လုပ်ရမယ်။ ပထမဦးဆုံးအနေနဲ့ လုပ်ချင်တဲ့ စိတ်လည်းရှိရမယ်။ ကလေးတွေ အားလုံးကြိုးစားရမယ်။ ကြိုးစားရမယ်ဆိုတာ အထူးသဖြင့် နောက်တစ်ခါ မဖြစ်အောင် ကိုယ့်ဘဝမှာ ကိုယ်ဘယ်လိုနေမလဲဆိုတာ ကိုယ့်ကိုယ်ကိုယ် စဉ်းစားရမယ်။ ဂေဟာက ဆရာ ဆရာမတွေက တတ်နိုင်သလောက် ကူညီမှာပဲ။ လူကလည်း သိပ်များတယ်။ ၁၅၀ ကျော် ရည်မှန်းပြီး တည်ထောင်ခဲ့တာ အခု လူက ၄၀၀ ကျော် ဖြစ်နေတယ်။ ၄၀၀ ကျော်ဖြစ်နေတော့ ကိုယ်ကိုယ်တိုင် ဝင်ပြီးကူညီရမယ်။ ဒီလိုဂေဟာတွေမှာ အုပ်ချုပ်တယ်ဆိုတာက လူငယ်တွေကို ဒဏ်ပေးဖို့မဟုတ်ဘူး။ လူငယ်တွေကို ကူညီဖို့။ အများက ဒီလိုဂေဟာတွေ ဖွင့်တယ်ဆိုတာ ဒဏ်ပေးတယ်လို့ စိတ်ထဲမှာ ရှိကြတယ်။ အဲဒီလိုဒဏ်ပေးတယ်ဆိုတာ စိတ်ထဲမှာ မထားပါနဲ့။ ငါတို့ကိုပြုပြင်ပေးဖို့ ငါတို့အတွက် ကြိုးစားပေးတာပဲလို့ အဲဒီလို လက်ခံပါ။

## တကယ်လုပ်ချင်တယ်ဆိုရင် လုပ်နိုင်

ဒီကို ကိုယ်ရောက်နေတဲ့ အချိန်မှာ ကိုယ်ရောက်နေတဲ့အခြေအနေနဲ့ ကိုယ့်ကိုယ်ကိုယ် အကောင်းဆုံးဖြစ်အောင်လုပ်ပါ။ နောက်ဆုံးကျတော့ ကိုယ့်ကို အကူအညီပေးနိုင်တဲ့သူက ကိုယ်ကိုယ်တိုင်ပဲဖြစ်တယ်။ တခြားသူက ဘယ်လောက် ကြိုးစားကြိုးစား ကိုယ်ကိုယ်တိုင်လောက် မကူညီနိုင်ဘူး။ ကိုယ့်စိတ်ထဲမှာ ကိုယ့်ကိုယ်ကိုယ် ဖြစ်စေချင်တဲ့စိတ်၊ ကိုယ့်ကိုယ်ကိုယ် ကူညီချင်တဲ့စိတ် ယုံကြည်မှုရှိရမယ်။ ဒါကိုလုပ်နိုင်တယ်ဆိုတာ ယုံကြည်မှုရှိရမယ်။ အဲဒါတော့ သတိထားကြပါ။ ကြိုးစားကြပါ။ လူတိုင်းလူတိုင်းဟာ တကယ်ပဲ လုပ်ချင်တယ်ဆိုရင် လုပ်နိုင်ပါတယ်။ တကယ်ဆန္ဒရှိတယ်ဆိုရင် မလုပ်နိုင်စရာအကြောင်း မရှိဘူး။ ကြိုးတော့ ကြိုးစားရပါမယ်။ လွယ်လွယ်နဲ့တော့ရမှာ မဟုတ်ပါဘူး။ ကိုယ်ဘာလုပ်ချင်သလဲဆိုတာ လုပ်နိုင်အောင် ကြိုးစားရမယ်။ ကိုယ်တစ်ခုခု လုပ်ချင်ပြီဆိုရင် ကိုယ့်ဘဝမှာ လုပ်ချင်တဲ့ကိစ္စအောင်မြင်တဲ့ နည်းအမျိုးမျိုးနဲ့ လျှောက်လှမ်းပြီး အချိန်ယူရမယ်။ အဲဒါကြောင့် ကြိုးစားကြပါ။ ဒီမှာရောက်နေတဲ့ ကလေးတွေ၊ ကျွန်မတို့ရဲ့ ကလေးတွေဟာ ကိုယ့်ဘဝကို ကိုယ်တိုင်ပြုပြင်လို့ရတယ်ဆိုတာ ယုံကြည်ချက်ရှိဖို့တော့လိုတယ်။

## ဖြစ်အောင်လုပ်မယ်ဆိုတဲ့ မာနရှိရမယ်

ကလေးတော်တော်များများက မူးယစ်ဆေးဝါးမှုတွေနဲ့ ရောက်လာတယ်လို့ နားလည်ပါတယ်။ မူးယစ်ဆေးဝါးဆိုတာ ကစားစရာကိစ္စလည်းမဟုတ်ဘူး။ စမ်းစရာကိစ္စလည်း မဟုတ်ဘူး။ တချို့တွေက မူးယစ်ဆေးဝါးကို မိတ်ဆွေတွေက လုပ်နေလို့ ကိုယ်လည်း ဘယ်လိုနေသလဲဆိုတာ စမ်းကြည့်တဲ့ သဘောမျိုး၊ ဒါ့အပြင် တစ်ယောက်ယောက်က မြူဆွယ်လို့၊ စိတ်ပါဝင်စားပြီး စမ်းကြည့်ချင်လို့။ အဲဒီလို စမ်းလိုက်တဲ့အခါ စွဲသွားတယ်။ စွဲသွားတဲ့အခါ ဆိုးကျိုးတွေက အများကြီးရှိတယ်။ ကိုယ်ဖြတ်ချင်ရင် ကိုယ့်ဘာသာကို စပြီး ကြိုးစားရမယ်။ မူးယစ်ဆေးဝါးကို အားကိုးတယ်ဆိုတာ စဉ်းစားကြည့်ရင် ကိုယ့်ကိုယ်ကိုယ် အားမကိုးဘူး။ ပြင်ပအရာတစ်ခုကို အားကိုးနေသလိုပဲ။ ပြင်ပက ကိစ္စတစ်ခုကို အားကိုးပြီးမှ ဒီဆေးလေးသောက်လိုက်မှ ငါစိတ်ချမ်းသာမယ်လို့ ထင်နေတယ်။ ကိုယ့်ကိုယ်ကိုယ် အားကိုးပါ။ ငါ့ကိုငါ တစ်ခုခုဖြစ်မြောက်အောင် လုပ်မယ်ဆိုတဲ့ အဲဒီမာနကတော့ ရှိရမယ်၊ အဲဒီယုံကြည်ချက်လည်း ရှိရမယ်။ စဉ်းစားစရာ ဘာမှမဟုတ်ပါဘူးဆိုပြီး ပစ်တော့မထားပါနဲ့။

စိတ်ကြွဆေးပြားတွေဟာ ဘိန်းဖြူလည်း မဟုတ်ဘူး။ နံပါတ်ဖိုးလည်း မဟုတ်ဘူး။ ဒါပေ့ါပေ့ါပဲ စဉ်းစားလို့ မရဘူး။ ဆေးဘက်ဆိုင်ရာ သုတေသနတွေ လုပ်တဲ့အခါ အထူးသဖြင့် အသက်အရွယ်ငယ်ငယ်နဲ့ စွဲသွားတဲ့ လူငယ်များဟာ ဒီဆေးပြားကိုဖြတ်ပြီး ဆိုးကျိုးတွေက တော်တော်ခံရတယ်။ အခုထက်ထိ ကုသနည်းလည်း မရှိဘူး။ ဒါကြောင့်မို့ ကိုယ့်ကိုယ်ကို မနှိပ်စက်ပါနဲ့။ မူးယစ်ဆေးဝါးသုံးစွဲတယ်ဆိုတာ တကယ်တော့ ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးလိုက်တာပဲ။ ကိုယ့်ကိုယ်ကိုယ် နှိပ်စက်ရုံတင်မကဘူး၊ ပတ်ဝန်းကျင်နဲ့လည်း ပြဿနာဖြစ်သလို ပတ်ဝန်းကျင်နဲ့လည်း ဆိုင်သွားတယ်။ ဒါကြောင့်မို့ ဒါကို ဂရုစိုက်စေချင်တယ်။

## ကြိုးစားနိုင်တဲ့အခွင့်အရေးတွေ ပြန်ပြီးရ

မူးယစ်ဆေးဝါးနဲ့ပတ်သက်ပြီး ရာဇဝတ်မှုတွေက ဆက်လာတယ်။ မူးယစ်ဆေးဝါးအတွက် ပိုက်ဆံလိုတဲ့အခါကျတော့ ခိုးမယ်၊ လုမယ်။ ဒီဟာတွေကနေပြီးတော့ အကျိုးဆက်တွေက ပြစ်ဒဏ်ကျတယ်။ ကိုယ့်ဘဝကို အများကြီးထိခိုက်တယ်။ ကိုယ့်ဘဝကို ပြန်ပြီးတော့ ပြင်ချင်တယ်ဆိုရင်၊ ပြန်ပြီးပြုပြင်မယ်ဆိုရင် အချိန်မရွေးပြုပြင်လို့ရတယ်။ အခုဒီအချိန် ဒီအခါမှာ တစ်စက္ကန့်လေးမှာ အခုပြင်မယ်ဆိုတဲ့ ဆန္ဒနဲ့ စိတ်ကိုပိုင်းဖြတ်လိုက်မယ်ဆိုရင် လုပ်လို့ရတယ်။ ဒါနဲ့မစရင် ပြင်လို့မရဘူး။ နောက်တစ်ခုက ငါဘာလုပ်မယ်ဆိုတဲ့ အဓိဋ္ဌာန်ချပြီး မထိန်းနိုင်လို့ ကိုယ်ရည်ရွယ်တဲ့အတိုင်း မဖြစ်ဘူးဆိုရင်လည်း စိတ်ဓာတ်မကျနဲ့။ နောက်တစ်ခေါက်ထပ်ပြီး ကြိုးစားရမယ်။ ကြိုးစားနိုင်တဲ့အခွင့်အရေးတွေက ပြန်ပြီးပြန်ပြီးရတယ်။ ကိုယ်အသက်ရှင်နေသရွေ့ အခွင့်အရေးတွေက နေ့တိုင်းနေ့တိုင်း မဟုတ်ဘူး။ တစ်စက္ကန့်တိုင်း တစ်စက္ကန့်တိုင်း ပြန်ပြီးရတယ်။ တစ်ခါမအောင်မြင်လို့ စိတ်မလျှော့နဲ့။ တစ်ခါမအောင်မြင်ရင် နောက်တစ်ခါ အောင်မြင်အောင် ဘယ်လိုလုပ်မယ်ဆိုတဲ့ စိတ်နဲ့ လုပ်ရမယ်။ အဲဒီလိုလုပ်မှ အောင်မြင်မှာဖြစ်ပါတယ်။

ဘဝဆိုတာ ကြိုးစားရုန်းကန်ခြင်းပဲ။ ကြိုးစားရတာ၊ ရုန်းကန်ရတာကို ငြီးငွေ့ပါတယ်လို့မထင်နဲ့။ ကြိုးစားမှုနဲ့ ရုန်းကန်ရင်းနဲ့ ကိုယ့်အရည်အချင်းတွေ ပိုတက်လာတယ်။ ကိုယ့်ပတ်ဝန်းကျင်ကိုလည်း ကူညီနိုင်တယ်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သန်လျင်လူငယ်သင်တန်းကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်

စာမျက်နှာ ၃ မှ

လူငယ်တွေမှာ ဘယ်လိုမှတန်ဖိုးဖြတ်လို့မရတဲ့ အင်အားတစ်ခုရှိတယ်။ အဲဒါဘာလဲဆိုတော့ အချိန်ပဲ။ လူငယ်တွေက အချိန်ရှိတယ်။ ဆယ်နှစ်၊ ဆယ့်ငါးနှစ်၊ ဆယ့်ခြောက်နှစ် ရှေ့မှာနေဖို့ အချိန်တွေအများကြီး ရှိသေးတယ်။ အသက်ကြီးလာရင် ဥပမာ အသက်ရှစ်ဆယ်၊ ကိုးဆယ်ဆိုရင် ရှေ့မှာအချိန်က သိပ်မရှိတော့ဘူး။ ကိုယ်ဘာပဲလုပ်ချင်လုပ်ချင် ဘာပဲပြုပြင်ချင် ပြုပြင်ချင် ပြုပြင်ဖို့အချိန်၊ လုပ်ဖို့ အချိန်နည်းသွားပြီ။ လူငယ်တွေမှာတော့ အချိန်ဆိုတာ ကိုယ်ရဲ့အင်အားပဲ။ ကိုယ်ရဲ့ အဓိကအင်အားကို အလွဲသုံးစား မလုပ်ပါနဲ့။ အချိန်ကို ကောင်းကောင်းသုံးပါ။ ကိုယ့်ဘဝ ရပ်တည်နိုင်ဖို့အတွက်သုံးပါ။ ပထမ ကိုယ့်ဘဝမှာ ကောင်းကောင်းမွန်မွန် ရပ်တည်နိုင်မှ ကိုယ့်ပတ်ဝန်းကျင်ကိုလည်း ကူညီနိုင်မှာပါ။ တချို့မိသားစုတွေအနေနဲ့ အချိန်က လွယ်ကူတာမဟုတ်ဘူး။ တစ်နေ့တစ်ချိန်မှာ ကိုယ့်မိသားစုကို ကူညီချင်တယ်ဆိုတဲ့ စိတ်ဓာတ်မွေးဖို့ အရေးကြီးပါတယ်။ လူတွေဟာ လောကကြီးမှာ တစ်ယောက်တည်း မရပ်တည်နိုင်ဘူး။ ဘယ်သူမှ တစ်ယောက်တည်း နေလို့မရဘူး။ ကိုယ့်မှာပတ်ဝန်းကျင်လိုတယ်။ ကိုယ့်မှာ အသိုင်းအဝိုင်းလိုတယ်။ ကိုယ်တစ်ယောက်တည်းအတွက် စဉ်းစားလို့မရဘူး။ ဘေးကနေ ပံ့ပိုးပေးရမယ်။ ကိုယ့်ဘက်က ဘာမှပြန်မပေးဘူးဆိုရင် အဓိပ္ပာယ်မရှိဘူး။ ကလေးတွေကိုလည်း ကြိုးစားစေချင်တယ်။

### ဘာပဲလုပ်လုပ် ဖြောင့်မတ်ရိုးရိုးသားသားလုပ်

အခုဒီလာတဲ့အခါမှာ တချို့ကလေးတွေကို ဘာလိုအပ်ချက်ရှိသလဲလို့ မေးတော့ တချို့က ဘာမှမရှိပါဘူးလို့ပြောတယ်။ လိုအပ်ချက်ဆိုတာရှိမှာပေါ့။ လိုအပ်ချက်တွေရှိတဲ့အခါမှာ ဆရာ ဆရာမတွေနဲ့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးတတ်အောင်၊ ဆွေးနွေးနိုင်အောင်လို့လည်း ကိုယ့်ကိုယ်ကိုယ်လေ့ကျင့်ယူရမယ်။ ဒါပေမယ့် ကိုယ့်ရဲ့လိုအပ်ချက်၊ ကိုယ့်ရဲ့ တောင်းဆိုချက်တွေကလည်း ကျိုးကြောင်းဆီလျော်ရမယ်။ ကောင်းကျိုးရှိမယ့် လိုအပ်ချက်တွေ၊ တောင်းဆိုချက်တွေ ဖြစ်ရမယ်။ တချို့ဟာတွေက တောင်းတာကတော့ ရိုးရိုးပါ။ ရည်ရွယ်ချက်က ရိုးချင်မှရိုးမယ်။ အဲဒီလို မလုပ်ပါနဲ့။ ဘာပဲလုပ်လုပ် ဖြောင့်ဖြောင့်မတ်မတ် ရိုးရိုးသားသားလုပ်တာ အကောင်းဆုံးပါပဲ။ ဖြောင့်မတ်တဲ့၊ ရိုးသားတဲ့နည်းနဲ့ ရှေ့ကိုတက်ဖို့၊ ကိုယ့်ကိုယ်ကိုယ် ပြုပြင်ဖို့၊ ကိုယ့်အောင်မြင်မှုရဖို့၊ တိုးတက်ဖို့ အဲဒါတော့ ကြိုးစားစေချင်တယ်။ စိတ်ဓာတ်မကျပါနဲ့။ လူငယ်တွေမှာ အချိန်ဆိုတဲ့ လက်နက်တစ်ခုရှိတယ်။ ဒီလက်နက်ကို မှန်မှန်ကန်ကန်သုံးမှ ကိုယ့်အတွက် အရာရောက်မှာ ဖြစ်ပါတယ်။ ဒီအချိန်တွေကို မဖြုန်းပစ်လိုက်ပါနဲ့။

ဒီမှာရှိတဲ့အချိန်ကနည်းတယ်။ ၆ လကနေ တစ်နှစ်ခွဲ။ အကြာဆုံးဒီမှာရှိတာက တစ်နှစ်ခွဲ။ တစ်နှစ်ခွဲဆိုတာ အချိန်သိပ်မများဘူး။ တစ်နှစ်ခွဲအတွင်းမှာဆိုရင် လူတစ်ယောက်ကို လုံးဝပြောင်းလဲသွားအောင် လုပ်ဖို့ဆိုတာ လွယ်တာမဟုတ်ဘူး။ ၆ လအောက်မှာဆိုရင်သာတောင်မှ ခက်ခဲတယ်။ ဒီလိုဂေဟာတွေရဲ့ အဓိကရည်ရွယ်ချက်ကတော့ ကလေးများ နောက်ထပ်ပြဿနာမဖြစ်အောင်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

စိတ်ပိုင်းဆိုင်ရာကနေစပြီး ပြောင်းလဲပေးဖို့ပဲ။ ၆ လ လောက်တောင်မှ မရှိတဲ့အချိန်ဆိုတာ ဆယ်ကျော်သက် လူငယ်တစ်ယောက်ရဲ့ စိတ်ကို လုံးဝပြောင်းသွားအောင်လုပ်ဖို့ ဆိုတာ မလွယ်ဘူး။ ဒါပေမယ့် ကိုယ်က ကြိုးစားမယ်၊ ကိုယ်ကလည်း ပူးပေါင်းပြီးတော့ ဆောင်ရွက်မယ်ဆိုရင် ဒီမှာ တိုးတက်မှုတော့ ရှိနိုင်တယ်။ လုံးဝပြောင်းသွားတာ မဟုတ်တောင်မှ၊ လုံးဝအောင်မြင်သွားအောင် မဟုတ်ရင်တောင်မှ တိုးတက်မှုတော့ ရှိနိုင်တယ်။ အဲဒီတော့ တိုးတက်မှုရှိအောင် ကြိုးစားပါ။

ကလေးငယ်တွေကြည့်လိုက်၊ နေ့တိုင်းနေ့တိုင်း ထမင်းနည်းနည်းစားတယ်။ ဒီထမင်းသုံးနပ် စားရင်းစားရင်း တဖြည်းဖြည်းကြီးထွားလာတယ်။ ဒီအတိုင်းပဲ ကိုယ့်စိတ်ကိုပြုပြင်တာလည်း နေ့တိုင်းနေ့တိုင်း နည်းနည်းနည်းနည်း ပြုပြင်ခြင်းနဲ့ ကြီးကြီးမားမား ပြုပြင်မှုတွေ ရလာလိမ့်မယ်။ နေ့တိုင်းနေ့တိုင်း ကြိုးစားရမယ်။ ဒီတစ်နေ့လုပ်တာနဲ့ မပြီးသေးဘူး၊ နောက်တစ်နေ့ ပြန်မကြိုးစားနိုင်ဘူးဆိုရင် တစ်နေ့ထမင်းစားတာနဲ့ ပြီးရောဆိုပြီး နေနိုင်လို့လား။ နေမှမနေနိုင်တာပဲ။ ဒီလိုပဲ ကလေးတွေကြိုးစားပါ။ ဆရာ ဆရာမတွေကို ကူညီပါ။ ဒီက ဝန်ထမ်းတွေက နည်းပါတယ်။ ၁၆ ယောက်ရှိပါတယ်။ တကယ်တော့ ရှိရမှာက ၂၄ ယောက်။ ၂၄ ယောက်ကလည်း လုံလောက်တာမဟုတ်ဘူး။ ထပ်ပြီးတော့ တတ်နိုင်သမျှ ဖြည့်ပေးမယ်။ ဒါမှ ပိုပြီးတော့ ကလေးတွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်အောင်လို့ပါ။

သို့သော်ငြားလည်း ကိုယ်ကိုယ်တိုင်ကလည်း ကူညီပေးဖို့လိုတယ်။ ကိုယ်ကိုယ်တိုင်ကူညီပေးခြင်းအားဖြင့် ကိုယ့်အတွက်လည်း အများကြီးကောင်းတယ်။ ကိုယ့်အရည်အချင်းတွေလည်း တက်လာမယ်။ ကိုယ့်ဂေဟာရဲ့ အလုပ်တွေလည်း ပိုပြီးတော့ကောင်းလာမယ်။ အဲဒါကြောင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုလည်းရှိရမယ်။ တာဝန်ယူချင်တဲ့ စိတ်ဓာတ်လည်း ရှိရမယ်။ ငါ့မှာလည်း တာဝန်ရှိတယ်။ ငါ့အတွက် ငါလုပ်ဖို့လည်း တာဝန်ရှိတယ်။ ငါ့ပတ်ဝန်းကျင်အတွက် ငါလုပ်ဖို့လည်း တာဝန်ရှိတယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ လုပ်စေချင်ပါတယ်။ ကလေးတွေ လိုအပ်ချက်တွေကို ပွင့်ပွင့်လင်းလင်း ဆရာ ဆရာမတွေကို ပြောနိုင်အောင်လို့လည်း ကြိုးစားစေချင်တယ်။ ဒါက ဆရာ ဆရာမတွေကလည်း သဘောတူချင်မှ တူမှာပါ။ ဒါပေမယ့် ဘယ်လိုပဲပြောပြော ဆွေးနွေးလို့ရတယ်။ ကျွန်တော်တို့က ဒါလိုချင်ပါတယ်။ ဆရာ ဆရာမတွေက ဘာကြောင့် ဘာ့ကြောင့် မပေးနိုင်ဘူးဆိုတာလည်း ရှင်းပြနိုင်ရမယ်။

အဲဒီတော့ တတ်နိုင်တဲ့ဘက်ကလည်း ဖြည့်ဆည်းပေးမယ်။ နောက်ပြီး ဒီနေရာကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနဲ့ ဆွေးနွေးနေတာက ဒီမှာဆိုရင် ကလေးတွေအတွက် အားကစားလုပ်ဖို့ နေရာမရှိဘူး။ အားကစားဆိုတာ ကိုယ်လက်လှုပ်ရှားခြင်းဆိုတာ ကိုယ့်ရဲ့စိတ် ကြည်လင်တယ်။ နောက်ပြီး ကျန်းမာရေးနဲ့လည်း ကိုက်ညီတယ်။ အဲဒါတွေ လုပ်နိုင်ဖို့အတွက်လည်း နေရာရှာနေပါတယ်။ ဒီလိုနေရာမှာဆိုရင်တော့ ဘောလုံး ကန်ဖို့တောင်နေရာမရှိဘူး။ ဘောလုံးကန်ဖို့တောင် နေရာမရှိဘူးဆိုတော့ ကလေးတွေအတွက် မလုံလောက်ဘူးလို့ပဲ ပြောရမှာပါ။ ဒါတွေကတော့ တစ်ဖက်က နေပြီး ကြိုးစားပေးမယ်။ တစ်ဖက်ကနေပြီး ဒီမှာအခုရှိနေတဲ့ ကလေးတွေ ကိုယ့်ကိုယ်ကိုယ်ကို ကူညီဖို့၊ ကိုယ့်ဘဝအတွက် တာဝန်ယူနိုင်ဖို့ ကြိုးစားပါ။ လူတိုင်းလူတိုင်းဟာ ကိုယ့်ဘဝအတွက် တာဝန်ယူနိုင်ရမယ်။ ကိုယ်တာဝန်မယူလို့ ဘယ်သူက ယူပေးမှာလဲ။ အဲဒါကို ကလေးအငယ်လေးကစပြီး စဉ်းစားစေချင်တယ်။

### ငါ့ဘဝအတွက် ငါတာဝန်ယူမယ်

ကိုယ့်ဘဝအတွက် ကိုယ်တာဝန်ယူတယ်ဆိုတာ ကိုယ်ကျက်ရမယ့် စာကိုကျက်တာလည်း ကိုယ့်ဘဝအတွက်ကိုယ် တာဝန်ယူတာပဲ။ ကိုယ်စားရမယ့် အစားကိုစားရတာလည်း ကိုယ့်ဘဝအတွက်ကိုယ် တာဝန်ယူတာပဲ။ ကိုယ်လုပ်ရမယ့် ကိစ္စတွေကို လုပ်တာကလည်း ကိုယ့်ဘဝအတွက် တာဝန်ယူတာပဲ။ အဲဒီတော့ ကိုယ့်ဘဝအတွက် တာဝန်ယူပါ။ ကိုယ့်ဘဝအတွက် တာဝန်မယူရင် သူများက ကိုယ့်ရဲ့ဘဝကို ချုပ်ကိုင်ထားရင် မကောင်းတော့ဘူး။ လူအများချုပ်ကိုင်ထားတဲ့ ဘဝဆိုတာ သာယာတဲ့ဘဝလည်း မဟုတ်ဘူး။ လွတ်လပ်တဲ့ ဘဝလည်းမဟုတ်ဘူး။ အဲဒါကို သေသေချာချာ လေးလေးနက်နက် စဉ်းစားပါ။ ငါ့ဘဝအတွက် ငါတာဝန်ယူမယ်။ ငါ့ဘဝကို ငါလိုချင်တဲ့ ပုံစံဖြစ်အောင် ငါသွင်းမယ်ဆိုတဲ့ သတ္တိရှိရမယ်။ သတ္တိလိုတယ်။

အလုပ်တစ်ခုလုပ်ဖို့ဆိုတာ လုပ်မယ်ဆိုပြီးတော့ ပေါ့ပေါ့တန်တန် ပြောလို့မရဘူး။ ဒါကြောင့်မို့လို့ လူငယ်တွေနဲ့ ပြောတဲ့အခါ ကြုံတုန်း ဝီရိယအကြောင်း ပြောရတယ်။ ဝီရိယဆိုတာ ကိုယ့်အင်အားထုတ်ပြီး အလုပ်တစ်ခုဖြစ်အောင် ကြိုးစားမှုပါ။ ဝီရိယဆိုတာ လေးဆင့်ရှိတယ်ဆိုတာ ခဏခဏ လူငယ်တွေကို သတိပေးရတယ်။ ပထမအဆင့်က ဘာလဲဆိုတော့ အလုပ်တစ်ခုကို လုပ်မယ်ဆိုပြီးတော့ စိတ်ထဲမှာ ရည်ရွယ်လိုက်တာ။ ဒါက ရည်ရွယ်တာပဲ ရှိသေးတယ်။ မဖြစ်သေးဘူး။ ဒုတိယအဆင့်က ဒီအလုပ်ကို စပြီးလုပ်တာ။ ဒါပေမယ့် ဒီအလုပ်ကိုစပြီး လုပ်ပေမယ့် ဘယ်လောက်အထိ လုပ်သလဲဆိုတာ တတိယအဆင့်မှာပေါ်မယ်။ အခက်အခဲနဲ့ ရင်ဆိုင်ရတဲ့အခါကျရင်လည်း ဆက်ပြီးလုပ်တာဟာ တတိယအဆင့် ဝီရိယရှိတယ်လို့ ဆိုလိုတယ်။ ဒါပေမယ့် အဆင့်အမြင့်ဆုံးက ဘာလဲဆိုတော့ ရှုံးနိမ့်မှုနဲ့ ရင်ဆိုင်ရရင်တောင်မှ ပြန်ပြီးစပြီးတော့ လုပ်ရဲတဲ့သတ္တိ၊ ပြန်ပြီးစပြီးတော့ ထုတ်နိုင်တဲ့အင်အား ဒါဟာအမြင့်ဆုံးဝီရိယပဲ။ ကိုယ့်ဘဝကို ဆောက်တည်တဲ့နေရာမှာတော့ ဝီရိယရှိပါ။ စပြီးတော့ တစ်ခုခုကို လုပ်မယ်ဆိုရင် ဆုံးဖြတ်လိုက်။ ဆုံးဖြတ်တဲ့အတိုင်း လုပ်။ အခက်အခဲတွေ တွေ့ရင်လည်း ကျော်လွှား။ ဒီအခက်အခဲတွေက ပိုပိုကြီးလာပြီးတော့ ခက်ခဲရုံတင်မက ဆုံးရှုံးမှုကြီးကို ဖြစ်ရင်လည်း စိတ်ဓာတ်မကျနဲ့ စတုန်းကတည်းက စလာတာပဲ။ အခုလည်း ပြန်ပြီးတော့ စမယ်ဆိုပြီး ပြန်ကြိုးစားချင်တဲ့ စိတ်ဓာတ်တွေ မွေးပါ။

ထပ်ပြီးပြောမယ် ကိုယ့်တာဝန် ကိုယ်ယူပါ။ ကိုယ့်ဘဝဟာ လူအများလက်ထဲမရောက်စေနဲ့။ သက်မဲ့ပစ္စည်းတွေရဲ့ လွှမ်းမိုးမှုအောက်မှာလည်း မရောက်သွားပါစေနဲ့။ အဲဒါဆိုရင် လူဖြစ်ရကျိုးမနပ်ဘူး။ လူဖြစ်ရကျိုးမနပ်ဘူးဆိုတာ လူဖြစ်ရပြီးမှ ကိုယ့်ဘဝအတွက် ကိုယ်တာဝန်မယူနိုင်တာဟာ လူဖြစ်ရကျိုးမနပ်တာပဲ။ လူတိုင်းလူတိုင်းဟာ ကိုယ့်ဘဝအတွက် ကိုယ်တာဝန်ယူနိုင်တယ်။ အဲဒါကို လုပ်ချင်တဲ့စိတ် ရှိဖို့ပဲလိုတယ်။ စပြီးလုပ်ရဲတဲ့ သတ္တိရှိဖို့ပဲလိုတယ်။ ဘယ်လိုပဲ အခက်အခဲရှိရှိဆက်ပြီးတော့ လုပ်နိုင်တဲ့ဝီရိယလည်း ရှိဖို့လိုတယ်။ အဲဒီတော့ ကလေးတွေ ကြိုးစားပါ။ လိုအပ်တာတွေရှိရင် တင်ပြပါ။ အကြံပြုဖို့ စာပုံးလေးတွေထားပြီး အဲဒီအထဲမှာ အကြံပြုချက်တွေကို စာရေးပြီးထည့်လို့ ရပါတယ်။ ဒါပေမယ့် အဲဒီလို အကြံပြုချက်တွေ လုပ်တယ်ဆိုရင် ကောင်းကောင်းမွန်မွန်လုပ်ပါ။ ယဉ်ယဉ်ကျေးကျေးလုပ်ပါ။ လူတိုင်းလူတိုင်းရဲ့ တန်ဖိုးဟာ ကိုယ်ဘယ်လောက်ယဉ်ကျေးသလဲ၊ ကိုယ်ဘယ်လောက် သိမ်မွေ့သလဲအပေါ်မှာ မူတည်တယ်။ တချို့ကတော့ ကြမ်းကြမ်းတမ်းတမ်း ရိုင်းရိုင်းစိုင်းစိုင်း လုပ်နိုင်တာကို ကိုယ့်ရဲ့ အင်အားလို့ ခေါ်ကြတယ်။ အဲဒါအင်အား မဟုတ်ဘူး။ အဲဒါချို့ယွင်းချက်။ ဘာပဲပြောပြော ကိုယ်တောင်းဆိုစရာရှိရင်လည်း ယဉ်ယဉ်ကျေးကျေးတောင်းဆို။ ကိုယ့်ရဲ့တန်ဖိုးကို ကိုယ်သိပါ။ ငါတန်ဖိုးရှိတဲ့ သူ။ တန်ဖိုးရှိတဲ့သူပီပီ ပြောမယ်ဆိုမယ် နေမယ်ထိုင်မယ် အဲဒီလိုစိတ် ထားစေချင်တယ်။

### ကိုယ်ကြိုးစားမှ ကိုယ့်ဘဝမြှင့်တင်ပေးနိုင်

လူတိုင်းလူတိုင်းက တန်ဖိုးရှိတယ်။ လူတစ်ယောက်ဖြစ်လာဖို့ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်ဘူး။ တရားတော်တွေထဲမှာ ပါတယ်။ လူဖြစ်ဖို့ဆိုတာဟာ ဗြဟ္မာပြည်က အပ်တစ်ချောင်းက လူ့ပြည်ကို ကျလာပြီးတော့ လူ့ပြည်က အပ်တစ်ချောင်းနဲ့ ထိဖို့ဆိုတာမှ လွယ်သေးတယ်။ လူ့ဘဝကိုရဖို့ဆိုတာ ဒါထက်ပိုခက်တယ်။ ခက်ခက်ခဲခဲနဲ့ရလာတဲ့ လူ့ဘဝကို တန်ဖိုးရှိရှိနဲ့ သုံးစေချင်တယ်။ အခုတစ်မနက်လာလိုက်တာနဲ့ ဂေဟာရဲ့အခက်အခဲတွေကိုလည်း တော်တော်များများ သိရတယ်။ ဘာတွေက လိုအပ်ချက်တွေ ရှိနေသလဲဆိုတာလည်း သိရတယ်။ တချို့တွေကတော့ ရေတိုအတွင်းမှာ ဖြေရှင်းပေးနိုင်တဲ့ ကိစ္စတွေရှိတယ်။ တချို့တွေကတော့ ရေတိုအတွင်းမှာ ဖြေရှင်းပေးလို့မရဘူး။ ရေရှည်အချိန်ယူရမယ်။ ဥပမာဆိုရင် ဒီဂေဟာကို နေရာပြောင်းဖို့ဆိုတာကတော့ ရေတိုအတွင်းမှာ မဖြစ်နိုင်ဘူး။ ဒါပေမယ့် ဝန်ထမ်းတွေ တော်တော်များများရဖို့ဆိုတာက ရေတိုအတွင်းမှာ ဖြစ်အောင်လို့ လုပ်ပေးမယ်။ တခြားကိစ္စတွေမှာလည်း ရေတိုအတွင်းမှာ ကလေးတွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်တာကို ဖြည့်ဆည်းပေးမယ်။ ရေရှည်အချိန်ယူရမယ့်ဟာကတော့ အချိန်ယူရမှာပဲ။ နောက်ဆုံးအနေနဲ့ ဒီကလေးတွေက စာကြိုးစားတယ်လို့ ပြောတယ်။ နောက်ပြီးတော့ ဖြစ်ဖြစ်မြောက်မြောက် ရှိတယ်ဆိုလို့ ဝမ်းသာတယ်။ ဂုဏ်ယူတယ်။ ဒီလိုပဲ ကြိုးစားရမယ်။ ကိုယ်ကြိုးစားမှပဲ ကိုယ့်ဘဝကို မြှင့်တင်ပေးနိုင်မှာ ဖြစ်တယ်။ ကလေးတွေရဲ့ ကြိုးစားမှုတွေကို ဆက်ပြီးတော့ ကြိုးစားပါ။ ကိုယ့်ဘဝကို တစ်နေ့နေ့ တစ်ချိန်ချိန် ပိုပြီးတော့ ကောင်းလာအောင်လုပ်နိုင်တဲ့ ကလေးတွေ ဖြစ်ပါစေလို့ ဆုတောင်းမေတ္တာပို့ပါတယ်”ဟု ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် သန်လျင်လူငယ်သင်တန်းကျောင်းသို့ ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းရာ

စာမျက်နှာ ၆ သို့

“ကိုယ့်ဘဝအတွက် တာဝန်ယူပါ။ ကိုယ့်ဘဝအတွက် တာဝန်မယူရင် သူများက ကိုယ့်ရဲ့ဘဝကို ချုပ်ကိုင်ထားရင် မကောင်းတော့ဘူး။ လူအများချုပ်ကိုင်ထားတဲ့ဘဝဆိုတာ သာယာတဲ့ဘဝလည်း မဟုတ်ဘူး။ လွတ်လပ်တဲ့ ဘဝလည်းမဟုတ်ဘူး။ အဲဒါကို သေသေချာချာ လေးလေးနက်နက်စဉ်းစားပါ။ ငါ့ဘဝအတွက် ငါတာဝန်ယူမယ်။ ငါ့ဘဝကို ငါလိုချင်တဲ့ ပုံစံဖြစ်အောင် ငါသွင်းမယ်ဆိုတဲ့ သတ္တိရှိရမယ်။ သတ္တိလိုတယ်”

*✻ ရှေ့ဖုံးမှ*

တေးသံရှင် ကယန်းတိုင်းရင်းသူ နော်ဂူဂူးက သီဆို၍ ကယားတိုင်းရင်းသားလူငယ်များနှင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ မြန်မာနိုင်ငံ ဂုဏ်တော်ချီးမွမ်းခြင်း ကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက တီးမှုတ် သီဆို ဖျော်ဖြေကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးယောဆက်၊ ကယားပြည်နယ် တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးထွန်းကျော် တို့က သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀ အခမ်းအနားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြသည်။

**ဒုတိယအကြိမ် ကျင်းပ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကားပြောကြား ရာတွင် "ဒီနေ့ ကျင်းပတဲ့ "သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀" ဟာ မြန်မာနိုင်ငံရဲ့ တောတောင်ရေမြေအလှနဲ့ ယဉ်ကျေးမှု ဓလေ့ထုံးစံတွေ တန်ဖိုးထားထိန်းသိမ်းလာစေဖို့၊ တိုင်းရင်း သားများရဲ့ ရိုးရာအဝတ်အထည်များ၊ ဒေသထွက်ကုန်များကို မြန်မာနိုင်ငံတွင်သာမက အခြားနိုင်ငံများမှာပါသိရှိပြီး ကျွန်မတို့ရဲ့ နိုင်ငံတကာဈေးကွက်များဆီသို့ တင်ပို့နိုင်ဖို့နဲ့ ငြိမ်းချမ်းရေးကို အထောက်အကူပြုနိုင်မယ်စတဲ့ ရည်ရွယ် ချက်များနဲ့ တိုင်းရင်းသားလူမျိုးများရဲ့ ရိုးရာယဉ်ကျေးမှုနဲ့ ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ"အခမ်းအနားကို ဒုတိယအကြိမ် ကျင်းပတာ ဖြစ်ပါတယ်။ အဓိကအားဖြင့် ကယားရိုးရာတံခွန်တိုင် အကပွဲတော်အဖြစ် ကျင်းပတာ ဖြစ်ပါတယ်။

**ပြုစုပျိုးထောင်**

မနှစ်တုန်းက ကချင်ကို အဓိကထားပြီး ကျင်းပခဲ့ပါ တယ်။ ကျွန်မတို့ဒီလိုပဲ နှစ်တိုင်းနှစ်တိုင်း တိုင်းရင်းသား လူမျိုးတစ်စုစီတစ်စုစီကို ကျွန်မတို့ ဦးစားပေးပြီး ကျင်းပ သွားမယ်လို့ ကျွန်မနားလည်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ တိုင်းရင်းသားလူမျိုးစုပေါင်း ၁၀၀ ကျော်နဲ့ ပေါင်းစည်း တည်ဆောက်ထားတဲ့ နိုင်ငံဖြစ်ပါတယ်။ တိုင်းရင်းသား အချင်းချင်း အေးအတူပူအမျှ အပြန်အလှန်အမှီသဟဲ ပြုပြီး စဉ်ဆက်မပြတ် နေထိုင်ခဲ့ကြတဲ့ သမိုင်းတစ်လျှောက် ဂုဏ်တင့်ထည်ဝါမယ့် ပြည်ထောင်စုကြီးကို ကျွန်မတို့ အားလုံး ဖြူစင်တဲ့စေတနာ၊ ထက်မြက်တဲ့စိတ်ဓာတ်တွေနဲ့ ပြုစုပျိုးထောင်ကြရမှာ ဖြစ်ပါတယ်။

တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးဟာ ပြည်ထောင်စုသားချင်းများ ဖြစ်ပါတယ်။ ပြည်ထောင်စု စိတ်ဓာတ်နဲ့သာ စည်းလုံးညီညွတ်မှုကို ရရှိစေမှာ ဖြစ်ပါ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးယောဆက်၊ ကယားပြည်နယ် တိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးထွန်းကျော်တို့က သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀ အခမ်းအနားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြစဉ်။ သတင်းစဉ်

တယ်။ ပြည်ထောင်စုအတွင်းမှာ မတူညီတဲ့လူမျိုး၊ မတူတဲ့ ဘာသာစကား၊ မတူတဲ့ကိုးကွယ်မှုများ ရှိလင့်ကစား၊ စည်းလုံးညီညွတ်စွာနေရေးကို ဦးတည်ကြရပါမယ်။ ကျွန်မ တို့အားလုံးဟာ ပြည်ထောင်စုသားချင်းများ ဖြစ်တာနဲ့ အညီ ဒီပြည်ထောင်စု၊ ဒီမြေ၊ ဒီရေကို ချစ်မြတ်နိုးပြီး ငြိမ်းချမ်းရေး၊ ညီညွတ်ရေး၊ တိုးတက်ဖွံ့ဖြိုးမှုနဲ့ သာယာ ခိုင်မာတဲ့ ပြည်ထောင်စုတစ်ခု တည်ဆောက်ရေးကို တန်ဖိုး ထားကြဖို့က အင်မတန်မှ အရေးကြီးပါတယ်။

**အချင်းချင်းရိုင်းပင်းကူညီ**

ဒီနေ့အချိန်အခါဟာ ကျွန်မတို့နိုင်ငံမှာ တိုင်းရင်းသား များအားလုံး စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှု၊ ရိုင်းပင်းကူညီမှုများ ပိုမိုလိုအပ်လာတဲ့ အချိန်အခါလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုသားချင်းများ တစ်ဦး ချင်းစီရဲ့ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ၊ လုံ့လဝီရိယ၊ ရိုးသား ဖြောင့်မတ်မှုစတဲ့ အရည်အချင်းများ ပိုမိုမြင့်မား၊ ခိုင်မာလာ အောင် တည်ဆောက်ရမယ့်အချိန် ဖြစ်ပါတယ်။ ဒါ့အပြင် အချင်းချင်းရိုင်းပင်းကူညီမှု၊ ချစ်ခင်လေးစားမှုများကို အခြေခံပြီး ငြိမ်းချမ်းရေးကို အရယူနိုင်တဲ့ပုဂ္ဂိုလ်တွေ ဖြစ်စေချင်ပါတယ်။

ဒီလိုအချိန်မှာ အရောင်အသွေးစုံတိုင်းရင်းသားများ ပေါင်းစုပြီး တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်စေမယ့် ယခု ပွဲတော်ကို ကျင်းပကြတာ အင်မတန်မှ သင့်တော်အားရစရာ ဖြစ်ပါတယ်။

သဘာဝကြီးက လှပစွာဖန်ဆင်းပေးထားတဲ့ သဘာဝ ပတ်ဝန်းကျင်အလှများ၊ သယံဇာတများ၊ ရိုးရာအထည်များ အပါအဝင် ဒေသထွက်ကုန်များ၊ သစ်ဆန်းတီထွင်ဉာဏ်နဲ့ ခေတ်ပေါ်နည်းပညာများကို အခြေပြုပြီး ခရီးသွားလုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်စေရေး၊ ထွက်ကုန်များ အဆင့်မြှင့်တင် နိုင်ရေး၊ ပြည်တွင်းပြည်ပ ခရီးသွားများအတွက် ရပ်ရွာ အခြေပြု ခရီးသွားလုပ်ငန်းများ မြှင့်တင်နိုင်ရေး စသည် တို့ကို တစ်ဆင့်ထက်တစ်ဆင့် မြင့်မားတိုးတက်ရေးအတွက် ဆောင်ရွက်သွားနိုင်မယ်လို့ ယုံကြည်ပါတယ်။

နိဂုံးချုပ်ပြောချင်တာကတော့ ကျွန်မတို့သွေးချင်းလို့ ဆိုတဲ့အခါမှာ တူညီတဲ့သွေး၊ တူညီတဲ့သွေးဆိုတာ တကယ် တော့ ကျွန်မတို့သွေးကြောတွေထဲမှာ စီးဆင်းနေတဲ့ သွေးတွေကိုပြောတာ မဟုတ်ပါဘူး။ ကျွန်မတို့စိတ်ထဲကနေ စီးဆင်းနေတဲ့သွေးကို ပြောတာပါ။ ဆိုလိုချင်တာဟာ စိတ်ထဲက သဘောချင်းဟာ တူညီမှ၊ ကျွန်မတို့ဟာ တစ်စိတ် တည်းတစ်ဝမ်းတည်းဖြစ်မှ တကယ့်သွေးရင်းတွေ ဖြစ်နိုင် မှာပါ။ အကြောထဲမှာ စီးဆင်းနေတဲ့သွေးက ဘယ်လိုပဲတူတူ တစ်စိတ်တည်းတစ်ဝမ်းတည်းမဟုတ်ဘူးဆိုရင် ကျွန်မ တို့ကိုကျွန်မတို့ သွေးချင်းလို့ခေါ်နိုင်မှာ မဟုတ်ပါဘူး။ ဒီပြည်ထောင်စုကြီးကို ကြည့်လိုက်မယ်ဆိုရင် ကျွန်မတို့ ပြည်ထောင်စုကြီး ကျွန်မတို့နိုင်ငံဟာ ဘယ်လောက်လှပ သလဲ၊ ဘယ်လောက်ကို တန်ဖိုးထားစရာကောင်းသလဲ ဆိုတာ မြင်ကြမှာပါ။

**အားလုံးသတိပြုမိမှာဖြစ်**

စောစောက "မငြိမ်းချမ်းလို့မဖြစ်ဘူး" ဆိုတဲ့ သီချင်း ဆိုတဲ့အခါမှာ နောက်ခံပြသွားတဲ့ အကွက်တွေမှာဆိုရင် ကျွန်မတို့နိုင်ငံဟာ ဘယ်လိုရှိသလဲဆိုတာ အားလုံးသတိ ပြုမိမှာဖြစ်ပါတယ်။ သဘာဝတရားဟာအင်မတန်မှ လှပ ပါတယ်။ ဒါပေမယ့်လည်း ကျွန်မတို့လူတွေဖန်တီးတဲ့ ဒုက္ခတွေကြောင့်မို့လို့ အကျည်းတန်တဲ့အရာတွေလည်း

*စာမျက်နှာ ၆ သို့*



သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။ သတင်းစဉ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

သတင်းစဉ်

*စာမျက်နှာ ၅ မှ*

အများကြီးရှိနေပါတယ်။ ဒါတွေဖယ်ရှားဖို့ဆိုတာ ကျွန်မတို့အားလုံး တစ်စိတ်တည်း တစ်ဝမ်းတည်းနဲ့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့လုပ်မှ ဖယ်ရှားနိုင်မှာဖြစ်ပါတယ်။ အဲဒါအတွက်လည်း အားလုံးဦးတည်မယ်လို့ ကျွန်မမျှော်လင့်ပါတယ်။

### ကိုယ်တတ်နိုင်သလောက်လုပ်ပေး

တိုင်းပြည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြှင့်တင်နိုင်ဖို့အတွက်ဆိုရင် ဒီမိုကရေစီဖက်ဒရယ်ဖော်ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ဖို့ လိုအပ်နေတဲ့အချိန်မှာ တိုင်းရင်းသားပြည်သူအားလုံး မေတ္တာ၊ စေတနာ၊ ဆင်ခြင်တုံတရား၊ သတ္တိတို့နဲ့ ပူးပေါင်းဆောင်ရွက်ပေးစေချင်ပါတယ်။ ကျွန်မတို့နိုင်ငံကြီးကို လှပသာယာအေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအဖြစ် ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ဖို့အတွက် ပူးပေါင်းပါဝင်စေချင်ပါတယ်။ ဒီလို ပူးပေါင်းပါဝင်တဲ့နေရာမှာ ကျွန်မတို့အားလုံးဟာ တစ်ဦးချင်း တစ်ဦးချင်း ကိုယ်ဘာလုပ်ပေးနိုင်မလဲဆိုတဲ့ စိတ်ဓာတ်လည်း ပါဝင်စေချင်ပါတယ်။ ကျွန်မတို့တစ်ယောက်ချင်း တစ်ယောက်ချင်းဟာ ကိုယ်တတ်နိုင်သလောက် ဘယ်လောက်ပဲနည်းနည်း ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ထူထောင်ဖို့အတွက် ကျွန်မတို့နိုင်ငံမှာ စစ်မှန်တဲ့ ထာဝရတည်တံ့ခိုင်မြဲမယ့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ဖို့အတွက် အတတ်နိုင်ဆုံး နည်းနည်းလေး လုပ်ပေးမယ်ဆိုရင် ဒီနည်းနည်းလေး နည်းနည်းလေးတွေ ပေါင်းခြင်းအားဖြင့် အင်အားအများကြီး ကြီးလာပြီးတော့ ကျွန်မတို့ရဲ့ လိုချင်တဲ့ပန်းတိုင်ကို မကြာခင်ရောက်မယ်လို့ ကျွန်မယုံကြည်ပါတယ်။ ဒီယုံကြည်ချက်အတိုင်း ကျွန်မတို့ရဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနဲ့ စုစည်းပြီးတော့ ပြည်ထောင်စုမှာ ငြိမ်းချမ်းရေးရဖို့အတွက် ကျွန်မတို့ကြိုးစားနေပါတယ်။ ဒီကြိုးစားမှုကိုလည်း ဝိုင်းဝန်းပြီးတော့ ကူညီကြပါ။ ထောက်ခံကြပါ။ နှလုံးသားထဲကနေထောက်ခံပါ။ နှလုံးသားထဲကနေ ထောက်ခံရုံတင်မက ဉာဏ်ကိုသုံးပြီးတော့ ဘယ်လိုအောင်မြင်အောင်လုပ်မလဲဆိုတာ စဉ်းစားပေးပါ။ ဒီလိုထောက်ခံမှုနဲ့ စဉ်းစားဆင်ခြင်တုံတရားကို ပူးပေါင်းပြီးတော့ ကျွန်မတို့ လက်တွေ့ကျကျ ဒီနိုင်ငံတိုးတက်ဖို့အတွက်၊ အေးချမ်းဖို့အတွက်၊ ဖွံ့ဖြိုးဖို့အတွက် ထာဝရညီညီညွတ်ညွတ် သာယာတဲ့ပြည်ထောင်စုကြီးအဖြစ် တည်ရှိနိုင်ဖို့အတွက် အားလုံးကူညီပေးကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံရင်းနဲ့ နိဂုံးချုပ်ပါတယ်”ဟု ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးလဖိုင်ခွန်ဆာက သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀ ကျင်းပနိုင်သည့်အတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် 2020 Miss Myanmar Ethnic မှ လှပျိုဖြူလေးများက တိုင်းရင်းသားရိုးရာဝတ်စုံများဝတ်ဆင်၍ အလှပြဖျော်ဖြေတင်ဆက်ကြသည်။

### မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီးများ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများနှင့် လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် လည်းကောင်း၊ မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများနှင့်လည်းကောင်း၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ ဇနီးဒေါက်တာရွှေလွှမ်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၏ ဇနီးများ၊ 2020 Miss Myanmar Ethnic မှ တိုင်းရင်းသူလှပျိုဖြူလေးများနှင့်လည်းကောင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။



### ဖျော်ဖြေတင်ဆက်

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား တေးသံရှင်များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့တို့က မေတ္တာတရားနှင့် ဖြေရှင်းမယ် Theme Song၊ သွေးချင်းတို့ရဲ့မြေသီချင်း၊ တဖူးဒီးကူ (ကယား)အက၊ ကရင်ရိုးရာကြိုးကျစ်အက၊ မြန်မာပြည်ကိုချစ်ပါ သီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၄ မှ*

သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးသစ္စာက လက်ခံရယူသည်။

အဆိုပါ သန်လျင်လူငယ်သင်တန်းကျောင်းသည် လူမှုဝန်ထမ်းဦးစီးဌာန၏ လုပ်ငန်းတစ်ရပ်ဖြစ်သော ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေး၊ ဖွံ့ဖြိုးရေးနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းရပ်တွင် ပါဝင်သည့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကို အဓိကထား ဆောင်ရွက်လျက်ရှိသော သင်တန်းကျောင်းတစ်ခုဖြစ်သည်။

ရန်ကုန်မြို့ပေါ်ရှိ လေလွင့်လူငယ်များကို ထိန်းသိမ်းစောင့်ရှောက် ပညာပေးလေ့ကျင့်မှုများ ဆောင်ရွက်ရန် ရည်ရွယ်ပြီး ဝိုင်အမ်စီအေ လူငယ်ဌာန လူငယ်ဂေဟာ ထိန်းသိမ်းရေးအဖွဲ့ကို ၁၉၂၉ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။ အဆိုပါအဖွဲ့က အမှတ် ၃၂၀ အနော်ရထာလမ်းတွင် ဂေဟာတစ်ခုကို ၁၉၃၀ ပြည့်နှစ်တွင် ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် အမြဲတမ်းစောင့်ရှောက်မှုများ ဆောင်ရွက်နိုင်ရန်အတွက် ဘောင်ဒရီလမ်း(ဓမ္မစေတီလမ်း)သို့ ပြောင်းရွှေ့ကာ ယာယီစောင့်ရှောက်ရေးဂေဟာအဖြစ် ဖွင့်လှစ်ခဲ့သည်။ ၁၉၅၅ ခုနှစ် မေ ၂၈ ရက်တွင် အမှတ် ၆၄ ကမ္ဘာအေးစေတီလမ်းတွင် လူမှုဝန်ထမ်းဝန်ကြီးဌာန ထောက်ပံ့မှုဖြင့် ရန်ကုန်လူငယ် ဂေဟာအသစ်ကို ဖွင့်လှစ်စောင့်ရှောက်ခဲ့သည်။ ၁၉၆၂ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် လူမှုဝန်ထမ်းဦးစီးဌာနမှ လွှဲပြောင်းလက်ခံ၍ ကမ္ဘာအေး လူငယ်သင်တန်းကျောင်းအဖြစ် ဖွင့်လှစ်စောင့်ရှောက်ခဲ့သည်။ ၂၀၁၁ ခုနှစ် မတ် ၂၅ ရက်တွင် အမှတ် ၆၅ ကျိုက်ဝိုင်းဘုရားလမ်းရှိ မသန်စွမ်းကလေးများ ပြုစုစောင့်ရှောက်ရေးဂေဟာသို့ ယာယီပြောင်းရွှေ့ခဲ့သည်။ ၂၀၁၂ ခုနှစ် မတ် ၁၄ ရက်တွင် အမှတ် ၂၉ ကျိုက်ခေါက်ဘုရားလမ်း အမှုထမ်းရပ်ကွက် သန်လျင်မြို့သို့ ပြောင်းရွှေ့၍ သန်လျင်လူငယ်သင်တန်းကျောင်းအဖြစ် ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လူငယ်သင်တန်းကျောင်းသည် သင်တန်းသားဦးရေ ၁၅၀ ဆံ့သာဖြစ်ခဲ့ပြီး ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေအသစ်ကို ၂၀၁၉ ခုနှစ်အတွင်းက ပြဋ္ဌာန်းခဲ့ရာ ကလေးသူငယ်၏ အသက်ကို အသက် ၁၈ နှစ်အောက်ဟု သတ်မှတ်ထား၍ လက်ခံစောင့်ရှောက်ရမည့် ဦးရေ ၃ ဆကျော် တိုးလာသဖြင့် ပိုမိုကျယ်ဝန်းသောနေရာနှင့် ဝန်ထမ်းဦးရေ တိုးမြှင့်ခန့်ထားရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တွေ့ဆုံပြီး လမ်းညွှန်မှာကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းသူ၊ ဦးစိုးဝင်း၊ ဦးသောင်းထွန်း၊ ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်နှင့် ဦးဟန်ဇော်၊ ဒုတိယဝန်ကြီး ဦးဆက်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအား အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊ သောက်သုံးရေ လုံလောက်စွာရရှိရေး၊ လျှပ်စစ်၊ စွမ်းအင်နှင့် စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့ပြ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး၊ လူ့စွမ်းအားရင်းမြစ်များ ဖွံ့ဖြိုးတိုးတက်လာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေး၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် အိမ်ရာစီမံကိန်းများ တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ မြို့ဟောင်းနှင့် မြို့သစ် ဧရိယာများကို မြို့တော်အင်္ဂါရပ်နှင့်အညီ အဆင့်မြှင့်တင်ထိန်းသိမ်းဆောင်ရွက်သွားရေး၊ နိုင်ငံတော်၏ ကုန်သွယ်ရေးကဏ္ဍ တိုးတက်လာစေရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ အခြေခံအုတ်မြစ် ခိုင်မာစေရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို မေးမြန်းရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ကဏ္ဍအလိုက် ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် ပြည်သူများနှင့် ပတ်သက်သည့် ကိစ္စရပ်များကို မဖြစ်မနေ ချပြရှင်းလင်းရန် လိုအပ်ကြောင်း၊ စုပေါင်းအင်အားတွင် မိမိလုပ်အားမည့်မျှထည့်ဝင်နိုင်သည် ဆိုသည်မှာ အောင်မြင်မှုအတွက် အဓိက အကျဆုံးအချက်ဖြစ်ကြောင်း၊ ပြည်သူ့အပေါ်တွင် ပွင့်လင်းမြင်သာမှုရှိစေရန်၊ ပြည်သူသိလိုသော အချက်များကို ပြည့်ပြည့်စုံစုံ တိတိကျကျ ပြည်သူနားလည်အောင် ရှင်းပြရန်မှာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အရေးကြီးသော တာဝန်တစ်ရပ်ဖြစ်ကြောင်း လမ်းညွှန်မှာကြားခဲ့သည်။ **သတင်းစဉ်**

# သွေးချင်းတို့ရဲ့ ပွဲတော်ဆီ (၂၀၂၀) မြင်ကွင်းပုံရိပ်များ

ဓာတ်ပုံ
တင်စိုး(မြန်မာ့အလင်း)



ကချင်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်း။




ကယားတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်း။



ကရင်တိုင်းရင်းသား ယဉ်ကျေးမှုပြခန်း။



ချင်းတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်း။



ဗမာတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်း။



မွန်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်း။



ရခိုင်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်း။




ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရိုးရာယဉ်ကျေးမှုပြခန်း။




သွေးချင်းတို့ရဲ့ ပွဲတော်ဆီ (၂၀၂၀) ပွဲတော်သို့ လာရောက်ကြသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

# ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသားအချင်းချင်း အပြန်အလှန်ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးများ ခိုင်မာအောင်တည်ဆောက်ကြရမည်




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သွေးချင်းတို့ရဲ့ ပွဲတော်ဆီ (၂၀၂၀) ပွဲတော်မုခ်ဦးနှင့် တိုင်းရင်းသားပြခန်းများ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

❖ *ကျောဖုံးမှ*

ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ရှေးဦးစွာ "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" မုခ်ဦးကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် နိုင်သက်လွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် အခမ်းအနားကို ပွဲတော်ဝင်းအတွင်းရှိ ယာယီမဏ္ဍပ်၌ ဆက်လက်ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ယနေ့ကျင်းပသည့် "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" ပွဲတော်ကို တိုင်းရင်းသားလူမျိုးများ၏ ဒေသဖွံ့ဖြိုးရေး၊ ခရီးသွားလုပ်ငန်း၊ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်း၊ ဒေသထွက်ကုန်၊ တိုင်းရင်းသားအချင်းချင်း အသိအမြင်ဗဟုသုတနှင့် ဒေသထွက်ကုန်များ ဖလှယ်နိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပြီး တိုင်းရင်းသားများ၏ ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုကို ဖော်ဆောင်သည့် ပွဲတော်လည်း ဖြစ်ပါကြောင်း။

### ညီညွတ်မှု များစွာအရေးကြီး

မြန်မာနိုင်ငံသည် တိုင်းရင်းသားများစွာ စုပေါင်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံဖြစ်သည့်အတွက် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုသည် များစွာအရေးကြီးပါကြောင်း၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုဖြင့်သာ နိုင်ငံ၏ ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည်ဖြစ်သကဲ့သို့ ငြိမ်းချမ်းမှသာ တစ်နိုင်ငံလုံး မည်သည့်ဒေသမကျန် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

### တူညီသည်များစုစည်း

နိုင်ငံအတွင်း တိုင်းရင်းသားမျိုးနွယ်စုများ ကွဲပြားနေကြသကဲ့သို့ နောက်ခံသမိုင်းကြောင်းများအရ အတွေးအမြင် မတူညီမှုများလည်း ရှိနိုင်ပါကြောင်း၊ အတွေးအမြင် မတူညီသည်များကို ဘေးဖယ်ထားပြီး တူညီသည်များကို စုစည်းကာ ရှေ့ဆက် ဆောင်ရွက်ရသည်များ ရှိသကဲ့သို့ မတူညီသော်လည်း ပေါင်းစပ် ဆောင်ရွက်နိုင်သည်များလည်း ရှိပါကြောင်း၊ ထို့ကြောင့် နိုင်ငံတွင် မတူကွဲပြားမှုများ ရှိနေသော်လည်း စုစည်းတည်ဆောက်၍ ရနိုင်ပါကြောင်း။

ယခုအခါ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကြိုးပမ်းတည်ဆောက်လျက်ရှိသည့် အချိန်အခါဖြစ်ကြောင်း၊ ထိုသို့ တည်ဆောက်ရာတွင် တိုင်းရင်းသားအချင်းချင်း အပြန်အလှန်ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးများ ခိုင်မာအောင် တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ငြိမ်းချမ်းသာယာဝပြောသည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးကို မလွဲမသွေ တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

### ပုဂ္ဂလိကစီးပွားရေးကဏ္ဍအရေးကြီး

တိုင်းရင်းသားများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် အခြေခံလိုအပ်ချက်များကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနေပါကြောင်း၊ နိုင်ငံတွင် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေသည့်အတွက် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတွင် ပုဂ္ဂလိက စီးပွားရေးကဏ္ဍသည် များစွာအရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း(MSDP)တွင် ပန်းတိုင်(၃) အဖြစ် အလုပ်အကိုင်ဖန်တီးရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဦးဆောင်သည့် ဖွံ့ဖြိုးရေးအဖြစ် ချမှတ်ထားပါကြောင်း။

စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် မိမိတို့ စီးပွားရေးအကျိုးအမြတ် ရရှိနိုင်သည့်အပြင် မိမိဒေသ တိုးတက်ဖြစ်ထွန်းလာနိုင်သည့် အလားအလာရှိသော ဒေသတွင်းကုန်ထုတ်လုပ်ငန်းများဖြင့် ဝန်ဆောင်မှု လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံကြရန် တိုက်တွန်းလိုပါကြောင်း၊ လုပ်ငန်းများ စတင်ရာတွင် လွယ်ကူအောင် ဖြေလျှော့မှုများ ဆောင်ရွက်နေသကဲ့သို့ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် မူဝါဒချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

### ပြည်ပဈေးကွက်ထိုးဖောက်နိုင်ရေး

မြန်မာနိုင်ငံ၏ သာယာလှပသော နယ်မြေအသီးသီးတွင် ရှိနေကြသည့် တိုင်းရင်းသားများ၏ ချစ်စရာဓလေ့ထုံးစံများ၊ ရိုးရာယဉ်ကျေးမှုများနှင့် ရိုးရာအစားအစာများသည် ပြည်တွင်းခရီးသွားများကိုသာမက နိုင်ငံတကာခရီးသွားများကို ဆွဲဆောင်နိုင်သည့်အချက်များ ဖြစ်ပါကြောင်း၊ တိုင်းရင်းသားများအနေဖြင့် ခရီးသွားလုပ်ငန်းကဲ့သို့ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဒေသထွက်ကုန်ပစ္စည်းများကို ပြည်တွင်းဈေးကွက်၌ သာမက ပြည်ပဈေးကွက်သို့ပါ ထိုးဖောက်နိုင်ရေးအတွက် တန်ဖိုးမြင့် ထုတ်ကုန်များနှင့် အဆင့်မြင့် ဝန်ဆောင်မှုများပေးနိုင်ရန် တီထွင်ဖန်တီးမှုရှိရှိ ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ မိမိတို့ ဒေသထုတ်ကုန်များ ဈေးကွက်ရလာပြီး ခရီးသွားလုပ်ငန်းများ အောင်မြင်လာလျှင် မိမိတို့၏ စီးပွားရေးသာမက ဒေသခံလူထုကိုပါ အလုပ်အကိုင်ဖန်တီးပေးနိုင်ပြီး ဒေသစီးပွားရေးနှင့် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူ ဖြစ်စေမည်ဖြစ်ပါကြောင်း။

တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအနေဖြင့် မိမိတို့ တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်းများ၊ ယဉ်ကျေးမှုများ၊ အနုပညာများနှင့် သမိုင်းအမွေအနှစ်များ မတိမ်ကောမပျောက်ပျက်စေရန် ဆက်လက်ထိန်းသိမ်းကြရန်၊ ငြိမ်းချမ်းသာယာဝပြောပြီး *စာမျက်နှာ ၉ သို့*




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့ဝင်များ ကေ့ထျိုးဘိုး(ခ)ကယားတံခွန်တိုင် စိုက်ထူခြင်း မင်္ဂလာအခမ်းအနားသို့ တက်ရောက်ပြီး တံခွန်တိုင်ကို စိုက်ထူပေးစဉ်။ သတင်းစဉ်

*စာမျက်နှာ ၈ မှ*

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် တိုင်းရင်းသားများ အားလုံးအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရန်၊ တိုင်းရင်းသားများ၏ စီးပွားရေးကိုသာမက နိုင်ငံတော်၏ အကျိုးစီးပွားနှင့် အေးချမ်းသာယာမှုကိုပါ ပိုမိုတိုးတက်ခိုင်မာအောင် အကောင်အထည်ဖော်ဆောင်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**နှုတ်ခွန်းဆက်စကားများ ပြောကြား**

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ဝန်ကြီးချုပ်များဖြစ်ကြသည့် ဦးဖြိုးမင်းသိန်းနှင့် ဦးအယ်လ်ဖောင်းရှို၊ မြန်မာနိုင်ငံ တိုင်းရင်းသား လုပ်ငန်းရှင်များအသင်း နာယက ဒေါက်တာတင်မျိုးဝင်းတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ကေ့ထျိုးဘိုး(ခ) ကယားတံခွန်တိုင် စိုက်ထူခြင်း မင်္ဂလာအခမ်းအနားသို့ တက်ရောက်ပြီး တံခွန်တိုင်ကို စိုက်ထူပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ကေ့ထျိုးဘိုး(ခ) ကယားတံခွန်တိုင် ပွဲတော်သည် ကယားလူမျိုးတို့၏ စည်းလုံးညီညွတ်မှု၊ ရိုင်းပင်းကူညီမှုနှင့် မေတ္တာစေတနာပြည့်ဝသော ဓလေ့စရိုက်ကောင်းများကို ဖော်ညွှန်းသည့် ပွဲတော်တစ်ခုဖြစ်ပြီး ပွဲတော်ကို မိုးလေဝသ မှန်ကန်ကောင်းမွန်စေရန်၊ ဆန်ရေစပါးနှင့် ကောက်ပဲသီးနှံပေါများ ကြွယ်ဝစေရန်၊ သဘာဝဘေးအန္တရာယ်မှ ကင်းဝေးစေရန်၊ တိုင်းပြည်အေးချမ်းသာယာ၍ တိုင်းရင်းသားများ ပိုမိုချစ်ကြည်ရင်းနှီး စည်းလုံးစေရန်နှင့် မျိုးဆက်သစ်လူငယ်များ မိမိတို့ရိုးရာယဉ်ကျေးမှု အစဉ်အလာကောင်းများကို ထိန်းသိမ်းစောင့်ရှောက်လိုစိတ်ဖြစ်ပေါ်လာစေရန် ရည်ရွယ်ကျင်းပကြခြင်းဖြစ်ကြောင်း သိရသည်။

**မြန်မာပြည်မြေပုံဖြင့် သရုပ်ဖော်ကပြ**

ကယားတံခွန်တိုင် စိုက်ထူနေစဉ်အတွင်း ကယားရိုးရာတံခွန်တိုင်အကဖြင့် ကပြဖျော်ဖြေ၍ ဖုံပလွေ တီးမှုတ်သည့်အဖွဲ့များက မြန်မာပြည်မြေပုံဖြင့် သရုပ်ဖော်ကပြ တီးမှုတ်ဖျော်ဖြေကြသည်။

ထို့နောက် ဒုတိယသမ္မတသည် သွေးချင်းတို့ရဲ့ ပွဲတော်ဆီ(၂၀၂၀) အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ကချင်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်း၊ ကယားတိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်း၊ ကရင်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်း၊ ချင်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်း၊ ဗမာတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်း၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များ အသင်း၏ သစ်တောထွက်ပစ္စည်းပြခန်း၊ မွန်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်း၊ ရခိုင်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်း၊ ရှမ်းတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်း၊ ကိုးကန့်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်း၊ ဓနုတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်း၊ နာဂ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်း၊ ပလောင်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်း၊ ပအိုဝ်းတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုပြခန်း၊ "ဝ" တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်း၊ တိုင်းရင်းသားလုပ်ငန်းရှင်များ အသင်း ပြခန်းနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြခန်းတို့ကို လှည့်လည်ကြည့်ရှုပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ကယားပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သွေးချင်းတို့ရဲ့ပွဲတော်ဆီ၌ ခင်းကျင်းပြသထားသည့် ပအိုဝ်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းကို ကြည့်ရှုစဉ်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သွေးချင်းတို့ရဲ့ပွဲတော်ဆီ၌ ခင်းကျင်းပြသထားသည့် ရခိုင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းကို ကြည့်ရှုစဉ်။

**"မြန်မာနိုင်ငံသည် တိုင်းရင်းသားများစွာ စုပေါင်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံဖြစ်သည့်အတွက် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုသည် များစွာအရေးကြီး၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုဖြင့်သာ နိုင်ငံ၏ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည်ဖြစ်သကဲ့သို့ ငြိမ်းချမ်းမှုသာ တစ်နိုင်ငံလုံး မည်သည့်ဒေသမကျန် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်"**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသိမ်း ကမ္ဘာလုံးဆိုင်ရာ အစိုးရအဖွဲ့အစည်း ခေါင်းဆောင်များဖိုရမ်နှင့် အုပ်ချုပ်မှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲတက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁

**ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းသိမ်းသည် စင်ကာပူသမ္မတနိုင်ငံ၌ ဇန်နဝါရီ ၃၀ ရက်မှ ၃၁ ရက်အထိ ကျင်းပခဲ့သည့် ကမ္ဘာလုံးဆိုင်ရာ အစိုးရအဖွဲ့အစည်း ခေါင်းဆောင်များဖိုရမ်နှင့် အုပ်ချုပ်မှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲတို့ကို တက်ရောက်သည်။**

ကမ္ဘာလုံးဆိုင်ရာ အစိုးရအဖွဲ့ အစည်း ခေါင်းဆောင်များဖိုရမ်တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ၂၀၂၀ ပြည့်နှစ်မှစ၍ နောက်ပိုင်းနှစ်များတွင် ဒစ်ဂျစ်တယ်စနစ်သို့ ကူးပြောင်းရာ၌ အဆင့်မြင့် အရာရှိကြီးများတွင် ရှိသင့်ရှိထိုက်သည့် ကျွမ်းကျင်မှု၊ အတွေ့အကြုံနှင့် ဆောင်ရွက်ချက်များ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပျက်စီးမှုကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုတွင် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်သူများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ကာလရှည်စီမံကိန်းဖြင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ပြုလုပ်ရာတွင် နိုင်ငံ့ဝန်ထမ်းခေါင်းဆောင်များ၌ ရှိသင့်ရှိထိုက်သည့် ကျွမ်းကျင်မှုနှင့် နည်းလမ်းများ၊ နည်းပညာကွန်ရက် ချိတ်ဆက်ခြင်းတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အုပ်ချုပ်မှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲတွင် အားလုံးပါဝင်မှုရှိသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးနိုင်မည့် မူဝါဒများ၊ မဟာဗျူဟာမြောက် အကျိုးရလဒ်များရရှိရေး စွမ်းဆောင်ခြင်းနှင့် ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်မည့် နည်းလမ်းများ၊ နိုင်ငံ့ဝန်ထမ်းကဏ္ဍရှိ ဝန်ထမ်းများအား စွမ်းဆောင်ရည် ခိုင်မာအားကောင်းစေရန်နှင့် ကျွမ်းကျင်မှုရှိစေရေး ဆောင်ရွက်ရမည့် နည်းလမ်းများ၊ အစိုးရများအား နိုင်ငံ့ဝန်ထမ်းကဏ္ဍတွင် လူတို့ဉာဏ်ရည်ကို ကွန်ပျူတာဖြင့် စီစဉ်တုပမှု (Artificial Intelligence) ဖြင့် လက်တွေ့အသုံးချ ဆောင်ရွက်ရမည့် နည်းလမ်းများ၊ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများနှင့် အားနည်းချက်၊ အားသာချက်များအပေါ် ဖြေရှင်းဆောင်ရွက်သည့် နည်းလမ်းများ စသည့် အကြောင်းအရာများကို ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများမှ နိုင်ငံ့ဝန်ထမ်း ခေါင်းဆောင်များနှင့် အဆင့်မြင့်အရာရှိကြီးများက ပါဝင်ဆွေးနွေးခဲ့ကြသည်။

အုပ်ချုပ်မှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲ၌ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ဦးဆောင်ဆွေးနွေးသူအဖြစ် ပါဝင်ပြီး မြန်မာနိုင်ငံအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အားထုတ်ကြိုးပမ်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်၏ သဘောတရားများ၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ အတွေ့အကြုံများနှင့် အားနည်း ချက်၊ အားသာချက်များနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ စသည့်အကြောင်းအရာများကို မျှဝေဆွေးနွေးခဲ့ကြောင်း သိရသည်။



ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသိမ်း ကမ္ဘာလုံးဆိုင်ရာအစိုးရအဖွဲ့အစည်း ခေါင်းဆောင်များဖိုရမ်နှင့် အုပ်ချုပ်မှုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**သတင်းစဉ်**

# သွေးချင်းတို့ရဲ့ ပွဲတော်ဆီမှ တိုင်းရင်းသားသွေးချင်းတို့၏ ရိုးရာယဉ်ကျေးမှု ပြခန်းများ(၁)

ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်းတွင် ဒုတိယအကြိမ်မြောက်ကျင်းပသည့် ''သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀'' ပွဲတော်ကြီးကို ဖေဖော်ဝါရီလ ၁ ရက်မှစတင်ကာ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်အထိ ကျင်းပလျက်ရှိသည့် ယခုနှစ် သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀ ပွဲတော်ကို မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ ကယားတိုင်းရင်းသားလုပ်ငန်းရှင်အသင်းက ကျင်းပခြင်းဖြစ်ပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ပူးပေါင်းပါဝင် ပံ့ပိုးပေးထားခြင်းဖြစ်သည်။

ပွဲတော်ကာလအတွင်း ကျိုက္ကဆံအားကစားကွင်းကြီးအတွင်း ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းနှင့် ‘ဂ’၊ ကိုးကန့်၊ တအာင်း၊ ပအိုဝ်း၊ နာဂ၊ ဓနုစသည့် တိုင်းရင်းသားများ၏ ယဉ်ကျေးမှုဆိုင်ရာပြခန်းများကို ခမ်းနားစွာ ပြင်ဆင်ထားသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

ထို့ပြင် ဌာနေ တိုင်းရင်းသားများကိုယ်တိုင် ဖျော်ဖြေသည့် ယဉ်ကျေးမှု၊ အကအလှများ၊ ချက်ပြုတ်ရောင်းချသည့် အစားအသောက်ဆိုင်ခန်းများလည်း ပါဝင်သည်ဖြစ်ရာ ပြည်ထောင်စုဖွား တိုင်းရင်းသားသွေးချင်းညီအစ်ကိုမောင်နှမများ၏ မတူကွဲပြားသည့် ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများ၊ နေထိုင်မှုပုံစံများ၊ ဝတ်စားဆင်ယင်မှု၊ လူနေမှုပုံစံများ၊ အစားအစာများ၊ သမိုင်းဆိုင်ရာများကို တစ်နေရာတည်းတွင် မြင်တွေ့ခွင့်ရရှိပြီး တိုင်းရင်းသားကမ္ဘာကြီးတစ်ခုသို့ ရောက်ရှိသွားသည့်အတိုင်း ခံစားရမည်ဖြစ်သည်။



ကချင်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်း။

**ကချင်တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုပြခန်း**

ပြခန်းရှေ့တွင် ကချင်မနောတိုင်ကို ဝံ့ဝံ့ကြွားကြွား စိုက်ထူထားသည့် ကချင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုပြခန်းတွင် ခရူးနယ်၊ လုံမီနယ်၊ ရဝမ်နယ်တို့တွင် ရှေးခေတ်ကတည်းက အသုံးပြုခဲ့သော ကျောက်အိုးပုံ (ပုံစံတူ)ကို ပြခန်းရှေ့တွင် ခင်းကျင်းပြသထားသည်ကို ပထမဆုံးမြင်ရမည်ဖြစ်သည်။


ဦးခက်ထိန်နန် (ကချင်တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ)


ဦးမိုးဇက်အောင်လေး (ဌာနေတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ)


ဒေါ်နန်းလုံခမ်း (ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်))

ထို့နောက် ကချင် စကားလုံးကို မှန်ချပ်များဖြင့် ပုံဖော်ထားသည်ကိုလည်း ထူးခြားချက်တစ်ခုအနေဖြင့် မြင်တွေ့ရမည်ဖြစ်ပြီး နောက်ဘက်တွင် ကချင်တိုင်းရင်းသားမျိုးနွယ်စုများဖြစ်သော ဂျိမ်းဖော၊ လီဆူ၊ ရဝမ် အစရှိသည့် မျိုးနွယ်စု ခြောက်စု၏ ဝတ်စားဆင်ယင်ပုံများကို ရုပ်တုများဖြင့် ဝတ်ဆင်ပြသထားသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

မျိုးနွယ်စု ခြောက်စု၏ ဝတ်စားဆင်ယင်ပြသမှု၏ နောက်ဘက်တွင် တောင်တန်းများပေါ်တွင် ဆောက်လုပ်ထားသည့် ကချင်ရိုးရာ အိမ်ကလေးကို ပုံစံငယ်ပြုလုပ်ထားပြီး ငြိမ်းချမ်းရေးအထိမ်းအမှတ် ချိုးဖြူငှက်ကို အလှပြသထားပြန်သည်။

ကချင်အိမ်ပုံစံငယ်နှင့် ပတ်သက်၍ ကချင်တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခက်ထိန်နန်က “ဟိုတုန်းက ဒီလို အိမ်ပုံစံပဲလုပ်တာ၊ ရှည်မျောမျောပေါ့။ အဲဒီအထဲမှာ မီးဖိုရှိတာပေါ့။ ဟိုတုန်းကဆို မီးဖို လေးဖိုရှိတဲ့အိမ်၊ ခြောက်ဖိုရှိတဲ့အိမ် အဲဒီလို ဂုဏ်ယူပြီးပြောကြတာ။ မိသားစု ပျော်ပျော်ပါးပါး နေထိုင်ကြတာပေါ့။ အိမ်ရှေ့က ငှက်က ကချင်တိုင်းရင်းသားတွေအနေနဲ့ ငြိမ်းချမ်းရေးက အရေးကြီးဆုံးဖြစ်တယ်ဆိုတဲ့အတွက် ကျွန်တော်တို့ ချိုးငှက်ကို အိမ်ရှေ့မှာ ထားတာပါ” ဟု ပြောသည်။

**ခေတ်ပုံများ**

ပြခန်းပတ်လည်တွင် လာရောက်ကြည့်ရှုလေ့လာသူများကို ဆွဲဆောင်နိုင်သည့် ရှေးခေတ်မှစ၍ ခေတ်အဆက်ဆက် ကချင်တိုင်းရင်းသားမိသားစုများ၊ ခေါင်းဆောင်များ၊ သူရဲကောင်းများ၏ သမိုင်းဝင်ခေတ်ပုံများကို စိတ်ဝင်စားဖွယ်၊ ဗဟုသုတဖြစ်ဖွယ် ဗီနိုင်းများဖြင့် ပြသထားသည်ကို တွေ့မြင်ရသည်။

ကချင်တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခက်ထိန်နန်က “ကျွန်တော်တို့နိုင်ငံက ပြည်ထောင်စုနိုင်ငံပါ။ တိုင်းရင်းသားတွေနဲ့ စုဖွဲ့ထားတဲ့ နိုင်ငံဆိုတော့ တိုင်းရင်းသားတွေနဲ့ပတ်သက်တဲ့ ယဉ်ကျေးမှုက အလွန်ကို အရေးကြီးပါတယ်။ လူမျိုးတစ်မျိုးဆိုတာ ယဉ်ကျေးမှုက သူ့အမွေအနှစ်ပဲ၊ သူဆင်းသက်လာတဲ့လမ်းကြောင်းပေါ့။ ဒီနေ့ တိုင်းရင်းသားတွေအားလုံးက သူ့တိုင်းရင်းသားနဲ့ သူဆင်းသက်လာတဲ့ ယဉ်ကျေးမှုနဲ့ပတ်သက်တာ၊ သမိုင်းကြောင်းနဲ့ပတ်သက်တာ ဒါတွေ ပြသတာဖြစ်ပါတယ်” ဟု ပြောသည်။

ပြခန်းအတွင်းတွင် ကချင်တိုင်းရင်းသားမျိုးနွယ်စုတို့ အသုံးပြုခဲ့ကြသည့် ကျောက်သားကို ထွင်းထုပြီး ပြုလုပ်ထားသည့် ဖိုခုံလောက်၊ ရဝမ် မျိုးနွယ်စု ရိုးရာဝက်အစွယ်နှစ်ဖက်ပါ ခေါင်းဆောင်း(ဦးထုပ်)များ၊ ရိုးရာချည်ထည်အဝတ်အစားများ၊ အသုံးအဆောင်များအပြင် ရန်သူကို ခုခံကာကွယ်ရာတွင် ဓားခုတ်၊ လှံထိုးသည့်အခါ အကာအကွယ်အဖြစ် အသုံးပြုခဲ့သည့် ဒိုင်းများကိုလည်း မြင်တွေ့ရမည်ဖြစ်သည်။

**တူရိယာပစ္စည်းများ**

ကြိုးအလျှော့အတင်းပေါ်လိုက်၍ အသံပြောင်းသည့် ရှေးအကျဆုံး ကြိုးတစ်ချောင်းတပ်တူရိယာ (ယခုခေတ် အခေါ် မယ်ဒလင် )တစ်ခုအပါအဝင် အခြားစိတ်ဝင်စားဖွယ်ပစ္စည်းများကိုလည်း တွေ့မြင်ရမည်ဖြစ်သည်။

ထို့ပြင် ကချင်တိုင်းရင်းသားတို့၏ အသုံးအဆောင်ပစ္စည်းများ ကျောက်စိမ်း၊ ပယင်းအစရှိသည့် ဒေသထွက်များကို ခင်းကျင်းပြသ ရောင်းချထားသည့်အတွက် စိတ်ဝင်စားသူများလေ့လာနိုင်သည့်အပြင် အမှတ်တရအဖြစ်လည်း ဝယ်ယူနိုင်ကြောင်း သိရသည်။

**ရိုးရာစားသောက်ဆိုင်များ**

ကချင်တိုင်းရင်းသားရေးရာ ယဉ်ကျေးမှုပြခန်းအပြင် ကချင်ရိုးရာ ဟင်းခတ်အမွှေးအကြိုင်များကိုသုံးကာ ချက်ပြုတ်ထားသည့် ရိုးရာအစားသောက်ဆိုင်များနှင့် အမှတ်တရပစ္စည်းရောင်းချသည့် ဆိုင်များကိုလည်း ဖွင့်လှစ်ထားရာ ကချင်ဒေသ အစားအစာစစ်စစ် စားချင်သူများအတွက် အဆင်ပြေလှသည်။

“ဒီပွဲက ကျိုက္ကဆံကွင်းမှာ ကျင်းပတယ်ဆိုပေမယ့် တိုင်းရင်းသားတွေရဲ့ကမ္ဘာလို့ ဆိုနိုင်တာပေါ့။ တစ်နိုင်ငံလုံးက အားလုံး စုဖွဲ့ရောက်နေတာ။ တစ်နေရာတည်းမှာပဲ ကြည့်ရှုခွင့်ရမှာဖြစ်လို့ ဖိတ်ခေါ်ပါတယ်။ တစ်နိုင်ငံလုံးကို ခရီးသွားသလိုမျိုး ဒီကျိုက္ကဆံကွင်းကြီးထဲမှာ ဖြစ်သွားတာပေါ့။ အားလုံးရင်းရင်းနှီးနှီး ပါဝင်ကြပါလို့ ဖိတ်ခေါ်ပါတယ်”ဟု ကချင်တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုပြခန်းဖွင့်လှစ်ထားသည့် ကချင်တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးခက်ထိန်နန်က ပြောသည်။

**ကယားတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုပြခန်း**

ယခုနှစ်သည် ကယားတိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက ဦးဆောင်ကျင်းပသည့် ပွဲဖြစ်သည့်အတွက် ကယားလူမျိုးတို့၏ တံခွန်တိုင်ကို ခမ်းနားစွာထားရှိမှုနှင့်အတူ ကယားလူမျိုးတို့၏ တံခွန်တိုင်အကကိုပါ ကြည်နူးဖွယ် မြင်တွေ့ခံစားကြရမည်ဖြစ်သည်။

ကချင်တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု ပြခန်းနှင့် ကပ်လျက် ကယားတိုင်းရင်းသားရိုးရာယဉ်ကျေးမှု ပြခန်းတွင် ကယားတိုင်းရင်းသားတို့၏ ရိုးရာအသုံးအဆောင် တူရိယာပစ္စည်းများ၊ ဝတ်စားဆင်ယင်မှုများ၊ အထင်ကရနေရာများ၏ မှတ်တမ်းဓာတ်ပုံများ၊ လက်မှုပစ္စည်းများ၊ စာပေယဉ်ကျေးမှု၊ သင်ရိုးညွှန်းတမ်းများကို စိတ်ဝင်စားဖွယ် လေ့လာခွင့်ရမည်ဖြစ်သည်။

“လွန်ခဲ့တဲ့ နှစ်လလောက်ကတည်းက ကြိုတင်ပြင်ဆင်မှုတွေ လုပ်ခဲ့တာပါ။ ဒီလို အောင်အောင်မြင်မြင် ပြသနိုင်ဖို့ တိုင်းရင်းသားလူမျိုးစုတွေအားလုံးက ပါဝင်ကူညီပေးခဲ့တာ ဖြစ်ပါတယ်”ဟု ဌာနေတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးမိုးဇက်အောင်လေးက ပြောသည်။

**ရိုးရာ အိမ်ပုံစံငယ်**

ကယားတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်းအဝင်ဂ ထောင့်ဘက်တွင် ကယားတိုင်းရင်းသားတို့နေထိုင်ရာ ရိုးရာအိမ်ပုံစံငယ်ကို ဒေသထွက် သစ်ခွပန်းပင်များဖြင့် အလှဆင်ပြသထားသည်ကို တွေ့ရသည်မှာ မျက်စိပသာဒရှိလှသည်။

*စာမျက်နှာ ၁၁ သို့*


ကယားတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်း။

# မူဆယ်နယ်စပ်တွင် လက်ရှိဖြစ်ပေါ်နေသော ဖရဲ၊ သခွား ကုန်သွယ်မှုအခြေအနေများနှင့်ပတ်သက်၍ ညှိနှိုင်းစည်းဝေး

နေပြည်တော် ဖေဖော်ဝါရီ ၁

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့တွင် ဖြစ်ပွားလျက်ရှိသော ကိုရိုနာဗိုင်းရပ်စ် ရိုက်ခတ်မှုကြောင့် တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်ပို့နေသော ဖရဲ/သခွား ဖွေး၊ သစ်သီးဝလံများ တရုတ်နိုင်ငံသို့ ပုံမှန်တင်ပို့မှုတုံ့ဆိုင်းနေသည့်အပေါ် ဖရဲ/သခွားစိုက် တောင်သူများ၊ လတ်တလောကြုံတွေ့နေရသည့် အခက်အခဲများ အဆင်ပြေစေရေးနှင့် နစ်နာဆုံးရှုံးမှု နည်းပါးစေရေးအတွက် အရေးပေါ်ဆောင်ရွက်ရမည့် အစီအစဉ်များကို ယနေ့နံနက် ၁၀ နာရီက မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန(ရန်ကုန်မြို့)တွင် ဆွေးနွေးကြသည်။**(အောက်ပုံ)

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်း၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဖရဲ/ သခွားမွေးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအဝေးပြေး ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌတို့ တက်ရောက်ကြသည်။




ညှိနှိုင်းအစည်းအဝေးတွင် အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက တရုတ်နိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးဈေးကွက်တုံ့ဆိုင်းမှုကြောင့် ဖရဲ/သခွားမွေးထုတ်ကုန်များအပေါ် ပြည်တွင်းဈေးကွက် အမြန်ဆုံးရရှိရေးနှင့် ပြည်ပဈေးကွက် တိုးမြှင့်တင်ပို့နိုင်ရေးတို့အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးက သွေးချင်းတို့ရဲ့ပွဲတော်ကာလအတွင်း ဆိုင်ခန်းဖွင့်လှစ်ရောင်းချရေး၊ မြေပဒေသာကျွန်းတွင် ဖရဲ/သခွားပွဲတော် ကျင်းပရေး၊ တည့်ဝင်းကုန်း လက်ကားဈေးတွင် သယ်ယူရောင်းဝယ်ရန်နေရာ စီစဉ်ဆောင်ရွက်ပေးရေး၊ ရွှေပိတောက်ငါးဈေး(လှိုင်မြို့နယ်)တွင် သယ်ယူပို့ဆောင်ရောင်းဝယ်ရန် နေရာစီစဉ်ပေးရေး၊ ရတနာသီရိ ကုန်စိမ်းဈေး(ထောက်ကြံ့)အပေါ်ထပ်တွင် ရောင်းချရန် နေရာစီစဉ်ပေးရေး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းရှိ ဈေးများအတွင်း ရရှိနိုင်မည့် နေရာများတွင် ဆိုင်ခန်းများဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ပေးရေး၊ Door to Door Service စနစ်ဖြင့် ရန်ကုန်မြို့တွင်းလှည့်လည်ရောင်းချရန် စီစဉ်ဆောင်ရွက်ပေးရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ဘုရင့်နောင်ကုန်စည်ဒိုင်၊ အဝေးပြေးယာဉ်ရပ်နားစခန်းအတွင်း သယ်ယူရောင်းဝယ်ရန် နေရာစီစဉ်ဆောင်ရွက်ပေးခြင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ အုပ်စု(၁၁) သိုလှောင်ရုံနှင့် ကြက်ဘဲဈေးအနီး မြန်မာ့ဂုဏ်ရောင်လမ်းမပေါ်ရှိ ကုန်သွယ်ရေးဦးစီးဌာနပိုင် တစ်ကေခန့်ဝင်းအတွင်း ယာယီဆိုင်ခန်းဖွင့်လှစ်ရောင်းချရန် စီစဉ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရန် စီစဉ်ပေးမည်ဖြစ်ကြောင်း၊ ရေရှည်ဆောင်ရွက်မည့် အစီအစဉ်များအနေဖြင့် ပြည်ပတင်ပို့ရန် အရည်အသွေးမီ ဖရဲ၊ သခွား ပို့ကုန်များ ထုတ်လုပ်တင်ပို့မည့် လုပ်ငန်းရှင်များက ကုန်စည်သတင်းအချက်အလက်များကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သို့ ပေးပို့ပြီး စီးပွားရေးသံမှူးများမှတစ်ဆင့် ပြည်ပဈေးကွက်ချိတ်ဆက်ပေးခြင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်၍ ပြည်ပဈေးကွက်ထိုးဖောက်နိုင်ရန် လိုအပ်သည့် ပံ့ပိုးမှုများဆောင်ရွက်ပေးခြင်း၊ သီးနှံများ ထိန်းသိမ်းသိုလှောင်ရာတွင် မဖြစ်မနေလိုအပ်သည့် Cold Chain ပါဝင်သည့် Logistic Hub များ ပေါ်ထွန်းရေးပံ့ပိုးမှုများ ဆောင်ရွက်ပေးခြင်းတို့ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားကြသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

ပြခန်းအတွင်းပတ်လည်တွင် ကယားပြည်နယ်၏ အထင်ကရနေရာများဖြစ်သည့် ကယားပြည်နယ် လွိုင်ကော်မြို့တွင်တည်ရှိသည့် ဟော်နန်း၊ ကယားတိုင်းရင်းသားတို့၏ တံခွန်တိုင်များ၊ ဘီလူးချောင်းအမှတ်(၃) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ပုံစံငယ်နှင့်အတူ အထင်ကရ တောင်ကွဲစေတီ၊ ရေနီပေါက်ဂူ၊ ဆင်တောင်၊ သဘာဝလိုဏ်ဂူ အစရှိသည်တို့တည်ရှိရာ နေရာများကို ဗီနိုင်းများဖြင့် ပြသထားသည်။

**အသုံးအဆောင်ပစ္စည်းများ**

ကယားတိုင်းရင်းသားတို့ အမဲလိုက်ရာတွင် အသုံးပြုသည့် တူမီးသေနတ်များ၊ ဒူးလေးများ၊ ဘူးသီးခြောက်ရေဘူး၊ ကျွဲချို၊ ဝါးဖြင့် ရက်လုပ်ထားသည့် ကယားရိုးရာခေါင်းရည်ခွက်အပါအဝင် အခြားစိတ်ဝင်စားဖွယ် ဝါးဖြင့်ပြုလုပ်ထားသည့် လက်မှု ပစ္စည်းများ၊ ဆီကြိတ်ရာတွင် အသုံးပြုသည့် ဆီဆုံများ၊ ရိုးရာချည်ထည်များကိုလည်း ခေတ်သစ်နှင့် ခေတ်ဟောင်းခွဲခြားကာ ပြသထားသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

ကယား၊ ကယန်း၊ ကယော၊ ဂေဘား၊ မနုမနော၊ ယင်းတလဲ အစရှိသည့် တိုင်းရင်းသားမျိုးနွယ်စုခြောက်စု၏ ဝတ်စားဆင်ယင်မှုများကို ရုပ်တုများဖြင့် လှပစွာပြင်ဆင် ပြသထားသည်ကို စိတ်ကြည်နူးဖွယ် မြင်တွေ့ရမည်ဖြစ်သည်။ လွိုင်ကော်၊ ဖလူဆို၊ ဘော်လခဲ၊ ဒီးမော့ဆို အစရှိသည့် ဒေသများမှ အဓိကထွက်ကုန်များကိုလည်း ပြသထားသည်။

ကယားတိုင်းရင်းသားတို့၏ ဗုံတို၊ ဗုံရှည်၊ မောင်း၊ လင်ကွင်း၊ ဝါးပုလွေ၊ ကျွဲချို အစရှိသည့် ရိုးရာတူရိယာပစ္စည်းများကိုလည်း ခင်းကျင်းပြသထားသည်။

**ကယောဖားစည်**

ပြခန်းအတွင်း ထူးခြားချက်အနေဖြင့် ကြီးမားသည့် ကယောမျိုးနွယ်စုတို့ အထွတ်အမြတ် တီးခတ်ရာ ဖားစည် ငါးခုကို မြင်တွေ့ရမည်ဖြစ်သည်။

ကယားတိုင်းရင်းသားရိုးရာပြခန်းတွင် ကယန်းတိုင်းရင်းသားပြခန်းလည်း ထည့်သွင်းပြသထားရာ ကယန်းတိုင်းရင်းသူတစ်ဦး အထည်ရက်လုပ်နေသည့် မြင်ကွင်းကလည်း စိတ်ဝင်စားစရာကောင်းလှသည်။

**ရိုးရာစားသောက်ဆိုင်များ**

ဒေသထွက်အစားအစာများနှင့် ရိုးရာခေါင်ရည်အပါအဝင် ကယားပြည်နယ်၏ နာမည်ကြီးဒေသထွက်ကုန်များနှင့် ရိုးရာအစားအစာများကို ဝယ်ယူလိုသူများအတွက် ရောင်းချပေးသည့် ဈေးဆိုင်များလည်း ဖွင့်လှစ်ထားကြောင်း သိရသည်။

"တိုင်းရင်းသားတွေရဲ့ ရုပ်တည်မှု၊ စာပေ၊ ယဉ်ကျေးမှုတွေကို ဒီပွဲမှာ ထုတ်ဖော်ပြခွင့်ရလို့ ဝမ်းသာမိပါတယ်။ ကျွန်တော်တို့ရဲ့ ဓလေ့ထုံးတမ်းတွေကို လာရောက်လေ့လာကြဖို့လည်း ဖိတ်ခေါ်ချင်ပါတယ်"ဟု ဌာနေတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးမိုးဇက်အောင်လေးက ပြောသည်။

**ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြခန်း**

ယနေ့ ပွဲတော်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခြောက်ခုမှလည်းပါဝင်ပြသရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရိုးရာယဉ်ကျေးမှုပြခန်း ပြင်ဆင်ထားရှိပုံမှာလည်း အခြားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသပြခန်းများနည်းတူ ထူးခြားလှသည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသပြခန်းရှေ့တွင် ၆၁ ပေရှိ ပအိုဝ်းရိုးရာပဒေသာပင်ကြီးကို ပထမဆုံး မြင်တွေ့ရမည်ဖြစ်သည်။

ခြံဝင်းအတွင်း ဝင်လိုက်သည်နှင့် ပအိုဝ်းရိုးရာအိမ်ပုံစံတူဟုဆိုသော်လည်း တကယ်လက်ရှိ လူနေထိုင်၍ရသည့် အိမ်အတိုင်းဆောက်လုပ်ပြသထားသည့် ပအိုဝ်းရိုးရာ ဝါးအိမ်ကို မြင်တွေ့ရမည်ဖြစ်သည်။

"ဒေသမှာ ဆောက်လုပ်နေတဲ့ အိမ်ပုံစံငယ်လေးကို ဆောက်ပြတယ်။ ဝါးနဲ့ပဲ ဆောက်တယ်။ သံချောင်းတစ်ချောင်းမှ မပါဘူး။ ရိုးရာအိမ်လေးပါ" ဟု ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)မှ ဒေါ်နန်းလုံခမ်းက ပြောသည်။

အိမ်ပေါ်သို့ တက်လိုက်သည်နှင့် အဝင်ဝတွင် ပအိုဝ်းဒေသ၏ အဓိကလုပ်ငန်းဖြစ်သော အိမ်တွင်းမှု သနပ်ဖက်လုပ်ငန်းကို ခင်းကျင်းပြသထားပြီး ဝါးဖြင့်ပြုလုပ်ထားသော အသုံးအဆောင်ပစ္စည်းများ၊ ကျပ်ခိုးစင်နှင့် ဟင်းချက်စရာပစ္စည်းအစုံပါဝင်သည့် မီးဖိုတို့ကို ခင်းကျင်းပြသထားရာ ပအိုဝ်းတိုင်းရင်းသားတို့၏ ရိုးရှင်းသော နေထိုင်မှုပုံစံကို ရှင်းကနဲ မြင်သာစေမည် ဖြစ်သည်။

"ဒီကပစ္စည်းတွေကို နယ်မှာရှိတဲ့ ပအိုဝ်းအိမ်တွေကနေ စုဆောင်းတယ်။ တောင်ကြီးမှာရှိတဲ့ ပအိုဝ်းစာပေနဲ့ ယဉ်ကျေးမှုကော်မတီကနေ ပံ့ပိုးပေးတာတွေရှိတယ်။ ဒီအိမ်ကိုရောက်လာရင် ပအိုဝ်းဒေသက အိမ်ကိုရောက်လာသလို ခံစားရအောင် ပြင်ဆင်ထားတာပါ" ဟု ဒေါ်နန်းလုံခမ်းက ပြောသည်။

**ရှေးခေတ်ခေါင်းလောင်းတစ်စုံ**

တမူထူးခြားချက်အနေဖြင့် ပအိုဝ်းလူမျိုးတို့ အသုံးပြုသည့် အလေးချိန်တိကျမှန်ကန်သည့် ချိန်ခွင်ကို ခြံဝင်းအတွင်းရှိ ဝါးစင်ပေါ်တွင် ပြသထားကာ ရှေးခေတ်လက်ရာခေါင်းလောင်းတစ်စုံကို အိမ်ခေါင်းရင်းခန်းတွင် သီးသန့်ပြသထားသည်ကို လေ့လာနိုင်မည်ဖြစ်သည်။

ရှေးဟောင်းခေါင်းလောင်းနှင့် ပတ်သက်၍ "ရှေးဟောင်း ပအိုဝ်းခေါင်းလောင်းက အလှူအတန်းတွေပြုလုပ်တဲ့အချိန်မှာဆိုရင် ပြီးတာနဲ့ အောင်မြင်တဲ့အထိမ်းအမှတ်နဲ့ ခေါင်းလောင်းကို နှိပ်ပေးတာပေါ့။ သူက ရှေးဟောင်းပဲ။ အခုခေတ်မရှိတော့ဘူး။ တစ်စုံကို အကြီးအသေးပေါ်မူတည်ပြီး သိန်း ၂၀၊ သိန်း ၃၀ ရှိတယ် "ဟု ပအိုဝ်း စာပေနှင့်ယဉ်ကျေးမှုအဖွဲ့(ရန်ကုန်)မှ ဒေါ်နန်းလုံခမ်းက ပြောသည်။



ဝါးဖြင့်ပြုလုပ်ထားသည့် ပအိုဝ်းတိုင်းရင်းသားရိုးရာအသုံးအဆောင်ပစ္စည်းများ။

**ပအိုဝ်းတူရိယာပစ္စည်းများ**

ထို့ပြင် ဗုံတို၊ ဗုံရှည်၊ မောင်း၊ လင်ကွင်း၊ ပအိုဝ်းရိုးရာမီးပုံးများ၊ ပအိုဝ်းဒေသထွက် ပြောင်း၊ ကြက်သွန်ဖြူ၊ အာလူး အစရှိသည့် ဒေသထွက်ကုန်များ၊ စိုက်ခင်းငယ်များ၊ ရိုးရာအသုံးအဆောင်များကို ခြံဝင်းအတွင်းရှိ စင်များပေါ်တွင် ခင်းကျင်းပြသထားရာ စိတ်ဝင်စားဖွယ်ရာပင်ဖြစ်သည်။

**ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသမြေပုံ**

ပြခန်းခြံဝင်းအတွင်း ဟိုပုံး၊ ပင်လောင်း၊ ဆီဆိုင်စသည့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြေပုံကို မြေဖြင့်ပြုလုပ်ထားပြီး ဒေသထွက် ထောပတ်၊ သနပ်ဖက်၊ ပြောင်း၊ စပါး၊ ငရုတ် အစရှိသည့်သီးပင်စားပင်များ စိုက်ပျိုးပြသထားပြန်သည်။

"ဒေသထွက် ပြောင်း၊ ကြက်သွန်ဖြူ၊ ငရုတ်သီးကအစ တကယ်စိုက်ပြထားတယ်။ လာကြည့်သွားတဲ့သူတွေက ဒီဒေသက တကယ်ထွက်ပါလားဆိုပြီး သူတို့ ပိုပြီးမှတ်မိစေဖို့ပါ။ ပအိုဝ်းဒေသက ဘာတွေ ထွက်သလဲဆိုတာ သိစေချင်တဲ့အတွက် မြေပုံနဲ့တကွ ရှင်းပြထားခြင်းဖြစ်ပါတယ်" ဟု ဒေါ်နန်းလုံခမ်းက ပြောသည်။

ထို့ပြင် ပအိုဝ်းလူမျိုးတို့ ရိုးရာယုံကြည်မှု စူဠာမုဏိမြတ်စွာဘုရားအား ပူဇော်သည့် ကျောင်းဆောင်ကိုပါ ကြည်ညိုဖွယ်ဖူးမြင်ရသည့်အပြင် စိုက်ပျိုးရေးအတွက် မိုးလေဝသ ကောင်းစေရန် ဒုံးပစ်လွှတ်သည့် ဓလေ့အရ အဆင့်ဆင့်ဒုံးပစ်လွှတ်ပုံနှင့် အတူ ပစ်လွှတ်သည့် မီးရှူးစင်ကိုပါ ခြံဝင်းအတွင်း စိတ်ဝင်စားဖွယ်လေ့လာနိုင်သည်။

မီးရှူးစင်နှင့် ပတ်သက်၍ "စိုက်ပျိုးရေးကို အဓိကထားတာဖြစ်တဲ့အတွက် ရာသီဥတုကောင်းမွန်ဖို့ မိုးဦးကာလ ၆ လပိုင်း၊ ၇ လပိုင်းဆို မိုးခေါ်တဲ့ ဒုံးလွှတ်တာပေါ့။ ဒုံးက ပအိုဝ်းတစ်မျိုးသားလုံးကို ကိုယ်စားပြုပြီး မိုးခေါ်တာ။ ဒါကိုပြချင်လို့ပါ"ဟု ဒေါ်နန်းလုံခမ်းက ပြောသည်။

ပြခန်းသို့ လာရောက်လည်ပတ်သူများအား ပအိုဝ်းရိုးရာ အကအလှများဖြင့် နေ့စဉ်ဖျော်ဖြေမှုများ ပြုလုပ်မည်ဖြစ်ပြီး တခြားထူးခြားသည့် အစီအစဉ်များလည်း ရှိကြောင်း သိရသည်။

**ဒေသထွက်ကုန်ရောင်းချသည့် ဆိုင်ခန်းများ**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြခန်းနှင့်အတူ ကျိုက္ကဆံကွင်းအတွင်း ပအိုဝ်းရိုးရာအဝတ်အထည်၊ ရိုးရာထမင်းဟင်း၊ ဟင်းထုပ်၊ လက်ဖက်ခြောက်၊ လိမ္မော်သီး၊ ထောပတ်သီး အစရှိသည့်ဒေသထွက်ပစ္စည်း ရောင်းချသည့် ဆိုင်များလည်း ဖွင့်လှစ်ထားကြောင်း သိရသည်။

"ဒုတိယအကြိမ်ဆိုတော့ အစ်မတို့ယဉ်ကျေးမှုကို တခြားတိုင်းရင်းသားနဲ့အတူ ဝေမျှခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီလိုမျိုး အချင်းချင်းယဉ်ကျေးမှုတွေ နားလည်ပြီးသွားပြီဆိုရင် တစ်ဦးနဲ့တစ်ဦး ပိုပြီးရင်းနှီးနွေးထွေးကာ စည်းလုံးကြမယ်လို့ ထင်ပါတယ်။ လာရောက်ကြပါလို့ ဖိတ်ခေါ်ပါတယ်"ဟု ဒေါ်နန်းလုံခမ်းက ပြောသည်။

**စုစည်းတင်ပြသူ- သီသီမင်း**
**ဓာတ်ပုံ -တင်စိုး(မြန်မာ့အလင်း)**

# ကလေးငယ်များဖြစ်ပွားသည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကို ကာကွယ်နိုင်သော ရိုတာဗိုင်းရပ်စ် ကာကွယ်ဆေးကို တစ်နိုင်ငံလုံး စတင်တိုက်ကျွေး

နေပြည်တော် ဖေဖော်ဝါရီ ၁

**"ပုံမှန်ကာကွယ် ဆေးထိုး/တိုက်အစီအစဉ်တွင် ရိုတာဗိုင်းရပ်စ်ကာကွယ်ဆေးနှင့် ဆုံဆို့-မေးခိုင်ပါဝင်သော ကာကွယ်ဆေး (စတုတ္ထအကြိမ်) စတင်ထည့်သွင်းခြင်း ဗဟိုအခမ်းအနား"ကို ယနေ့နံနက်ပိုင်းတွင် လှိုင်သာယာမြို့နယ် မြို့နယ်ခန်းမ၌ ပြုလုပ်သည်။**

ပထမဦးစွာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ဖြူဖြူသင်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနေ ကိုယ်စားလှယ် Dr. Stephan Paul Jost နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ဌာနေကိုယ်စားလှယ် Ms. June Kunugi တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယနေ့မှစ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရိုတာဗိုင်းရပ်စ်ကာကွယ်ဆေးကို ၁၂ ခုမြောက် ရောဂါကာကွယ်ဆေးအဖြစ် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းအစီအစဉ်တွင် ထည့်သွင်းထိုးနှံသွားမည်ဖြစ်ပါ၍ ဝန်ကြီးဌာနနှင့် ပြည်သူများအတွက် အရေးကြီးသည့် နေ့တစ်နေ့ဖြစ်ပါကြောင်း၊ ကလေးများတွင်ဖြစ်ပွားသည့် ဝမ်းပျက်ဝမ်းလျှောရောဂါသည် ရိုတာဗိုင်းရပ်စ်ကြောင့် အဓိကဖြစ်ပွားပြီး ရိုတာဗိုင်းရပ်စ်သည် အလွန်ကူးစက်မြန်ပါကြောင်း။

ဝမ်းမလျှောခင် ၂ ရက်အလိုနှင့် ဝမ်းလျှောပြီး ၁၀ ရက်အထိ ဗိုင်းရပ်စ်ပိုး ရှိနေတတ်ပြီး ပတ်ဝန်းကျင်တွင် ၉ ရက်မှ ၁၉ ရက်အတွင်း အသက်ရှင်နေနိုင်၍ ကလေးများထံသို့ လွယ်ကူစွာ ပျံ့နှံ့ကူးစက်နိုင်ပါကြောင်း၊ ထို့အပြင် ပုံမှန်ကာကွယ်ဆေးထိုး /တိုက်အစီအစဉ်တွင် အသက် ၁၈ လပြည့်ပြီး ကလေးများကို စတုတ္ထအကြိမ် ဆုံဆို့-မေးခိုင် ပါဝင်သော ကာကွယ်ဆေးကိုပါ ထည့်သွင်းထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ(သို့မဟုတ်) ဩဂုတ်လတွင် မြန်မာတစ်နိုင်ငံလုံးရှိ အသက် ကိုးနှစ်မှ ၁၀ နှစ် အရွယ်ရှိ မိန်းကလေးများကို သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (Human Papilloma Virus Vaccine) ကိုလည်း ပုံမှန်ကာကွယ်ဆေးထိုး လုပ်ငန်းအစီအစဉ်တွင် ၁၃ ခုမြောက် ရောဂါကာကွယ်ဆေးအဖြစ် ထပ်မံထည့်သွင်းထိုးနှံပေးသွားမည် ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကလေးငယ်များအား ရိုတာဗိုင်းရပ်စ်ကာကွယ်ဆေး တိုက်ကျွေးနေမှုအား ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

ကလေးငယ်များသည် ဝမ်းလျှောနေစဉ်တွင် ကိုယ်ခန္ဓာဖွံ့ဖြိုးမှု၊ ဦးနှောက်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို များစွာထိခိုက်နိုင်ပြီး အခြားရောဂါများလည်း ကူးစက်ဖြစ်ပွားနိုင်၍ ပြည်သူများက မိမိတို့၏ ကလေးများကို ကာကွယ်ဆေးတိုက်ကျွေးပေးရမည် ဖြစ်ပါကြောင်း၊ ရိုတာဗိုင်းရပ်စ် ရောဂါကာကွယ်ဆေး နှစ်ကြိမ်တိုက်ကျွေးခြင်းအတွက် ကုန်ကျငွေမှာ လေးဒေါ်လာဖြစ်ပြီး ကာကွယ်ဆေးသယ်ဆောင်ခစသည့် ကုန်ကျစရိတ်များပါ ထည့်သွင်းတွက်ချက်ပါက ကလေးတစ်ဦးလျှင် ခုနစ် ဒေါ်လာ ကုန်ကျပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ကာကွယ်ဆေးထိုးလုပ်ငန်းအတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၀ သန်းခန့်သုံးစွဲလျက်ရှိပါကြောင်း၊ ကာကွယ်ဆေးထိုးလုပ်ငန်းများတွင် ဘဏ္ဍာငွေအများဆုံး ပံ့ပိုးကူညီပေးနေသော Gavi, the Vaccine Alliance အဖွဲ့ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ယခုထိုးနှံပေးနေသော ၁၂ မျိုးမြောက် ကာကွယ်ဆေးဖြစ်သော ရိုတာဗိုင်းရပ်စ် ရောဂါကာကွယ်ဆေးကို ပြည်သူများအနေဖြင့် မပျက်မကွက် ထိုးနှံတိုက်ကျွေးကြရန် နှိုးဆော်ပါကြောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ တိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုအားလုံးက ကာကွယ်ဆေးထိုး ဆေးတိုက်လုပ်ငန်းများဆောင်ရွက်ရာတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ကြစေလိုပါကြောင်း။

ယခုလုပ်ငန်းကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဌာန၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက် မန်နေဂျာနှင့်အဖွဲ့က ဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် ကျွမ်းကျင်မှုပိုင်းဆိုင်ရာတွင် အနီးကပ်ကြီးကြပ်ဆောင်ရွက်နေပါကြောင်း၊ လှိုင်သာယာမြို့နယ်သည် လူဦးရေထူထပ်သိပ်သည်းမှုကြောင့် ရောဂါကူးစက်နိုင်ခြေ လွန်စွာများခြင်း၊ နိုင်ငံတစ်ဝန်းမှ လူများစုဝေးရောက်ရှိနေခြင်းတို့ကြောင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများတွင် ဆေးမရရှိသော ကလေးများကို တွေ့ရှိရပါကြောင်း၊ သို့ဖြစ်၍ လှိုင်သာယာမြို့နယ်မှ ပြည်သူများ ယခုကာကွယ်ဆေးအပါအဝင် ရောဂါကာကွယ်ဆေးများ၏ အကျိုးကျေးဇူးများကို သိရှိရန်အတွက် ယခုအခမ်းအနားကို လှိုင်သာယာမြို့နယ်တွင် ကျင်းပရခြင်းဖြစ်ပါကြောင်း။

ယခု ရိုတာဗိုင်းရပ်စ် ရောဂါကာကွယ်ဆေးကို သတ်မှတ်ထားသော အသက်အရွယ်၌ နှစ်ကြိမ် တိုက်ကျွေးခြင်းဖြင့် ကလေးငယ်များ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှု၊ သေဆုံးမှုများ လျော့နည်းခြင်း၊ ကိုယ်ခန္ဓာနှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှုများ ကောင်းမွန်ခြင်း အကျိုးကျေးဇူးများ ရရှိနိုင်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ယခုကဲ့သို့ ပြည်သူများအတွက် ရောဂါ ကာကွယ်ဆေးများ တိုက်ကျွေးထိုးနှံခြင်းအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဌာနေကိုယ်စားလှယ် Dr. Stephan Paul Jost နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့မှ ဌာနေကိုယ်စားလှယ် Ms. June Kunugi တို့က အမှာစကား ပြောကြားကြသည်။

ဗဟိုအဆင့်ဖွင့်ပွဲအခမ်းအနား အောင်မြင်စွာဖွင့်လှစ်ပြီးနောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာသူများက တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၏ပြခန်းများကို လှည့်လည်ကြည့်ရှုပြီး ကာကွယ်ဆေးထိုး/ တိုက်နှံရန်လာရောက်လာသည့် ကလေးများကိုအားပေးကာ အမှတ်တရလက်ဆောင်များ ပေးအပ်သည်။ **သတင်းစဉ်**

---

● *ကျော်ဖုံးမှ*

ရောဝတီအသင်းသည် သုံးပွဲဆက် အနိုင်ရလဒ်ကြောင့် ဇယားထိပ်ပိုင်းတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ လက်ရှိ ချန်ပီယံရှမ်းယူနိုက်တက်အသင်းမှာမူ ရာသီအစမှာပင် ဒုတိယမြောက် ရှုံးပွဲကြုံတွေ့ခဲ့ပြီး ဖိအားများသွားခဲ့ရသလို ဇယားထိပ်ပိုင်းမှ အသင်းများနှင့်လည်း အမှတ်ကွာဟသွားခဲ့သည်။

နှစ်သင်းစလုံးအတွက် အရေးပါသည့်ပွဲဖြစ်သည့်အပြင် အသင်းကြီးနှစ်သင်း တွေ့ဆုံသောပွဲဖြစ်သောကြောင့် လူစုံထုတ်ကစားခဲ့သည်။ ဒဏ်ရာကြောင့် ရာသီအစပွဲစဉ်များကို လွဲချော်နေသည့် ရှမ်းယူနိုက်တက် ညာနောက်ခံလူ ဒေးဗစ်ဒန်းနှင့် ရောဝတီကွင်းလယ်ကစားသမား လွင်မိုးအောင်တို့ ယခုပွဲတွင် ပြန်လည်ပါဝင်လာပြီး ပွဲစကတည်းက နှစ်သင်းစလုံး အပြန်အလှန်တိုက်စစ်ဆင်နိုင်ခဲ့သည်။ ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သလို ပထမပိုင်းကတည်းက ဂိုးသွင်းခွင့်များ အပြန်အလှန်ဖန်တီးနိုင်ခဲ့သည်။ ဂိုးရနိုင်သည့်အခွင့်အရေးများ နှစ်သင်းစလုံး ရရှိခဲ့သော်လည်း အဆုံးသတ်အားနည်းခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင်လည်း နှစ်သင်းစလုံး တိုက်စစ်မြှင့်ခဲ့ပြီး ၄၇ မိနစ်တွင် ရှမ်းယူနိုက်တက် တိုက်စစ်မှူး ဇင်မင်းထွန်း၏ အနီးကပ်ကန်သွင်းမှုကို ရောဝတီဂိုးသမား ကျော်ဇင်ဖြိုး ကာကွယ်နိုင်ခဲ့သလို ရောဝတီအသင်းခေါင်းဆောင် သီဟဇော်၏ အပိုင်ကန်သွင်းမှုမှာလည်း လွဲချော်ခဲ့၍ နစ်နာခဲ့ရသည်။ ၅၆ မိနစ်တွင် ရောဝတီအသင်း အနိုင်ဂိုးရခဲ့ပြီးသီဟဇော်၏ ဖန်တီးပေးမှုကို ဆာဆက်က ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း ချေပဂိုးရရန် ကြိုးပမ်းသော်လည်း ရောဝတီအသင်းခံစစ်က အမှားအယွင်းမရှိ ထိန်းချုပ်နိုင်ခဲ့သည်။

မန္တလာသီရိကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာ သိပ္ပံ အသင်းက ချင်းယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ တန်းတက်နှစ်သင်း တွေ့ဆုံခြင်းဖြစ်ပြီး အား/ကာ သိပ္ပံအသင်းက ရှုံးပွဲဆက်နေမှုကို ရပ်တန့်ကာ ပထမဆုံး နိုင်ပွဲရယူနိုင်ခဲ့သည်။ အား/ကာ သိပ္ပံအသင်းအတွက် အနိုင်ဂိုးကို ၈၂ မိနစ်တွင် ထက်အာကာလင်းက သွင်းယူပေးခဲ့သည်။

ယမန်နေ့က သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဇွဲကပင်အသင်းနှင့် မကွေးအသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။

ပွဲစဉ်(၄) နောက်ဆုံးနေ့ကို ဖေဖော်ဝါရီ ၂ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် စစ်ကိုင်းအသင်း၊ ဝေဘာလီကွင်း၌ ရခိုင်အသင်းနှင့် ရတနာပုံအသင်း၊ ပဲခူး Grand Royal ကွင်း၌ ဟံသာဝတီအသင်းနှင့် Southern အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-ကိုဇေ**

---

❍ *ကျော်ဖုံးမှ*

သွားလာနေပြီး မူဆယ်မြို့ ဌာနဆိုင်ရာများနှင့် ပရဟိတအသင်းအဖွဲ့များ ဝိုင်းဝန်းပူးပေါင်း၍ မူဆယ်မြို့၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားလာခြင်း မရှိစေရန်အတွက် ကြိုတင်ကာကွယ်မှုများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

တရုတ်နိုင်ငံတွင် အလုပ်လုပ်ကိုင်နေကြသည့် မြန်မာအလုပ်သမားများသည် တရားမဝင်ဂိတ်များနှင့် တရားဝင်ဂိတ်များမှ မြန်မာနိုင်ငံ မူဆယ်မြို့သို့ နေ့စဉ်ဝင်ရောက်လျက်ရှိရာ မြန်မာနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်လာမှုမရှိစေရန်အတွက် မူဆယ်မြို့ အဝေးပြေးခရီးသည်ယာဉ်လိုင်း၊ သိန်းသန်းချီ ကားကြီးကွင်းတွင် မူဆယ်မြို့ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ညှိနှိုင်းမှုဌာန (ကလ)၊ မူဆယ်မြို့ မထသကော်မတီနှင့် ဌာနဆိုင်ရာပူးပေါင်းသည့်အဖွဲ့များက ခရီးသည်များထံ လက်ကမ်းစာစောင်ဖြန့်ဝေခြင်း၊ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခြင်း၊ အသိပညာဗဟုသုတများ ဟောပြောခြင်းနှင့် ဆပ်ပြာများဖြင့် လက်များကို စင်ကြယ်အောင်ဆေးကြောခြင်းတို့ကို လက်တွေ့ဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့သည်။

"မူဆယ်မြို့ အဝေးပြေးယာဉ်လိုင်း၊ သိန်းသန်းချီ ကားကြီးကွင်းကနေ မြန်မာနိုင်ငံ ဒေသအနှံ့ကို အဝင်/အထွက် သွားလာနေကြတဲ့ ခရီးသွားပြည်သူတွေဆီက ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကူးစက်လာခြင်း မရှိဖို့ ဌာနဆိုင်ရာပူးပေါင်းပါဝင်တဲ့အဖွဲ့ကနေ ခရီးသည်တွေကို အသိပညာပေးတဲ့အနေနဲ့ ကျွန်တော်တို့ လက်ကမ်းစာစောင်တွေ ဖြန့်ဝေပေးတယ်။ အသိပညာဗဟုသုတတွေ ဟောပြောတယ်။ နှာခေါင်းစည်းတွေကို အခမဲ့ဖြန့်ဝေပေးခြင်းနဲ့ ကျန်းမာရေးဌာနရဲ့ ညွှန်ကြားချက်နဲ့အညီ လက်တွေကို စင်ကြယ်အောင် စက္ကန့် နှစ်ဆယ် လက်တွေ့ဆေးကြောတာတွေ ပြုလုပ်စေတာဖြစ်တာပါ"ဟု လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း ကြီးကြပ်ညှိနှိုင်းမှုဌာန(ကလ)၊ မူဆယ်ခရိုင်ဦးစီးမှူး ဦးဇော်မင်းလှိုင်က ပြောကြားသည်။

မူဆယ်မြို့သည် တရုတ်နိုင်ငံ၌ အလုပ်လုပ်ကိုင်နေကြသည့် ပြောင်းရွှေ့မြန်မာအလုပ်သမားများ အဝင်/အထွက် သွားလာမှုအများဆုံးဖြစ်ပြီး ပြောင်းရွှေ့မြန်မာအလုပ်သမားများထံမှ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားလာခြင်းမရှိ စေရန်အတွက် လူထုထပ်ရာ နေရာများ၌ ယခုလိုအထူးကာကွယ်ဆောင်ရွက်ခြင်းများ ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

---



## ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ရန်ကုန်မြို့မှပြန်လည်ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၁

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ည ၈ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **သတင်းစဉ်**

# လှိုင်သာယာစက်မှုဇုန်ရှိ မာမားခေါက်ဆွဲစက်ရုံ မီးလောင်မှုဖြစ်

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်ရှိ စက်မှုဇုန်(၃) ဆိပ်ကမ်းသာလမ်းရှိ မာမားခေါက်ဆွဲစက်ရုံတွင် ဖေဖော်ဝါရီ ၁ ရက် မွန်းလွဲ ၁ နာရီ ၃၅ မိနစ်က မီးလောင်မှုဖြစ်ကြောင်း သိရသည်။

မီးလောင်ရာသို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူး ဦးသိန်းထွန်းဦး၊ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးဝင်း၊ ခရိုင်မီးသတ်ဦးစီးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး(ယာယီ)တို့ အနီးကပ်ကြီးကြပ်၍ အုပ်ချုပ်မှုယာဉ်ခုနစ်စီး၊ ရေသယ်ယာဉ် ၁၇ စီး၊ မီးသတ်ယာဉ် ၄၁ စီးနှင့်အတူ မီးသတ်တပ်ဖွဲ့ဝင် ၂၄၉ ဦး၊ အရန်တပ်ဖွဲ့ဝင် ၁၈၂ ဦးတို့ဖြင့် Level 3 အဆင့်သတ်မှတ်ကာ ငြိမ်းသတ်ခဲ့ပြီး ညနေ ၃ နာရီ ၇ မိနစ်တွင် မီးငြိမ်းခဲ့သည်။

မီးလောင်ရခြင်းအကြောင်းရင်းကို စုံစမ်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးလျက်ရှိပြီး အမှုဖွင့်အရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ အလားတူ ဇန်နဝါရီ ၂၅ ရက်ကလည်း လှိုင်သာယာမြို့နယ် (၁၈)ရပ်ကွက်တွင် မီးလောင်မှုကြောင့် အိမ်ခြေ ၂၀ ကျော် ဆုံးရှုံးခဲ့သည့်အတွက် ၂၀၂၀ ပြည့်နှစ် ပထမနှစ်လအတွင်း လှိုင်သာယာမြို့နယ်၌ မီးလောင်မှုနှစ်ကြိမ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **၁၆၄**



မီးလောင်မှုဖြစ်သည့် မာမားခေါက်ဆွဲစက်ရုံအား မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်စဉ်။ ဓာတ်ပုံ-အောင်သန်း

# ဝဖဲမြို့နယ်တွင် တရားမဝင် ဝင်ရောက်လာသူ ၁၁ ဦး ဖမ်းဆီးရမိ

**ငဖဲ ဖေဖော်ဝါရီ ၁**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် တောင်ပေါ်ဒေသ ပဘွေးကျေးရွာ၏အရှေ့ဘက် တစ်မိုင်ခန့်အကွာ ပနီချောင်းအနီးရှိ တောအတွင်း၌ ယနေ့နံနက် ၈ နာရီခွဲခန့်က တရားမဝင် ဝင်ရောက်လာသူ ၁၁ ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ယနေ့နံနက် ၆ နာရီခန့်က ငဖဲမြို့နယ် တောင်ပေါ်ဒေသ ပနီချောင်းအနီးရှိ တောတောင်များအတွင်း တရားမဝင် ဝင်ရောက်လာသူများရောက်ရှိနေကြောင်း သတင်းအရ ဂုတ်ကြီးရဲကင်းစခန်းမှ ရဲအုပ် ရဲနိုင်စိုး ဦးစီး၍ တပ်ဖွဲ့ဝင် ၁၁ ဦး ပါဝင်သောပူးပေါင်းအဖွဲ့က သွားရောက်ရှာဖွေရာ ကျောက်တော်မြို့နယ် လက်ဆောင်ကောက်ကျေးရွာမှ နေဇာမူဒီ(၂၈ နှစ်)အပါအဝင် တရားမဝင် ဝင်ရောက်လာသူ အမျိုးသား ၁၁ ဦးကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါတရားမဝင် ဝင်ရောက်လာသူ ၁၁ ဦးအား ငဖဲမြို့မရဲစခန်းတွင် အမှုဖွင့်စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မယု(ငဖဲ)**

# မှုခင်းအသိပညာပေး ဟောပြော

**အင်းစိန်**

အင်းစိန်မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး တင်လတ်၊ နယ်ထိန်းအရာရှိ ရဲအုပ် ဇာမဲဖုန်ရမ်၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (၆) မှ ဒုရဲအုပ် ဇော်ဦး၊ မူးယစ်တပ်ဖွဲ့စု (၄၀) မှ ဒုရဲအုပ် ဝေဖြိုးဦး၊ ယာဉ်ထိန်းတပ်ဖွဲ့စု (၆၉) မှ တပ်ဖွဲ့ဝင်များသည် အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် အောက်မင်္ဂလာဒုံလမ်း အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ဇန်နဝါရီ ၃၁ ရက် နံနက် ၁၀ နာရီက မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် သက်ငယ်မုဒိမ်းမှု၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **ဉာဏ်လင်း**

**ပုဗ္ဗသီရိ**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ထုံးဖိုမြို့မရဲစခန်းမှူး ဒုရဲမှူး မြသောင်းသည် ဇန်နဝါရီ ၃၁ ရက် မွန်းလွဲ ၁ နာရီခွဲက ရတနာဒီပရပ်ကွက် ဓမ္မာရုံတွင် ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး၊ ပြစ်မှုပြစ်ဒဏ်အကြောင်းနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(ရှုပဗေဒ)**



ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် (၁၀၇)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူ ၁၀၀ တို့အား ဇန်နဝါရီလ နောက်ဆုံးပတ်က ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်ရဲတပ်ဖွဲ့ ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး ဝင်းဗိုလ် မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဆောင်ရွက်စဉ်။
ရဲပြန်ကြား




## မြန်မာ့ရုပ်မြင်သံကြား

၂-၂-၂၀၂၀ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၆:၀၀ – တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ – Breakfast News
၇:၄၀ – လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် "ယဉ်ကျေးမှုအနုလက်ရာများနဲ့ အထင်ရှားဆုံးဂူ ကော့ဂွန်းဂူ"
၈:၃၅ – "ကမ္ဘာ့ရေဝပ်ဒေသများနေ့ အခမ်းအနား" (ဇီဝမျိုးစုံမျိုးကွဲများအစွန့်ရှည်ဖို့ ရေဝပ်ဒေသတွေထိန်းသိမ်းစို့) (Video Clip)
၉:၁၀ – "မင်္ဂလာပါအင်္ဂလိပ်စာ သင်ခန်းစာအစီအစဉ်" (အပိုင်း- ၉)
၉:၃၅ – MRTV Travelogue (သဘာဝရဲ့အလှတရားများဆီသို့) (အပိုင်း-၃)
၁၀:၀၀ – Sunday Talk
၁၁:၁၀ – လှပစုံလင် အာဆီယံတစ်ခွင်
၁၁:၂၀ – မှတ်မှတ်သားသား ပုံပြင်များ "ဆီပွတ်ကျည်ပွေ့"
၁၂:၅၀ – မြန်မာဂန္ထဝင်ရုပ်ရှင် "ဆောင်းအိပ်မက်"

**ညပိုင်း**

၁၅:၁၅ – MPT Myanmar National League 2020 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ရန်ကုန်ယူနိုက်တက် FC အသင်းနှင့် စစ်ကိုင်းယူနိုက်တက်FCအသင်း)
၁၈:၂၀ – ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု"စောလူးမင်း" (အပိုင်း–၁)
၁၈:၃၅ – သူတို့ဒေသသူတို့ဘဝ "ရှိန်းမကားမှ သဘာဝအလှ"
၂၀:၀၀ – ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀:၃၅ – "မြန်မာတစ်နိုင်ငံလုံး၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှု ၅၀% ရရှိစေရန် လျှောက်လှမ်းခဲ့သည့်ခရီးလမ်း" (Video Clip)
– "ဘဝနှင့်အနုပညာ" (ဖြတ်သန်းလာသမျှအနုပညာဘဝ) (မန်းရတနာပုံနှင့် စာနယ်ဇင်းအတွေ့အကြုံ)
– မြန်မာ့အငြိမ့်သဘင် ရေစီးကြောင်း(ဒုတိယခေတ်)

# ကျောက်ကြီးမြို့နယ်၌ ပေါ့ဆမီးကြောင့် အဆောက်အအုံ ကိုးလုံး မီးလောင်

**ကျောက်ကြီး ဖေဖော်ဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် သောင်လယ်ကျေးရွာအုပ်စု ရမ်ကစ်ကျေးရွာ၌ ဇန်နဝါရီ ၃၁ ရက် ညနေ ၃ နာရီခွဲခန့်က နေအိမ်မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုဖြစ်ကြောင်း သိရသည်။

ရမ်ကစ်ကျေးရွာနေသူ ဦးဂိုရာနက်(၅၀ နှစ်)၏နေအိမ် မီးဖို မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်ခြင်းဖြစ်ပြီး ညနေ ၅ နာရီခန့်တွင် မီးငြိမ်းခဲ့သည်။ မီးလောင်မှုကြောင့် လူနေအိမ် ရှစ်လုံးနှင့် နွားတင်းကုတ် တစ်လုံး မီးလောင်ဆုံးရှုံးသွားကြောင်း သိရသည်။



မီးလောင်မှုကြောင့် ပျက်စီးသွားသည့် နေအိမ်အဆောက်အအုံများ။

မီးလောင်မှုနှင့် ပတ်သက်၍ ဦးဂိုရာနက်အား မုန်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **ကိုသားကြီး( ကျောက်ကြီး)**

# လမ်းမတော်မြို့နယ်အတွင်း ခိုးမှုကျူးလွန်သူတစ်ဦး ဖမ်းဆီးရမိ

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် (၂)ရပ်ကွက် ကိုင်းတန်းလမ်း အမှတ်(၇၁) (၅)လွှာနေ တရားလိုဦး-----သည် ဇန်နဝါရီ ၁၆ ရက် နံနက် ၇ နာရီခွဲက ရုံးသွားနေစဉ် မွန်းလွဲ ၂ နာရီခန့်တွင် အဒေါ်ဖြစ်သူက တိုက်ခန်းတံခါး ပွင့်နေကြောင်း ဖုန်းဆက် အကြောင်းကြားသဖြင့် လိုက်လံကြည့်ရှုစစ်ဆေးရာ နေအိမ်အတွင်းရှိ HP လက်ပ်တော့တစ်လုံး၊ Apple လက်ပ်တော့တစ်လုံး၊ Sharp တီဗွီတစ်လုံးနှင့် ခရီးဆောင်လက်ဆွဲအိတ်တစ်လုံး စုစုပေါင်း တန်ဖိုးငွေကျပ် ၁၈၃၀၀၀၀ တို့မှာ ပျောက်ဆုံးနေသဖြင့် ပစ္စည်းများ ခိုးယူသွားသူအား ဖော်ထုတ်အရေးယူပေးပါရန် လမ်းမတော်မြို့မရဲစခန်းသို့ အမှုဖွင့်ခဲ့သည်။

အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် လမ်းမတော်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂၄ ရက် နံနက် ၇ နာရီခွဲက ခိုးမှုမသင်္ကာသူ ဇော်မင်းထွန်း(ခ) ဇော်ကြီးကို လမ်းမတော်မြို့နယ် အမှတ်(၃)ရပ်ကွက်တွင် ဖမ်းဆီးရမိ စစ်ဆေးခဲ့ရာ ပစ္စည်းများအား ၎င်း ခိုးယူခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သည်။

ဇော်မင်းထွန်း (ခ) ဇော်ကြီးကို အသေးစိတ်စစ်ဆေးခဲ့ရာ ၎င်းသည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတို့တွင် လမ်းမတော်မြို့နယ်အတွင်းရှိ နေအိမ်တိုက်ခန်းတစ်ခုအတွင်းမှ Lenovo လက်ပ်တော့တစ်လုံးနှင့် ဟာ့ဒ်ဒစ်တစ်လုံးကိုလည်းကောင်း၊ (၄)ရပ်ကွက် (၁၀)လမ်းရှိ နေအိမ်တိုက်ခန်းတစ်ခုအတွင်းမှ Dell လက်ပ်တော့တစ်လုံးနှင့် Toshiba တီဗွီတစ်လုံးကိုလည်းကောင်း၊ (၁၃)လမ်းရှိ နေအိမ်တိုက်ခန်းတစ်ခုအတွင်းမှ Sharp တီဗွီတစ်လုံးကို လည်းကောင်း၊ (၅)ရပ်ကွက် (၁၂)လမ်းရှိ နေအိမ်တိုက်ခန်းတစ်ခုအတွင်းမှ HP လက်ပ်တော့တစ်လုံးနှင့် Fujitsu လက်ပ်တော့တစ်လုံးကို လည်းကောင်း စုစုပေါင်း လက်ပ်တော့လေးလုံး၊ ဟာ့ဒ်ဒစ်တစ်လုံးနှင့် တီဗွီနှစ်လုံးတို့ကို ခိုးယူခဲ့ကြောင်း ထပ်မံစစ်ဆေးပေါ်ပေါက်သဖြင့် ခိုးမှုကျူးလွန်သူ ဇော်မင်းထွန်း(ခ)ဇော်ကြီးကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

# ခရီးသည်များကို ခြိမ်းခြောက်ငွေတောင်းသူများအား အလုပ်နှင့်ထောင်ဒဏ် ခုနစ်နှစ်စီ ချမှတ်

**မန္တလေး ဖေဖော်ဝါရီ ၁**

မန္တလေးမြို့၌ ခရီးသည်များကို ခြိမ်းခြောက်၍ ငွေတောင်းသူများအား မဟာအောင်မြေမြို့နယ် တရားရုံးက အလုပ်နှင့်ထောင်ဒဏ် ခုနစ်နှစ်စီ ချမှတ်လိုက်ကြောင်း သိရသည်။

အဆိုပါ အမှုမှာ ဦးအိုက်ထွန်းလူ၊ ဆမ်ဖောင်၊ မားမတို့နှင့်အတူ ဇန်နဝါရီ ၁ ရက် နံနက် ၅ နာရီခွဲက မန္တလေးမြို့ ပြည်ကြီးမျက်ရှင် ကားဝင်းမှ ဆိုင်ကယ်ကယ်ရီ နှစ်စီး ငှား၍ တည်းခိုခန်းသို့ လိုက်ပို့ခိုင်းခဲ့ကြောင်း၊ တည်းခိုခန်းတွင် အခန်းမရသဖြင့် ရန်ကုန် ကားလက်မှတ်ဖြတ်ရန် လိုက်ပို့ခိုင်းရာ ကယ်ရီသမားများက ယာဉ်တစ်စီးပေါ်သို့ တင်ပေးခဲ့ကြောင်း၊ ထို့နောက် အဆိုပါ ယာဉ်ပေါ်ပါ လူငါးဦးခန့်က ဦးအိုက်ထွန်းလူတို့ထံပါလာသည့် ငွေကျပ် ၆၃၀၀၀၀ နှင့် တရုတ်ယွမ်ငွေ ၁၂၀၀ တို့ကို ခြိမ်းခြောက်တောင်းယူသွားကြသဖြင့် အရေးယူပေးရန် တိုင်တန်းခဲ့သည်။

အမှုမှ ပြစ်မှုကျူးလွန်သူများ ဖြစ်ကြသည့် မန္တလေး ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက်နေသူ ဝင်းအောင်(ခေါ်) နွားကြီး၊ အောင်ပင်လယ်ရပ်ကွက်နေသူ မြင့်လွင်(ခေါ်) အောင်ပင်လယ်၊ ချမ်းအေးသာစံမြို့နယ် ၃၁ လမ်းနှင့် ၃၂ လမ်းကြား၊ ၇၆ နှင့် ၇၇ လမ်းကြား ဦးဖိုးသာဝင်းရပ်နေသူ ကျော်မင်းဦး၊ ချမ်းသာ၊ မျိုးမျိုး (ခေါ်) ဗိုလ်ခင်၊ သန့်ဇင် မြင့်ထွန်း(ခ) ဗိုလ်လေး၊ မင်းမင်းခိုင်(ခ) သားသားတို့ကို အမှတ်(၉) မြို့မရဲစခန်းက တရားစွဲဆို တင်ပို့လာ၍ မဟာအောင်မြေမြို့နယ် တရားရုံးက လက်ခံစစ်ဆေးခဲ့ပြီး ဇန်နဝါရီ ၂၇ ရက်က တရားခံများအား အလုပ်နှင့်ထောင်ဒဏ် ခုနစ်နှစ်စီ ကျခံစေရန် အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။ **အောင်စံမောင်**

# အစ္စရေးစစ်လေယာဉ်များက ဂါဇာကမ်းမြောင်ဒေသရှိ ဟားမားစ်တို့ကို တိုက်ခိုက်

**ဂါဇာ ဖေဖော်ဝါရီ ၁**

ပါလက်စတိုင်း စစ်သွေးကြွများသည် ယမန်နေ့က နယ်စပ်ဖြတ်ကျော်ကာ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ပြီးနောက် အစ္စရေးစစ်လေယာဉ်များက ဂါဇာကမ်းမြောင်ဒေသရှိ ဟားမားစ်တို့ကို ဖေဖော်ဝါရီ ၁ ရက်က ပြန်လည်တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးစစ်တပ်က ပြောကြားလိုက်သည်။

တိုက်လေယာဉ်များသည် ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်းရှိ ဟားမားစ်တို့ကို တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်ဟု အစ္စရေးစစ်တပ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ လက်နက်သိုလှောင်ရုံ၊ ဟားမားစ် အကြမ်းဖက်သမားများ အသုံးပြုရာ မြေအောက်အဆောက်အအုံများကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ကြောင်း အင်္ဂလိပ်ဘာသာနှင့် ဖော်ပြသော



ဂါဇာကမ်းမြောင်တောင်ပိုင်း၌ အစ္စရေးလေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသောနေရာများကို ပါလက်စတိုင်းများ ကြည့်နေစဉ်။

ကြေညာချက်တွင် အစ္စရေးစစ်တပ်က ဖော်ပြထားသည်။

သို့သော်လည်း သေဆုံးသတင်း ဖော်ပြခြင်းမရှိကြောင်း သိရသည်။

ဂါဇာဘက်မှ ဇန်နဝါရီ ၃၁ ရက်က နယ်စပ်ဖြတ်ကျော်ပြီး ဆက်တိုက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သလို မီးလောင်ဗုံးများ တပ်ဆင်ထားသော မီးပုံးပျံများဖြင့်လည်း အစ္စရေးတောင်ပိုင်းကို တိုက်ခိုက်မှုများ ပြုလုပ်ပြီးနောက် ယခုလို အစ္စရေးတို့ဘက်မှ ပြန်လည်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ယမန်နေ့က တရစပ်တိုက်ခိုက်မှုအပေါ် အစ္စရေးတို့၏ လက်တုံ့ပြန်တိုက်ခိုက်မှုတွင် ဂါဇာတောင်ပိုင်းရှိ ဟားမားစ်တို့၏ စစ်စခန်းတစ်ခုကိုလည်း အမြောက်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သေးကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် အငြင်းပွားနေသည့် ငြိမ်းချမ်းရေးအစီအစဉ်နှင့် ပတ်သက်ပြီး ပါလက်စတိုင်းကို ဒေါသထွက်နေချိန်တွင် ယခုလို အကြမ်းဖက်မှုများ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

**အေအက်ဖ်ပီ**

## လေဆိပ်ပေါင်း ၁၀၀ကို အဆင့်မြှင့်တင်သွားမည်ဟု အိန္ဒိယဘဏ္ဍာရေးဝန်ကြီးပြော

**နယူးဒေလီ ဖေဖော်ဝါရီ ၁**

၂၀၂၄ခုနှစ်တွင် အိန္ဒိယ၌ လေဆိပ်အသစ်ပေါင်း ၁၀၀ ကိုအဆင့်မြှင့်တင်သွားမည်ဟု အိန္ဒိယဘဏ္ဍာရေးဝန်ကြီး နီမာလာ ဆီသရာမန်းက ဖေဖော်ဝါရီ ၁ ရက်တွင် ပြောကြားခဲ့သည်။ ပါလီမန်တွင် နှစ်စဉ် ရသုံးမှန်းခြေငွေစာရင်းကို တင်ပြနေစဉ် ယခုလို အသိပေးကြေညာခဲ့ခြင်း ဖြစ်သည်။ ၂၀၁၇ ခုနှစ်မှ စတင်ကာ လေကြောင်းလိုင်းဖြင့် ခရီးသွားလာခြင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးနှင့် ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ချဲ့ထွင်ရန်၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရန်၊ အိန္ဒိယနိုင်ငံတစ်လွှားတွင် လေဆိပ်အခြေခံအဆောက်အအုံများဖွံ့ဖြိုးလာစေရန် အစီအစဉ်ရေးဆွဲခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

# အမေရိကန်နှင့် စစ်ရေးအရပူးပေါင်းမှုတိုးချဲ့ရန် အဆင်သင့်ဖြစ်နေပြီဟု ယူကရိန်းသမ္မတပြော

**ကီယက်ဗ် ဖေဖော်ဝါရီ ၁**

ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် အမေရိကန်နှင့် ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့သွားရန် ယူကရိန်းနိုင်ငံဘက်မှ အဆင်သင့်ဖြစ်နေပြီဟု ယူကရိန်းသမ္မတ ဗိုလိုဒီမာဇီလန်စကီးက ဇန်နဝါရီ ၃၁ ရက်တွင် ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည် ယူကရိန်းနိုင်ငံသို့ လာရောက်စဉ် သတင်းစာရှင်းလင်းပွဲ၌ ယခုလိုပြောကြားခဲ့ခြင်းဖြစ်သည်။



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုနှင့် ယူကရိန်းသမ္မတ ဇီလန်စကီးတို့ ကီယက်ဗ်မြို့၌ သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ်။

လုံခြုံရေးနယ်ပယ်တွင် ယူကရိန်းနိုင်ငံသည် အမေရိကန်နိုင်ငံနှင့်အတူ မိတ်ဖက်အသစ်အဖြစ် ဆောင်ရွက်သွားရန် အဆင်သင့်ဖြစ်နေပြီဟု သတင်းစာရှင်းလင်းပွဲတွင် မစ္စတာ ဇီလန်စကီးက ပြောကြားခဲ့သည်။

လိုအပ်သည့် လက်နက်များ တပ်ဆင်ခြင်းဖြင့် ယူကရိန်းရေတပ်နှင့်လေတပ်ကို အင်အားတောင့်တင်းလာစေရန် နှစ်ဖက်စလုံးမှဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။ ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များတွင် အမေရိကန်နှင့်အတူ ပူးပေါင်းကာ ပြုပြင်ပြောင်းလဲမှုများ အကောင်အထည်ဖော်သွားရန် ယူကရိန်းသမ္မတက အလေးထားလျက်ရှိသည်။

အမေရိကန်၏ ထိပ်တန်းလက်နက် ကုမ္ပဏီများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်ဦးနှစ်ဖက်အတွက် အကျိုးများစေမည်ဖြစ်ကြောင်းကိုလည်း ယူကရိန်းသမ္မတက ဆက်လက်ပြောကြားခဲ့သည်။

၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာသန်း ၇၀၀ အား ယူကရိန်းနိုင်ငံကို အကူအညီပေးရန် အမေရိကန်လွှတ်တော်မှ ထောက်ခံခဲ့ပြီး အဆိုပါငွေကြေး၏ထက်ဝက်ခန့်ကို လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များအတွက် အသုံးပြုသွားမည်ဖြစ်သည်။

**ဆင်ဟွာ**

## ကိုရိုနာဗိုင်းရပ်စ်ကာကွယ်မှုများ ဂျပန်အရှိန်မြှင့်လုပ်ဆောင်

**တိုကျို ဖေဖော်ဝါရီ ၁**

ရောဂါကူးစက်ခံရသည့် ခရီးသွားများကို ဟန့်တားနိုင်ရေးကြိုးစားမှုတစ်ရပ်အနေဖြင့် နယ်စပ်ထိန်းချုပ်မှုများအား တင်းကျပ်စွာဆောင်ရွက်နေသည့် နိုင်ငံများထဲတွင် ဂျပန်နိုင်ငံသည်လည်း ပါဝင်လျက်ရှိကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖေဖော်ဝါရီ ၁ ရက်က ဖော်ပြခဲ့သည်။

ဂျပန်အာဏာပိုင်များသည် လတ်တလောတွင် ဟူဘေးပြည်နယ်သို့ သွားရောက်လည်ပတ်ခဲ့သည့် နိုင်ငံခြားသားဝင်ရောက်မှုများကို တားမြစ်လိုက်ကြောင်း သတင်းရရှိသည်။

ဂျပန်နိုင်ငံက ကိုရိုနာဗိုင်းရပ်စ်ကို ကူးစက်ရောဂါအဖြစ် သတ်မှတ်ခဲ့ကာ ဗိုင်းရပ်စ်ကူးစက်ခံရသည်ဟု သံသယရှိသူများကိုလည်း ဆေးရုံသို့ပို့ဆောင်စေသည်။

ပြည်သူများကို သတ်မှတ်ထားသော ကာလအပိုင်းအခြားတစ်ခုအထိ အလုပ်မဝင်စေဘဲနေခိုင်းရန် အာဏာပိုင်များတွင် အခွင့်အာဏာရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနက ကိုရိုနာဗိုင်းရပ်စ်ရောဂါလက္ခဏာ ပြပြမပြပြ တရုတ်နိုင်ငံမှ ဆိုက်ရောက်သူအားလုံးကို မေးခွန်းပုံစံဖြည့်ခိုင်းထားကြောင်း သိရသည်။

ဟူဘေးပြည်နယ် ဝူဟန်မြို့မှ လူပေါင်း ၅၆၅ ဦး ကြိုပို့လေယာဉ်သုံးစင်းဖြင့် ဂျပန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း သိရသည်။ ယခုအချိန်အထိ ဂျပန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၀ ရှိကြောင်း အတည်ပြုထားသည်။

**အင်န်အိတ်ချ်ကေ**

## ပိုမိုခိုင်မာသည့်အဖွဲ့ကြီး တည်ထောင်နိုင်ရေး ဥရောပခေါင်းဆောင်များ ကတိပြု

**ဘရပ်ဆဲလ် ဖေဖော်ဝါရီ ၁**

ဥရောပသမဂ္ဂအဖွဲ့ကြီးမှ ဗြိတိန်နုတ်ထွက်သွားပြီးသည့်နောက် ပိုမိုခိုင်မာသည့်အဖွဲ့ကြီးအဖြစ် တည်ထောင်ရန် အဖွဲ့ဝင်နိုင်ငံများ ကတိပြုခဲ့ကြသည်။ ဗြိတိန်နှင့် လွတ်လပ်စွာကုန်သွယ်ခွင့် ဆွေးနွေးညှိနှိုင်းမှုများတွင် ဥရောပသမဂ္ဂအနေဖြင့် လိုက်လျောမှုများ ပြုလုပ်မည်မဟုတ်ဟုလည်း သတိပေးခဲ့ကြသည်။ ဇန်နဝါရီ ၃၁ ရက် ဗြိတိန်နိုင်ငံ ဥရောပသမဂ္ဂအဖွဲ့ကြီးမှ မထွက်ခွာမီအချိန်တွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဥရောပကောင်စီဥက္ကဋ္ဌ ချားလ်မီချယ်သည် ဇန်နဝါရီ ၃၁ ရက်ကို ထူးခြားသည့်နေ့အဖြစ် ပြောဆိုခဲ့သည်။ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံနှင့် ဆက်ဆံရေးဆိုးရွားသွားသည့်အတွက် ပျော်ရွှင်ဖွယ်ရာအမှတ်တရနေ့ မဖြစ်နိုင်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အဖွဲ့ကြီးအတွင်းကျန်ရှိနေသည့် အဖွဲ့ ဝင် ၂၇ နိုင်ငံသည် ပိုမိုအင်အားတောင့်တင်းသည့်အဖွဲ့ကြီးအဖြစ် တည်ဆောက်ရန် စွမ်းအင်များနှစ်မြှုပ်ထားကြောင်းကိုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာဗွန်ဒါလီယန်ကလည်း ကျန်ရှိနေသောအဖွဲ့ဝင်နိုင်ငံများသည် အကောင်းမြင်ခြင်း၊ အဆိုးမြင်ခြင်းများမရှိဘဲ စိတ်ခံတတ်ခိုင်မာစွာဖြင့် ရှေ့ဆက်ရန် သန္နိဋ္ဌာန်ချမှတ်ထားကြောင်း ပြောကြားခဲ့သည်။ ဗြိတိန်နှင့် ဆက်ဆံရေးတွင်လည်း အကောင်းဆုံးဖြစ်နိုင်သည့် ဆက်ဆံရေးမျိုးကိုသာ အလိုရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အီရန်အဏုမြူစွမ်းအင်အကြီးအကဲကို အမေရိကန်က အရေးယူဒဏ်ခတ်မှုများ ပြုလုပ်

**တီဟီရန် ဖေဖော်ဝါရီ ၁**

အီရန်အဏုမြူစွမ်းအင်အဖွဲ့အကြီးအကဲကို အမေရိကန်က မကြာသေးမီကာလအတွင်း အရေးယူဒဏ်ခတ်မှုများ ပြုလုပ်လိုက်သော်လည်း ယင်းသို့ပြုလုပ်မှုသည် အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ် ဖွံ့ဖြိုးတိုးတက်မှုအပေါ် သက်ရောက်လိမ့်မည် မဟုတ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အဲဘတ်မော်ဆာဗီက ယမန်နေ့တွင် ပြောကြားလိုက်သည်။


ယခုလို အီရန်အဏုမြူစွမ်းအင်အကြီးအကဲကို အရေးယူဒဏ်ခတ်ပိတ်ဆို့ခြင်းသည် ပထမဆုံးအကြိမ်မဟုတ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားလိုက်သည်။

သူ့အပေါ် အရေးယူဒဏ်ခတ်ပိတ်ဆို့ခြင်းက ဆိုးရွားလှသည့်လုပ်ရပ်ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

အီရန်နှင့် အမေရိကန် ဆက်ဆံရေးတင်းမာနေချိန်တွင် အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနကလည်း အီရန်အဏုမြူစွမ်းအင်အဖွဲ့ကြီးနှင့် ယင်းအဖွဲ့၏ အကြီးအကဲဖြစ်သူ ဆာလေဟီကို အရေးယူဒဏ်ခတ်ပိတ်ဆို့ခြင်းများ ပြုလုပ်ခဲ့သည်။

အမေရိကန်၏ ယခုလို ပြုလုပ်ဆောင်ရွက်ခြင်းအပေါ် အီရန်အဏုမြူစွမ်းအင်အဖွဲ့ကြီး၏ ပြောရေးဆိုခွင့်ရှိသူက ထင်ရာစိုင်းသည့် လုပ်ရပ်ဖြစ်ပြီး အဓိပ္ပာယ်မရှိကြောင်း ဝေဖန်ပြောကြားလိုက်သည်။

**ဆင်ဟွာ**



အီရန်အဏုမြူစွမ်းအင်အဖွဲ့ကြီး၏ အကြီးအကဲဖြစ်သူ ဆာလေဟီ။

# သွေးချင်းတို့ရဲ့ ပွဲတော်ဆီ (၂၀၂၀)တွင် ပါဝင်ဆင်နွှဲသူတို့၏ အမြင်များနှင့် ပီတိစကားသံများ

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကယားပြည်နယ်အစိုးရအဖွဲ့၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနှင့် ကယားပြည်နယ် တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းတို့ ဦးဆောင်ကျင်းပသော “သွေးချင်းတို့ရဲ့ ပွဲတော်ဆီ (၂၀၂၀)” အခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းမှစတင်ကာ ဖေဖော်ဝါရီ ၇ ရက်အထိ ရန်ကုန်မြို့ ကျိုက္ကဆံအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။**

အဆိုပါပွဲတော်တွင် တိုင်းရင်းသားရိုးရာပြခန်းများ၊ ရိုးရာအဝတ်အထည်များနှင့် အစားအသောက် အရောင်းဆိုင်များ၊ ပျော်ပွဲရွှင်ပွဲများလည်းပါဝင်ရာ အနယ်နယ်အရပ်ရပ်မှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိသည့်အပေါ် ၎င်းတို့၏ အမြင်များနှင့် ပီတိစကားသံများကို မြန်မာ့သတင်းစဉ်မှ ကောက်နုတ်ဖော်ပြလိုက်သည်။



ကိုကျော်မိုး



မမူစံထူး



ဦးသာစု(ခ)ဦးမြင့်ထွေး



မိခင်သက်ထားဇော်(ခ) မိကန္ဒန်းထော



ဦးညီညီမောင်



နန်းစံလိုင်း



မနွေးနွေး



ညီချိန်း

**ကိုကျော်မိုး (တောင်ကြီးမြို့နယ်မှ ပအိုဝ်းတိုင်းရင်းသား)**

ပအိုဝ်းတိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှုနဲ့ရိုးရာပစ္စည်းတွေကို လာရောက်ပြသခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူတယ်။ အခြားသော တိုင်းရင်းသားတွေရဲ့ ရိုးရာပြခန်းတွေကိုလည်း လေ့လာသိရှိခွင့်ရတဲ့အတွက် ဗဟုသုတတွေအများကြီးရတယ်။ တိုင်းရင်းသားတွေအားလုံး တစ်နေရာတည်းမှာ စုစုစည်းစည်းနဲ့ တွေ့ရတဲ့အတွက် ရင်ထဲမှာ ကြည်နူးမိတယ်။ ဒီပွဲတော်ဟာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုအတွက် အများကြီးအထောက်အကူပြုပါလိမ့်မယ်။

**မမူစံထူး (ရှမ်းပြည်နယ်၊ ပင်လောင်းမြို့နယ်မှ ပအိုဝ်းတိုင်းရင်းသူ)**

ဒီပွဲတော်ကို ပြီးခဲ့တဲ့နှစ်ကလည်း ရောက်ဖြစ်ပါတယ်။ ဒီပွဲမှာ ပြည်နယ်ပေါင်းစုံက တိုင်းရင်းသားပေါင်းစုံကို တွေ့ရတယ်။ သူ့တို့ရဲ့ ရိုးရာဓလေ့တွေ၊ လူနေမှုဘဝပုံစံတွေကို တစ်နေရာတည်းမှာ စုစုစည်းစည်းနဲ့ လေ့လာလို့ရတဲ့အတွက် ဒီပွဲတော်ဟာ တိုင်းရင်းသားတွေအတွက် တန်ဖိုးဖြတ်လို့မရတဲ့ ပွဲပါ။ တိုင်းရင်းသားတွေအချင်းချင်း ရိုးရာယဉ်ကျေးမှုတွေကို ဖလှယ်ခွင့်ရတာ အင်မတန်ကောင်းပါတယ်။ တစ်ဦးနဲ့တစ်ဦး ရင်းနှီးချစ်ကြည်မှုတွေ ပိုရလာနိုင်ပါတယ်။

**ဦးသာစု(ခ)ဦးမြင့်ထွေး (ဗမာတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ)**

မနှစ်က မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းကြီးကို ဖွဲ့စည်းလိုက်တယ်။ ကျွန်တော်တို့က ဗမာတိုင်းရင်းသားအသင်းအနေနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်တာပါ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ တိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့တွေကို တစ်ခုစီသွားရောက်ပြီး လေ့လာမယ်ဆိုရင် မလွယ်ပါဘူး။ အခုတော့ ဒီပွဲတော်ကြီးကြောင့် ဒီနေရာမှာ တစ်စုတစ်စည်းတည်း တွေ့ဆုံခွင့်ရတယ်။ လုပ်ငန်းတွေမှာလည်း ပူးပေါင်းဆောင်ရွက်ခွင့်ရတယ်။ တစ်ယောက်နဲ့တစ်ယောက် ပူးပေါင်းဆောင်ရွက်ခွင့်ရတဲ့အတွက် လူမှု၊ စီးပွားဘဝတွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်ပါတယ်။ နောက်ဆိုရင် နိုင်ငံတော်က အကောင်အထည်ဖော်တဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာလည်း ကျွန်တော်တို့တွေအားလုံး နိုင်သလောက်ကူကြမယ်။

**မိခင်သက်ထားဇော်(ခ) မိကန္ဒန်းထော (မွန်တိုင်းရင်းသူ)**

မွန်တိုင်းရင်းသူ တစ်ဦးအနေနဲ့ ဖျော်ဖြေရေးအစီအစဉ်မှာပါဝင်တာပါ။ ကိုယ့်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုတွေကို ပြသခွင့်ရတဲ့အတွက် မွန်လူငယ်တစ်ဦးအနေနဲ့ ဂုဏ်ယူတယ်။ အခြားသော တိုင်းရင်းသားတွေရဲ့ ကိုယ်ပိုင်ယဉ်ကျေးမှုတွေကိုလည်း သိခွင့်ရတဲ့အတွက် ဒီပွဲဟာ တိုင်းရင်းသားတွေရဲ့ စည်းလုံးမှုကိုပြသတဲ့ပွဲလို့မြင်တယ်။ တိုင်းရင်းသားတွေ အားလုံးကို အခုလို တစ်စုတစ်စည်းတည်းတွေ့ရတဲ့ ခံစားချက်ဟာ ကြည်နူးဖို့ကောင်းတယ်။

**ဦးညီညီမောင် (ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသား လုပ်ငန်းရှင်များအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး)**

ဒီပွဲတော်ဟာ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ တိုင်းရင်းသားတွေကို တစ်နေရာတည်းမှာ မြင်တွေ့ရမယ့်ပွဲတော်ဖြစ်တယ်။ အရင်တုန်းက ပြည်ထောင်စုပွဲလိုပုံစံမျိုးပါပဲ။ တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှုရိုးရာဓလေ့စရိုက်တွေကိုလည်း လေ့လာနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အသင်းအနေနဲ့ ရခိုင်ရိုးရာ ဒင်္ဂါးတွေ၊ ရိုးရာအဝတ်အထည်တွေ၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်မယ့် မြောက်ဦးမြို့ရဲ့ ပြကွက်တွေအပါအဝင် ပြကွက် ၁၀ ကွက်ကို ပြသထားပါတယ်။ ကျောင်းသား ကျောင်းသူတွေအပါအဝင် အားလုံးလာရောက်လေ့လာသင့်ပါတယ်။ တိုင်းရင်းသားတွေအားလုံးရဲ့ ရိုးရာဓလေ့တွေကို မြင်တွေ့ခွင့်ရတဲ့အတွက် ကျွန်တော်တို့ တိုင်းရင်းသားတွေ အချင်းချင်းကြားမှာ နားလည်မှုတွေ ပိုရှိလာတယ်။ ဒါတွေဟာ ကျွန်တော်တို့နိုင်ငံမှာ လိုအပ်နေတဲ့ ငြိမ်းချမ်းရေးပန်းတိုင်ကို ဒီပွဲတော်ကြီးကနေ ဖော်ဆောင်ခွင့်ရနိုင်တဲ့အတွက် အင်မတန်မှ တန်ဖိုးကြီးပါတယ်။

**နန်းစံလိုင်း (တောင်ကြီးမြို့မှ ရှမ်းတိုင်းရင်းသူ)**

ဒီပွဲဟာ တိုင်းရင်းသားအားလုံး စုပေါင်းပြီး ပြုလုပ်တဲ့ပွဲဆိုတော့ ရှမ်းတိုင်းရင်းသူတစ်ယောက်အနေနဲ့ပါဝင်ခဲ့တာပါ။ ကိုယ့်ရဲ့ ရိုးရာယဉ်ကျေးမှုတွေကိုလည်း ချပြခွင့်ရတဲ့အပြင် အခြားတိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံတွေကို မြင်တွေ့ခွင့်တွေရလာတယ်။ ယဉ်ကျေးမှုတွေကို ဖလှယ်ခွင့်ရတဲ့အတွက် အချင်းချင်းစည်းလုံးညီညွတ်မှုကို ရရှိစေတယ်လို့ခံစားမိတယ်။ ဒီပွဲဟာ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုကို ဖော်ဆောင်တဲ့ပွဲဖြစ်တယ်။ ငြိမ်းချမ်းရေးဖော်ဆောင်တဲ့အခါမှာလည်း အထောက်အကူဖြစ်မယ်လို့ ယုံကြည်ပါတယ်။

**မနွေးနွေး (မိုးကုတ်မြို့မှ ဓနုတိုင်းရင်းသူ)**

ဒီပွဲတော်မှာ တိုင်းရင်းသားတွေအနေနဲ့ ကိုယ့်ရဲ့ကိုယ်ပိုင်ယဉ်ကျေးမှုတွေကို ပြသခွင့်ရသလို ကိုယ့်ဒေသထွက်ကုန်တွေကိုလည်း ချပြခွင့်ရတဲ့အတွက် တိုင်းရင်းသားတွေအားလုံးအတွက် ထူးခြားတဲ့ပွဲပါ။ ဒီပွဲတော်မှာ တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနဲ့ ပျော်ပျော်ရွှင်ရွှင် တွေ့ရတယ်။ ဒါတွေဟာ တိုင်းရင်းသားအားလုံး မျှော်လင့်နေတဲ့ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းတွေလို့ မြင်ပါတယ်။ တိုင်းရင်းသားတွေအချင်းချင်း ရိုးရာယဉ်ကျေးမှုတွေကိုလည်း ဖလှယ်ခွင့်ရတဲ့အတွက် ဒီလိုပွဲတော်တွေကို များများလုပ်ပေးသင့်ပါတယ်။

**ညီချိန်း (လားရှိုးမြို့မှ ‘ဝ’တိုင်းရင်းသား)**

တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာတွေကို တစ်နေရာတည်းမှာ လေ့လာခွင့်ရတဲ့အတွက် ကျွန်တော်တို့လို လူငယ်တွေအတွက် အများကြီးအကျိုးကျေးဇူးရှိတဲ့ပွဲပါ။ တိုင်းရင်းသားတွေအချင်းချင်းလည်းမိတ်ဖွဲ့ခွင့်ရတယ်။ ကိုယ့်ရဲ့ယဉ်ကျေးမှုတွေကိုလည်း ပြခွင့်ရတဲ့အတွက် ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုတွေကိုလည်း သိရှိသွားမယ်။ အခြားသော တိုင်းရင်းသားတွေရဲ့ သမိုင်းကြောင်းနဲ့ ယဉ်ကျေးမှုတွေကိုလည်း သိရှိခွင့်ရတဲ့အတွက် တိုင်းရင်းသားအချင်းချင်း တစ်ဦးနဲ့တစ်ဦး အပြန်အလှန်လေးစားချစ်ခင်မှု၊ နားလည်ရင်းနှီးမှုတွေ ရလာစေပါတယ်။ ဒီပွဲတော်မှာတွေ့မြင်ရတဲ့အတိုင်း တိုင်းရင်းသားတွေအချင်းချင်း တစ်ဦးနဲ့တစ်ဦး နားလည်မှုရှိပြီး အချင်းချင်း ကူညီထောက်ပံ့မှုတွေပေးကြရင်းနဲ့ ရှေ့ဆက်သွားကြမယ်ဆိုရင် ကျွန်တော်တို့ မျှော်လင့်နေတဲ့ ငြိမ်းချမ်းရေးရရှိတော့မှာပါ။

**တွေ့ဆုံမေးမြန်း–ဇော်ကြီး**

**ဓာတ်ပုံ–ဖေဇော်**



“သွေးချင်းတို့ရဲ့ ပွဲတော်ဆီ” မုခ်ဦးဖွင့်ပွဲတွင် တိုင်းရင်းသားများ ကပြဖျော်ဖြေကြစဉ်။

သတင်းစဉ်

# (၇၂)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း

*ယမန်နေ့မှအဆက်*

၃၆။ ပလ္လင်အမှတ် (၁၈၇) အရှင်အရိယဝံသ (ငါန်းဇွန်)၊ အသက် (၂၅) နှစ်၊ သိက္ခာ (၅)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃၇။ ပလ္လင်အမှတ် (၁၉၁) ရှင်ကောဝိဒါလင်္ကာရ၊ အသက် (၁၈) နှစ်၊ သိက္ခာ (၆) ဝါ မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့၊ မန္တလေးတိုင်းဒေသကြီး **(အထူးအောင်)**

၃၈။ ပလ္လင်အမှတ် (၁၉၃) အရှင်နန္ဒောဘာသာဘိဝံသ၊ အသက် (၃၆) နှစ်၊ သိက္ခာ (၁၆) ဝါ မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့၊ မန္တလေးတိုင်းဒေသကြီး

၃၉။ ပလ္လင်အမှတ် (၁၉၆) အရှင်ဝါယာမိန္ဒ၊ အသက် (၃၅) နှစ်၊ သိက္ခာ (၁၃) ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၄၀။ ပလ္လင်အမှတ် (၁၉၇) အရှင်သိရီဇေယျ၊ အသက် (၃၁) နှစ်၊ သိက္ခာ (၁၂) ဝါ ရွှေမြိုင်ထေရာဝါသဝါးခယ်မကျောင်း၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၄၁။ ပလ္လင်အမှတ် (၁၉၈) အရှင်ယသ၊ အသက် (၃၂) နှစ်၊ သိက္ခာ (၁၂) ဝါ ယောကျောင်း၊ မြတောင်တိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး **(အထူးအောင်)**

၄၂။ ပလ္လင်အမှတ် (၁၉၉) အရှင်လက္ခဏ၊ အသက် (၃၂) နှစ်၊ သိက္ခာ(၁၁)ဝါ မဟာသုဗောဓာရုံကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၄၃။ ပလ္လင်အမှတ် (၂၀၀) အရှင်သီလဝံသ၊ အသက် (၃၀) နှစ်၊ သိက္ခာ (၁၁) ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၄။ ပလ္လင်အမှတ် (၂၀၂) အရှင်အာစာရ၊ အသက် (၃၀) နှစ်၊ သိက္ခာ (၁၀) ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၅။ ပလ္လင်အမှတ် (၂၀၄) အရှင်ဓမ္မာနန္ဒ၊ အသက် (၃၀) နှစ်၊ သိက္ခာ (၁၀) ဝါ ရွှေတောင်ဦး တိပိဋက ဓမ္မပါလမဟာဝိဟာရကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၄၆။ ပလ္လင်အမှတ် (၂၀၆) အရှင်ခေမာနန္ဒ၊ အသက် (၃၁) နှစ်၊ သိက္ခာ (၁၀) ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၇။ ပလ္လင်အမှတ် (၂၀၈) အရှင်ဓမ္မာနန္ဒ(နတ်မောက်)၊ အသက် (၂၉) နှစ်၊ သိက္ခာ (၉) ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၄၈။ ပလ္လင်အမှတ် (၂၁၁) အရှင်ဩဘာသေဠ၊ အသက် (၃၁) နှစ်၊ သိက္ခာ (၈) ဝါ သန္တာရုံကျောင်း၊ ဇီးချိုကုန်းရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး **(အထူးအောင်)**

၄၉။ ပလ္လင်အမှတ် (၂၁၄) အရှင်ဝဏ္ဏိသရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈) ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၀။ ပလ္လင်အမှတ် (၂၁၅) အရှင်စန္ဒိမာလင်္ကာရ၊ အသက် (၂၇) နှစ်၊ သိက္ခာ (၈) ဝါ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၊ အောင်ချမ်းသာရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅၁။ ပလ္လင်အမှတ် (၂၁၉) အရှင်သမ္ဗုဏ္ဏ၊ အသက် (၂၇) နှစ်၊ သိက္ခာ (၇) ဝါ ဖားအောက်တောရစာသင်တိုက်၊ ဘွက်ကြီးကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၂။ ပလ္လင်အမှတ် (၂၂၁) အရှင်သူရဓမ္မာလင်္ကာရ၊ အသက် (၂၆) နှစ်၊ သိက္ခာ (၆) ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅၃။ ပလ္လင်အမှတ် (၂၂၂) အရှင်ဣန္ဒာစရိယာလင်္ကာရ၊ အသက် (၂၇) နှစ်၊ သိက္ခာ (၆) ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၄။ ပလ္လင်အမှတ် (၂၂၃) အရှင်မဏိဇောတ၊ အသက် (၂၆) နှစ်၊ သိက္ခာ (၆) ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၅။ ပလ္လင်အမှတ် (၂၂၄) အရှင်ကုသလ၊ အသက် (၂၅) နှစ်၊ သိက္ခာ (၅) ဝါ မင်းကွန်းတိပိဋကနိကာယကျောင်းတိုက်၊ ရွာင်မြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း**(အထူးအောင်)**

၅၆။ ပလ္လင်အမှတ် (၂၂၆) အရှင်ဥတ္တမသာရ၊ အသက် (၂၄) နှစ်၊ သိက္ခာ (၅) ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၇။ ပလ္လင်အမှတ် (၂၂၉) အရှင်ဥတ္တမာနန္ဒာလင်္ကာရ၊ အသက် (၂၅) နှစ်၊ သိက္ခာ(၄) ဝါ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅၈။ ပလ္လင်အမှတ် (၂၃၀) အရှင်ခန္တီစာရာလင်္ကာရ၊ အသက် (၂၄) နှစ်၊ သိက္ခာ (၄) ဝါ အောင်မင်္ဂလာကျောင်းတိုက်၊ တောင်ကြီးမြို့ ရှမ်းပြည်နယ်(တောင်ပိုင်း)

၅၉။ ပလ္လင်အမှတ် (၂၃၁) အရှင်ဉာဏဝံသာလင်္ကာရ၊ အသက် (၂၅) နှစ်၊ သိက္ခာ (၃) ဝါ မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆၀။ ပလ္လင်အမှတ် (၂၃၂) အရှင်သောဘနာလင်္ကာရ၊ အသက် (၂၂) နှစ်၊ သိက္ခာ(၂) ဝါ တိပိဋကဓမ္မနာဒကျောင်းတိုက်၊ မင်းကွန်းရွာ၊ စစ်ကိုင်းမြို့ စစ်ကိုင်းတိုင်းဒေသကြီး

# အမြို့မြို့အနယ်နယ်၌ ကျင်းပမည့်ပွဲများ

## မန္တလေးမြို့၌ တိုင်းရင်းသားလူမျိုးစုများ ဈေးရောင်းပွဲတော်

မန္တလေးမြို့တွင် (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တိုင်းရင်းသားလူမျိုးစုများ ဈေးရောင်းပွဲတော်ကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအဆင့်မြင့်အားကစားကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတော်တွင် မန္တလေးမြို့ အခြေချတိုင်းရင်းသားလူမျိုးစု ၁၈ မျိုး ပါဝင်ကြောင်း၊ ဆိုင်ခန်းများနှင့် ပြခန်းများ၊ စာအုပ်အရောင်းဆိုင်များ စုစုပေါင်း ဆိုင်ခန်း ၈၀ ကျော် ပါဝင်မည်ဖြစ်ကြောင်း၊ ညပိုင်းများတွင် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု အကအလှဖျော်ဖြေပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း၊ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများကို အခမဲ့ခွဲစိတ်ကုသ

စစ်ကိုင်းတောင်ရိုးရှိ သီတဂူအာယုဒါနဆေးရုံတော်၌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများကို မတ် ၂၃ ရက်မှ ဧပြီ ၃ ရက်အထိ အခမဲ့ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။ အမေရိကန်နိုင်ငံမှ အထူးကုဆရာဝန်များ ကိုယ်တိုင်ကုသပေးမည်ဖြစ်ကာ လူနာများအနေဖြင့် ဖုန်း ၀၉-၅၀၁၈၆၇၈၊ ၀၉-၄၂၃၇၀ ၉၄၀၆၊ ၀၉-၄၄၂ ၀၇၈၈၀၀၊ ၀၉-၇၉၇၈၂၆၂၃၃ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း၊ ခွဲစိတ်ခနှင့် ဆေးရုံ၏ ဝန်ဆောင်မှုအားလုံး (အတွင်းလူနာအဖြစ် တက်ရောက်ကုသမှုအပါအဝင်)ကို လူနာတစ်ဦးတည်းသာ ကုသိုလ်ဖြစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ခရီးစရိတ်နှင့် လိုက်ပါလာသော မိသားစုအားလုံးအတွက် စားစရိတ်၊ နေစရိတ် မပါဝင်ကြောင်း သိရသည်။

**သန်းထိုက်**

## ရန်ကုန်၌ မွန်အမျိုးသားနေ့အခမ်းအနား

(၇၃)နှစ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ပြည်လမ်း မြေနီကုန်းကားမှတ်တိုင်အနီးရှိ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်၌ ဖေဖော်ဝါရီ ၉ ရက် ညနေ ၅ နာရီမှ ည ၁၁ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ကျင်းပရေးကော်မတီ စည်းရုံးရေးတာဝန်ရှိသူထံမှ သိရသည်။ အဆိုပါ အခမ်းအနားတွင် မွန်အမျိုးသားတို့၏ မွန်စာပေ၊ မွန်ယဉ်ကျေးမှုစာအုပ်စာပေ သမိုင်းမှတ်တမ်းစာအုပ်အရောင်းဆိုင်များ၊ တေးဂီတဖျော်ဖြေတင်ဆက်မှုများနှင့် မွန်အစားအစာကို စတုဒိသာကျွေးမွေးဧည့်ခံမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## လောကမုနိအောင်မြေချမ်းသာရ ဆုတောင်းပြည့်ဘုရားကြီး ဗုဒ္ဓဘိသေက မင်္ဂလာအခမ်းအနား

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချို(၁)ရပ်ကွက် အောင်မြေသုခကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်ထားသော "လောကမုနိအောင်မြေချမ်းသာရ ဆုတောင်းပြည့်ဘုရားကြီး" တတိုင်းရစေတီတော်၊ နဂါးရုံဘုရား၊ အောင်ဓမ္မစကြာဘုရား၊ မျက်တော်ပြေဘုရားအဆူဆူတို့ကို (၁၉) ကြိမ်မြောက် ဗုဒ္ဓဘိသေကမင်္ဂလာကို ဖေဖော်ဝါရီ ၇ ရက်မှ ၉ ရက်အထိ အဆိုပါကျောင်းဝင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပွဲတော်၌ ဖေဖော်ဝါရီ ၈ ရက်တွင် အငြိမ့်နှင့် ဖျော်ဖြေရေးအစီအစဉ်များ၊ ဖေဖော်ဝါရီ ၉ ရက် ညနေတွင် ဘုရားအမှူးရှိသော ပင့်သံဃာတော် အပါး ၁၂၀ တို့အား ဆွမ်းဆန်စိမ်း လောင်းလှူကြမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**



# သန်လျင် ကျိုက်ခေါက်စေတီတော်မြတ် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီက စေတီတော်မြတ်ရှေ့ဘက်တွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဒုတိယရဲမှူးကြီး ကျော်မိုးကြည် (ငြိမ်း) နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး နိုင်ငံတော်သံဃမဟာနာယက အကျိုးတော်ဆောင်၊ စေတီတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ သန်လျင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသက မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုပ်နှိပ် ဖွင့်လှစ်ပေးသည်။

သန်လျင်မြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ (တပို့တွဲလ) ဗုဒ္ဓပူဇနိယပွဲတော်သည် အောက်မြန်မာပြည်၏ အစည်ကားဆုံးပွဲတော်တစ်ခုဖြစ်၍ အနယ်နယ်အရပ်ရပ်မှ ဒေသထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများအား တစ်နေရာတည်းတွင် ဝယ်ယူနိုင်ကာ ပျော်ပွဲရွှင်ပွဲဇာတ်သဘင်ပွဲများ၊ မြန်မာ့ရိုးရာလက်ဝှေ့ပွဲများ၊ မြန်မာ့ရိုးရာခြင်းအလှခတ်ပြိုင်ပွဲများ၊ စတုဒိသာကျွေးမွေးလှူဒါန်းပွဲများဖြင့် ဖေဖော်ဝါရီ ၁ ရက်မှ ၉ ရက်အထိ ကိုးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဝင်း (သန်လျင်)**

# တောင်ငူမြို့၌ မိဘမဲ့ကလေးများအား အာဟာရဒါနကုသိုလ်ပြုလှူဒါန်း

**တောင်ငူ ဖေဖော်ဝါရီ ၁**

တောင်ငူမြို့ (၁၈)ရပ်ကွက် သပြေစမ်းရှိဇေယျာသီရိသီလရှင်စာသင်တိုက်နှင့် မိဘမဲ့ အမျိုးသမီးကလေးများဖွံ့ဖြိုးရေး ပရဟိတဂေဟာမှ ကျောင်းသူ ၁၁၅ ဦးတို့အား တောင်ငူမြို့နေ သတင်းစာဆရာကြီး ဦးကျော်လှ (သမာဓိ) မိသားစုက အာဟာရဒါနကျွေးမွေးလှူဒါန်း၍ ကျောင်းအတွက် လိုအပ်လျက်ရှိသည့် အားကစားပစ္စည်းများကိုလည်း ပေးအပ်လှူဒါန်းရာ ပရဟိတဂေဟာမှူး ဒေါ်နန်းညိုနှင့် တာဝန်ခံ သီလရှင်များက လက်ခံရယူပြီး အလှူရှင်မိသားစုအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **(အောက်ပုံ)**




အဆိုပါ အမျိုးသမီးကလေးများ ပရဟိတဂေဟာကို ၁၉၅၈ ခုနှစ်တွင် သီလရှင်ဆရာကြီးများဖြစ်ကြသော ဒေါ်နန္ဒထေရီ (ဓမ္မာစရိယ)နှင့် ဒေါ်ခေမာနန္ဒီ (သဒ္ဓမ္မဇောတိကဓဇ ဓမ္မာစရိယ) တို့က စတင်တည်ထောင်ခဲ့ခြင်းဖြစ်၍ ၎င်းတို့ကွယ်လွန်ပြီးနောက် တာဝန်ခံဆရာမကြီး ဒေါ်နန်းညို၊ သီလရှင် ဆရာလေးများဖြစ်ကြသော ဒေါ်ဘဒ္ဒထေရီ၊ ဒေါ်ကစ္စနာထေရီနှင့် ဒေါ်သီရိသက်မွန်ဝင်းတို့က တာဝန်ယူဆောင်ရွက်လျက်ရှိကြပြီး အဆိုပါဂေဟာမှ ကျောင်းသူ ၂၀ တို့အား တက္ကသိုလ်အသီးသီးမှ ဘွဲ့ရပညာတတ်အဖြစ် မွေးထုတ်ပေးနိုင်ခဲ့ကာ လှူဒါန်းလိုသူများ အနေဖြင့် ဂေဟာမှူး ဒေါ်နန်းညို ၀၉-၄၂၈၁၁၃၉၉၄ နှင့် ၀၉-၂၅၄၀-၆၈၉၀၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

၀၄၈

# ပဲခူး၌ တန်ဖိုးနည်းအိမ်ရာစီမံကိန်းများ ဆောက်လုပ်ရန် တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ တင်ပြ



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများ တွေ့ဆုံစဉ်။

**ပဲခူး ဖေဖော်ဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အတွင်း တန်ဖိုးနည်း၊ တန်ဖိုးသင့်နှင့် တန်ဖိုးမျှတ အိမ်ရာစီမံကိန်းများ ဆောက်လုပ်နိုင်ရန်အတွက် Pride Myanmar Development (PMD) ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်အား ပဲခူးမြို့ရှိ အစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်ဧည့်ခန်းမ၌ ဇန်နဝါရီ ၃၁ ရက်က လာရောက်တွေ့ဆုံ၍ စီမံကိန်းများအကြောင်းကို ရှင်းလင်းတင်ပြခဲ့သည်။

တွေ့ဆုံရာတွင် ကုမ္ပဏီဥက္ကဋ္ဌ ဦးမင်းကျော်ဆန်းနိုင်က တိုင်းဒေသကြီးဝန်ကြီးချုပ်အား တန်ဖိုးနည်း၊ တန်ဖိုးသင့်၊ တန်ဖိုးမျှတ အိမ်ရာစီမံကိန်းများ ဆောင်ရွက်ရန် ပဏာမ ရွေးချယ်ထားသည့် မြေနေရာသုံးခုနှင့် လုပ်ဆောင်သွားမည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီးအတွင်း မြို့ပြအိမ်ရာများနှင့်ပတ်သက်၍ တိုင်းဒေသကြီး မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်၍ ပူးပေါင်းဆောင်ရွက်မည်ဆိုပါက ပို၍ အဆင်ပြေမည်ဖြစ်ကြောင်း၊ မြို့ပြတစ်ခု ဖွံ့ဖြိုးတိုးတက်ခြင်းသည် အလုပ်အကိုင် အခွင့်အလမ်းများအပေါ်တွင်လည်း မူတည်ကြောင်း၊ အဓိကအားဖြင့် လူဦးရေ တိုးတက်များပြားလာခြင်းနှင့်အတူ အိုးအိမ်လိုအပ်မှုလည်း ဖြစ်ပေါ်လာနိုင်မည်ဖြစ် ကြောင်း၊ မြေနေရာလိုအပ်ချက်နှင့်ပတ်သက်၍ မိမိတို့အစိုးရအဖွဲ့က ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အိမ်ရာမဲ့များ အိမ်ငှားအဆင့်မှ တိုက်ခန်းပိုင်ရှင်အဆင့် ရောက်ရှိနိုင်စေရန် ယခုလို လာရောက်ကမ်းလှမ်းမှုကို ကြိုဆိုကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။ **တင်စိုး(ပဲခူး)**

## (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ ညစာစားပွဲတွင် သွားရောက်ဖျော်ဖြေမည့် ကရင် ယဉ်ကျေးမှုအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ထံမှ ဆုံးမဩဝါဒခံယူ

**ဘားအံ ဖေဖော်ဝါရီ ၁**

(၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ ညစာစားပွဲ အခမ်းအနားတွင် ကရင်ပြည်နယ်ကို ကိုယ်စားပြု၍ သွားရောက်ဖျော်ဖြေကြမည့် ကရင်ပြည်နယ်ယဉ်ကျေးမှုအဖွဲ့သည် ဇန်နဝါရီ ၃၀ ရက် ညနေပိုင်းက ဘားအံမြို့ သီရိကွင်း၌ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများထံမှ ဆုံးမဩဝါဒခံယူ၍ ယဉ်ကျေးမှု အကအလှများဖြင့် ကပြဖျော်ဖြေခဲ့သည်။

ဩဝါဒခံယူပွဲတွင် ကရင်ပြည်နယ်ယဉ်ကျေးမှုအဖွဲ့မှ လူငယ်မောင်မယ်များက ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများအား ဂါရဝပြု ကန်တော့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဩဝါဒစကားများ ပြောကြားသည်။

ထို့နောက်ပြည်နယ်ယဉ်ကျေးမှုအဖွဲ့မှအဖွဲ့ဝင် လူငယ်မောင်မယ်များက စည်းလုံးခြင်းသည် အင်အားဟု အဓိပ္ပာယ်ရသော "အောဟုအောဟောင်" သီချင်းနှင့် "ကရင်ပြည်နယ်မှ လှိုက်လှဲစွာဖိတ်ခေါ်ပါ၏" သီချင်းများဖြင့် ဖျော်ဖြေကြသည်။ ထို့အပြင် ပြည်ထောင်စုနေ့ ညစာစားပွဲတွင် ဖျော်ဖြေမည့် "စည်းလုံးညီညာ ပြည်သာယာ" တေးသီချင်းကိုလည်း အကအစီအစဉ်များဖြင့် ပေါင်းစပ်ဖျော်ဖြေခဲ့ပြီးနောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်အစိုးရအဖွဲ့မှ ဂုဏ်ပြုချီးမြှင့်သည့် ဆုငွေများကို ပြည်နယ်ယဉ်ကျေးမှုအဖွဲ့ဝင်များထံ ပေးအပ်ချီးမြှင့်ခဲ့သည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် လားရှိုးမြို့နယ်မှ ဒေသခံပြည်သူများတွေ့ဆုံ

**လားရှိုး ဖေဖော်ဝါရီ ၁**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်သည် လားရှိုးမြို့မှ ဒေသခံပြည်သူများအား ဇန်နဝါရီ ၂၉ ရက်က မြို့တော်ခန်းမ၌ တွေ့ဆုံကာ Mobile Service Delivery ဖြင့် ဆောင်ရွက်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုစာရင်းနှင့် ယာဉ်မောင်းလိုင်စင်များကို ပေးအပ်ခဲ့သလို မြစိမ်းရောင်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်မည့်ကျေးရွာများသို့လည်း စီမံကိန်းရန်ပုံငွေများ ထောက်ပံ့ပေးအပ်ခဲ့သည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်အစိုးရအဖွဲ့ တာဝန်ထမ်းဆောင်ခဲ့သည့်ကာလအတွင်း လားရှိုးခရိုင်၌ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပြောကြားလိုကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့် လားရှိုးခရိုင်အတွင်း နေထိုင်ကြသော ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဘက်စုံတိုးတက်ရေးတို့ကို ရည်မှန်းချက်ထားပြီး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့အပြင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအနေဖြင့် အစိုးရအဖွဲ့ စတင် တာဝန်ယူခဲ့သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း လားရှိုးခရိုင်အတွင်းရှိ မြို့နယ်အသီးသီး၌ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် လမ်းဦးစီးဌာန၊ စည်ပင်သာယာရေးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ကျေးလက်လမ်း ဦးစီးဌာနတို့က ကတ္တရာလမ်း ၅၃၅ မိုင်၊ ကွန်ကရစ်လမ်း တစ်မိုင်၊ ကျောက်လမ်း ၄၉ မိုင်၊ အမာခံမြေသားလမ်း ၂၃၁ မိုင်နှင့် Box Culvert ၁၂၉ စင်း၊ ကွန်ကရစ်တံတား ၁၀၆ စင်း၊ ကွန်ကရစ်ရေပြွန် ၁၇ ခုကို ခင်းကျင်းတည်ဆောက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် လမ်းတံတားများကို ပိုမို အဆင့်မြှင့်တင်နိုင်ရန် BOT စနစ်ဖြင့် ပုဂ္ဂလိက ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားသည်။

လားရှိုးခရိုင်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှု ကောင်းမွန်စေရေးအတွက်လည်း ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေမှ ကျပ် ၄၆၅၅ ဒသမ ၅၃၈ သန်းဖြင့် ၆၆ ကေဗွီ ဓာတ်အားလိုင်း ၂၃ ဒသမ ၉၃ မိုင်၊ ၆၆/၂၂ ကေဗွီ ၂၀ အမ်ဗွီအေ ခွဲရုံ တစ်ရုံ တည်ဆောက်ခြင်းလုပ်ငန်း၊ ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၁၀၀၄၄ ဒသမ ၂၅ သန်းဖြင့် ၃၃ ကေဗွီ ဓာတ်အားလိုင်း တစ်မိုင်၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၁၇ မိုင်၊ ၄၀၀ ဗို့အားလိုင်း ၁၁၁ မိုင် တည်ဆောက်ခြင်းနှင့် ထရန်စဖော်မာ ၁၁၇ လုံး တိုးချဲ့တပ်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ရာ မြို့ပေါ်နှင့် ကျေးလက်မှ အိမ်ထောင်စုပေါင်း ၃၁၃၂၂ စု လျှပ်စစ်ဓာတ်အား တိုးတက်ရရှိခဲ့ပြီး ကျေးရွာ ၁၃၄ ရွာကို လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း ပြောကြားသည်။

ထို့အပြင် ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင်လည်း လားရှိုးခရိုင်အတွင်း လမ်းတံတားတည်ဆောက်ခြင်းလုပ်ငန်း ၁၂၇ ခု၊ လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးရေးလုပ်ငန်း ၂၂ ခု၊ ရေရရှိရေးလုပ်ငန်း ၃၇ ခု၊ ပညာရေး အဆောက်အအုံဆောက်လုပ်ခြင်း လုပ်ငန်း ၅၃ ခု၊ ကျန်းမာရေးအဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်း ၁၃ ခု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် လုပ်ငန်း ကိုးခု စုစုပေါင်း လုပ်ငန်း ၂၄၈ ခုကို ဆောင်ရွက်သွားရန်အတွက် ငွေလုံးငွေရင်းရန်ပုံငွေ ကျပ် ၁၇ ဒသမ ဝ၆ ဘီလီယံကျော်ကို ခွဲဝေ၍ ချထားပေးခဲ့ပြီးဖြစ်ကြောင်း၊ ထိုအထဲမှ အချို့ စီမံကိန်းလုပ်ငန်းများကို စတင် အကောင်အထည်ဖော်နေပြီဖြစ်ပြီး ကျန်လုပ်ငန်းများကိုလည်း ဆက်လက်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ဆက်လက် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တွေ့ဆုံပွဲတက်ရောက်သည့် လားရှိုးမြို့ခံပြည်သူများက ဒေသ၏ လိုအပ်ချက်များဖြစ်သော မီးသတ်ကား၊ လမ်း၊ စက်ရေတွင်း၊ မြေကာနံရံ၊ ရေစုကန်၊ လမ်းမီးများ၊ ထရန်စဖော်မာ၊ အစည်းအဝေးခန်းမဆောင်၊ ၄၄၀ ဗို့ဓာတ်အားလိုင်းဆွဲခြင်း၊ ကျောင်း တိုးချဲ့ဆောင်နှင့် ဝန်ထမ်းအိမ်ရာ၊ ကျောင်းအဆင့်တိုးမြှင့်ပေးရန် စသည့် ကိစ္စရပ်များကို တင်ပြတောင်းဆိုခဲ့ကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ သက်ဆိုင်ရာ ပြည်နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ဆွေးနွေး ဖြေကြားခဲ့သည်။

ထို့နောက် ဒေသခံပြည်သူများအတွက် ကွင်းဆင်းပြုလုပ်ပေးခဲ့ပြီးဖြစ်သော နိုင်ငံသားစိစစ်ရေးကတ်၊ ပုံစံ(၆၆/၆) အိမ်ထောင်စုစာရင်းနှင့် ယာဉ်မောင်းလိုင်စင်များကို ပေးအပ်ခဲ့ပြီး မြစိမ်းရောင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည်ဖော်မည့် ကျေးရွာ ၂၂ ရွာသို့ တစ်ရွာလျှင် စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၃၀၀ စီကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်၍ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁-၂-၂၀၂၀

### ရွှေ

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၂၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၅၂၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၂၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၅၂၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၅၀/၉၁၀ | ကျပ် | ၈၉၅/၉၂၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၆၀/၉၂၀ | ကျပ် | ၉၁၀/၉၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၇၅၀/၈၁၅ | ကျပ် | ၈၃၀/၈၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၈၇၀/၉၂၀ | ကျပ် | ၉၅၀/၉၆၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၆၄ . ၂ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၁၄ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၇၄ . ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၂၄ . ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၄၃ . ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၈၁ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၁ . ၁၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၅၂၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၂ . ၇၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၅၇ . ၇၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၇ . ၀၆၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၅၀၀ | ၁၉၆၃ | ၂၁၉၄၄၅၀၀ |
| MTSH | ၄၀၀၀ | ၄၀၀၀ | ၈၆၂၅ | ၃၄၅၀၀၀၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၁၁ | ၉၂၄၀၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၄၅ | ၁၀၃၅၀၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၅၃၃ | ၁၅၁၉၀၅၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။


မြန်မာ့အလင်း


စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)


mmalin.npt@ gmail.com


www.facebook.com/MYANMAALINNNEWS


နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm








ခေါင်းစွပ်-အနွေးထည်- ခြေအိတ်-လက်အိတ်- ပါပြီလား -
ခရီးသွားမှာ - တောင်ပေါ်မြို့ဆိုတော့ တော်တော်အေးမှာနော်-
အား - အရမ်းအေးတာပဲ- ဘယ်လိုပြောရမှန်း မသိတော့ဘူး-


ဒီတစ်ခါ နင်တို့ကို မေးမယ်
အိမ်အိုတော့ ကျားကန် လူအိုတော့ ----
နွားကန်!
ဟုတ်တယ်လေ၊ အသက် ကြီးတော့ မပြေးနိုင်လို့ အကန်ခံရတာ ...
နေဦး၊ လူအိုတော့ သုသာန်၊ သေရင် သုသာန်ရောက်တာပဲ၊
မှတ်ထား၊ အိမ်အိုတော့ ကျားကန် လူအိုတော့ ပန်းပန် တဲ့၊
ဘာဆိုင် လို့တုန်း၊
အိမ်တွေ ဟောင်းအိုလာရင် ယိုပြီး ယိမ်းယိုင် ပျက်စီး မသွားအောင် တုတ်ထောက် ကျားကန်ပေးရတယ်...
လူတွေလည်း အသက်ကြီးလာတဲ့ အခါ လန်းဆန်းတက်ကြွအောင် ပန်းပန်ရတယ်လို့ ဆိုလိုတာ၊


သားပုရေ...သားပု
အား:

# ရှေ့နေများကောင်စီနှင့် ရှေ့နေလိုက်သူများဆိုင်ရာ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို အမျိုးသားလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

၅၅။ ဒေသဆိုင်ရာ ရှေ့နေများကောင်စီသည် ရှေ့နေကျင့်ဝတ်သိက္ခာ ဖောက်ဖျက်ကြောင်း စွပ်စွဲခြင်းခံရသည့် အထက်တန်းရှေ့နေအား အရေးယူပေးရန် တိုင်တန်းချက်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေး၍ စွပ်စွဲခံရသူအား ခုခံချေပခွင့်ပေးပြီး စွပ်စွဲခံရသူမှာ ရှေ့နေကျင့်ဝတ်သိက္ခာဖောက်ဖျက်ကြောင်း သက်သေအထောက်အထား ခိုင်လုံစွာတွေ့ရှိပါက စွပ်စွဲခံရသည့် အထက်တန်းရှေ့နေအား အောက်ပါစီမံခန့်ခွဲရေးအမိန့်တစ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် –

(က) သတိပေးပြီး ဝန်ချတောင်းပန်စေခြင်း၊

(ခ) ပြစ်တင်ရှုတ်ချခြင်း၊

(ဂ) အမှုလိုက်ပါဆောင်ရွက်ခွင့်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊

(ဃ) အထက်တန်းရှေ့နေ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်း။

၅၆။ တရားလွှတ်တော်ရှေ့နေများ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေး (လုပ်ငန်းကော်မတီ သို့မဟုတ် ခုံရုံး)နှင့် ဒေသဆိုင်ရာ ရှေ့နေများကောင်စီတို့သည် ပုဒ်မ ၅၄ သို့မဟုတ် ၅၅ အရ အမိန့်ချမှတ်ရာတွင် သတ်မှတ်ချက်များနှင့်အညီ တရားစရိတ်နှင့် သက်သေစရိတ်တို့ကို ထည့်သွင်းချမှတ်နိုင်သည်။

၅၇။ တရားလွှတ်တော်ရှေ့နေများ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေး (လုပ်ငန်းကော်မတီ သို့မဟုတ် ခုံရုံး)နှင့် ဒေသဆိုင်ရာ ရှေ့နေများကောင်စီတို့သည် ပုဒ်မ ၅၄ သို့မဟုတ် ၅၅ အရ ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို မိမိ၏ သဘောအလျောက်ဖြစ်စေ၊ အကျိုးသက်ဆိုင်သူတစ်ဦးဦး၏ တင်ပြချက်အရဖြစ်စေ ထိုအမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြန်လည်သုံးသပ်ပြီး သင့်လျော်သည့် အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

၅၈။ ရှေ့နေလိုက်သူတစ်ဦးဦးသည် အမှုလိုက်ပါဆောင်ရွက်ခြင်းကို ရပ်ဆိုင်းခြင်း၊ ရပ်စဲခြင်း၊ သက်ဆိုင်ရာ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်း သို့မဟုတ် သက်သေခံမှတ်ပုံတင်လက်မှတ်ကို ရုပ်သိမ်းခြင်းပြုကြောင်း အမိန့်ချမှတ်ခြင်းခံရပါက ထိုသို့ ချမှတ်သည့်အမိန့်ကို လက်ခံရရှိသည့်နေ့မှ ၁၅ ရက် အတွင်း သက်ဆိုင်ရာ ရှေ့နေများကောင်စီသို့ မိမိတို့အား ထုတ်ပေးထားသော သက်သေခံ မှတ်ပုံတင်လက်မှတ်ကို ပြန်လည်အပ်နှံရမည်။

၅၉။ ရှေ့နေကျင့်ဝတ်သိက္ခာဖောက်ဖျက်ကြောင်း စွပ်စွဲခြင်းခံရသည့် ရှေ့နေလိုက်သူအား အရေးယူပေးရန် တိုင်တန်းချက်နှင့်စပ်လျဉ်း၍ စွပ်စွဲခံရသူနှင့် သက်သေများအား ဆင့်ခေါ်ခြင်း၊ စစ်မေးခြင်း၊ သက်သေခံချက်များ ရယူခြင်း၊ သက်သေခံ အထောက်အထား စာတမ်းအမှတ်အသားများ တင်ပြစေခြင်း၊ ထုချေခွင့်ပေးခြင်းနှင့် လျှောက်လဲခြင်းတို့နှင့်စပ်လျဉ်း၍ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများတွင် သီးခြားပြဋ္ဌာန်းထားခြင်း မရှိလျှင် ရာဇဝတ်ကျင့်ထုံးဥပဒေ၊ တရားမကျင့်ထုံး ဥပဒေနှင့် သက်သေခံအက်ဥပဒေတို့ကို ဆီလျော်သလို ကျင့်သုံးနိုင်သည်။

## အခန်း (၁၄)
## အယူခံခြင်း

၆၀။ တရားလွှတ်တော်ရှေ့နေများ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေး (လုပ်ငန်းကော်မတီ သို့မဟုတ် ခုံရုံး) က ဖြစ်စေ၊ ဒေသဆိုင်ရာရှေ့နေများကောင်စီကဖြစ်စေ ချမှတ်သော အောက်ပါအမိန့်တစ်ရပ်ရပ်ကို ကျေနပ်မှုမရှိသူသည် ထိုသို့ချမှတ်သောအမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း မြန်မာနိုင်ငံရှေ့နေများ ကောင်စီသို့ အယူခံနိုင်သည်–

(က) အလုပ်သင်ရှေ့နေအဖြစ် ရှေ့နေပညာသင်ကြားခွင့်ပြုရန် လျှောက်ထားချက်ကို ပုဒ်မ ၂၃ အရ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုသည့် အမိန့်၊

(ခ) အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်လျှောက်ထားခြင်း သို့မဟုတ် တရားလွှတ်တော်ရှေ့နေအဖြစ် ဝင်ခွင့်လျှောက်ထားခြင်းကို သက်ဆိုင်ရာ ရှေ့နေများကောင်စီက ပုဒ်မ ၂၃၊ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မ ၃၇၊ ပုဒ်မခွဲ (က) အရ ဆိုင်းငံ့ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုသည့် အမိန့်၊

(ဂ) ပုဒ်မ ၃၅ သို့မဟုတ် ပုဒ်မ ၃၈ အရ သက်ဆိုင်ရာ မှတ်ပုံတင်စာရင်းမှ ဖယ်ရှားသည့် အမိန့်၊

(ဃ) ပုဒ်မ ၄၂ အရ သက်ဆိုင်ရာ မှတ်ပုံတင်စာရင်းမှ ပယ်ရှားသည့် အမိန့်၊

(င) ပုဒ်မ ၅၄ သို့မဟုတ် ၅၅ အရ ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်။

၆၁။ မြန်မာနိုင်ငံ ရှေ့နေများကောင်စီသည် ပုဒ်မ ၆၀ အရ အယူခံမှုကို သတ်မှတ်ချက်များနှင့်အညီ ကြားနာပြီး ချမှတ်ထားသော အမိန့်တစ်ရပ်ရပ်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြန်လည်စုံစမ်းစစ်ဆေးစေပြီး သင့်လျော်သည့် အမိန့်တစ်ရပ်ရပ် ချမှတ်စေခြင်း ပြုနိုင်သည်။

## အခန်း (၁၅)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၆၂။ မည်သူမဆို သက်ဆိုင်ရာရှေ့နေများကောင်စီက ထုတ်ပေးသော သက်သေခံ မှတ်ပုံတင် လက်မှတ်မရှိဘဲ ရှေ့နေလိုက်သူအဖြစ် သက်ဆိုင်ရာအမှုလိုက်ပါဆောင်ရွက်ခြင်းပြုနိုင်သည့် ရုံးတစ်ခုခုတွင် အမှုလိုက်ပါဆောင်ရွက်ခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ် သိန်း ၅၀ အထိ ဒဏ်ငွေ ချမှတ်ရမည်။ ထိုဒဏ်ငွေပေးဆောင်ရန် ပျက်ကွက်ပါက ထိုသူကို အနည်းဆုံး ၁ လမှ အများဆုံး ၆ လ အထိ ထောင်ဒဏ် ချမှတ်ရမည်။

၆၃။ ရှေ့နေလိုက်သူ မည်သူမဆို သက်ဆိုင်ရာ မှတ်ပုံတင်စာရင်းမှ ရပ်ဆိုင်းထားခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုထားသည့် ကာလအတွင်းဖြစ်စေ၊ ရှေ့နေအဖြစ် အမှုလိုက်ပါဆောင်ရွက်ခြင်းမှ ရပ်ဆိုင်းထားခြင်း သို့မဟုတ် ရပ်စဲခြင်းပြုထားသည့် ကာလအတွင်းဖြစ်စေ၊ သက်သေခံ မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်းပြုထားသည့် ကာလအတွင်းဖြစ်စေ ရှေ့နေလိုက်သူအဖြစ် သက်ဆိုင်ရာအမှုလိုက်ပါ ဆောင်ရွက်ခြင်းပြုနိုင်သည့် ရုံးတစ်ခုခုတွင် အမှုလိုက်ပါဆောင်ရွက်ခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် ၇ သိန်းမှ အများဆုံး ကျပ် သိန်း ၄၀ အထိ ဒဏ်ငွေချမှတ်ရမည်။ ထိုဒဏ်ငွေပေးဆောင်ရန် ပျက်ကွက်ပါက ထိုသူကို အနည်းဆုံး ရက်သတ္တ ၃ ပတ်မှ အများဆုံး ၄ လ အထိ ထောင်ဒဏ်ချမှတ်ရမည်။

၆၄။ ရှေ့နေကျင့်ဝတ်သိက္ခာဖောက်ဖျက်သည့်အတွက် စီမံခန့်ခွဲရေးအရ တရားလွှတ်တော်ရှေ့နေ သို့မဟုတ် အထက်တန်းရှေ့နေ သက်သေခံ မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ခြင်းခံရသူ မည်သူမဆို သတ်မှတ်ထားသည့် ကာလအတွင်း သက်ဆိုင်ရာ ရှေ့နေများကောင်စီသို့ ပြန်လည်အပ်နှံရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် ၅ သိန်းမှ အများဆုံး ကျပ် ၂၅ သိန်း အထိ ဒဏ်ငွေ ချမှတ်ရမည်။ ထိုဒဏ်ငွေ ပေးဆောင်ရန် ပျက်ကွက်ပါက ထိုသူကို အနည်းဆုံး ရက်သတ္တ ၂ ပတ်မှ အများဆုံး ၃ လ အထိ ထောင်ဒဏ် ချမှတ်ရမည်။

၆၅။ အမှုပွဲစားအဖြစ် ကြေညာခြင်းခံထားရသူ မည်သူမဆို အမှုပွဲစားအဖြစ် ပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၃ လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ၁ သိန်းမှ အများဆုံး ကျပ် ၅ သိန်း အထိ ဒဏ်ငွေ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၆)
## ရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း

၆၆။ မြန်မာနိုင်ငံ ရှေ့နေများကောင်စီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အောက်ပါရငွေဖြင့် မြန်မာနိုင်ငံ ရှေ့နေများကောင်စီ ရန်ပုံငွေတစ်ရပ်ကို ထူထောင်ထားရှိရမည် –

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် နိုင်ငံတော်ဘဏ္ဍာငွေမှ ထောက်ပံ့ငွေများ၊

(ခ) တရားလွှတ်တော်ရှေ့နေအဖြစ် ဝင်ကြေး၊ နှစ်စဉ်ကြေး၊ ရက်လွန်ကြေးနှင့် အခြားအခကြေးငွေများ၊

(ဂ) အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၏ ထောက်ပံ့ငွေများ၊

(ဃ) ပြည်တွင်း ပြည်ပ စေတနာရှင်များ၏ လှူဒါန်းငွေများ၊

(င) ရန်ပုံငွေမှ ရရှိသည့် တရားဝင် တိုးပွားငွေများ။

၆၇။ ဒေသဆိုင်ရာ ရှေ့နေများကောင်စီ အသီးသီးသည် မိမိတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အောက်ပါရငွေဖြင့် ဒေသဆိုင်ရာ ရှေ့နေများကောင်စီ ရန်ပုံငွေတစ်ရပ်စီကို ထူထောင်ထားရှိရမည်–

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ၏ အတည်ပြုချက်ဖြင့် နိုင်ငံတော်ဘဏ္ဍာငွေမှ ထောက်ပံ့ငွေများ၊

(ခ) မြန်မာနိုင်ငံ ရှေ့နေများကောင်စီ ရန်ပုံငွေမှ ခွဲဝေပေးငွေများ၊

(ဂ) အထက်တန်းရှေ့နေအဖြစ် ဝင်ကြေး၊ နှစ်စဉ် သက်သေခံလက်မှတ် လဲလှယ်ကြေး၊ ရက်လွန်ကြေးနှင့် အခြားအခကြေးငွေများ၊

(ဃ) ပြည်တွင်းပြည်ပ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ ထောက်ပံ့ငွေများ၊

(င) ပြည်တွင်း ပြည်ပ စေတနာရှင်များ၏ လှူဒါန်းငွေများ၊

(စ) ရန်ပုံငွေမှရရှိသည့် တရားဝင် တိုးပွားငွေများ။

၆၈။ မြန်မာနိုင်ငံ ရှေ့နေများကောင်စီနှင့် ဒေသဆိုင်ရာ ရှေ့နေများကောင်စီတို့သည် မိမိရန်ပုံငွေဖြင့် ရပ်တည်နိုင်ရေးအတွက် ရန်ပုံငွေ တိုးပွားစေရန် ကြိုးပမ်းအားထုတ်ရမည်။

၆၉။ မြန်မာနိုင်ငံ ရှေ့နေများကောင်စီ ရန်ပုံငွေ ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေး လုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံရှေ့နေများကောင်စီ ရန်ပုံငွေစီမံခန့်ခွဲမှု ဘဏ္ဍာရေးစည်းမျဉ်းများကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲပြီး ထိုစည်းမျဉ်းများနှင့်အညီ ရန်ပုံငွေကို ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ သုံးစွဲခြင်း၊ စာရင်းစစ်ဆေးခြင်းနှင့် စာရင်းစစ် အစီရင်ခံစာတင်ပြခြင်းတို့ ဆောင်ရွက်ရမည်။

၇၀။ ဒေသဆိုင်ရာ ရှေ့နေများကောင်စီ ရန်ပုံငွေထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေး လုပ်ငန်းကော်မတီ အသီးသီးသည် မိမိတို့၏ ဒေသဆိုင်ရာ ရှေ့နေများကောင်စီ ရန်ပုံငွေစီမံခန့်ခွဲမှု ဘဏ္ဍာရေးစည်းမျဉ်းများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲပြီး ထိုစည်းမျဉ်းများနှင့်အညီ ရန်ပုံ ငွေကိုထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ သုံးစွဲခြင်း၊ စာရင်းစစ်ဆေးခြင်းနှင့် စာရင်းစစ် အစီရင်ခံစာတင်ပြခြင်းတို့ ဆောင်ရွက်ရမည်။

## အခန်း (၁၇)
## အထွေထွေ

၇၁။ အမှုလိုက်ပါဆောင်ရွက်ခြင်းပြုနိုင်သည့် ရုံးတစ်ခုခုသည် မိမိရုံးတွင် စစ်ဆေးစီရင်လျက်ရှိသော အမှုနှင့်စပ်လျဉ်း၍ အမှုပွဲစားအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း ကျော်စောသတင်းရှိသူအား အမှုပွဲစားအဖြစ် မည်သည့်အတွက် ကြေညာခြင်းမပြုသင့်ကြောင်း ထုချေဖြေရှင်းခွင့်ပေးရမည်။ ထိုသူအား အမှုပွဲစားအဖြစ် ဆောင်ရွက်လေ့ရှိကြောင်း ယုံကြည်လောက်သော အထောက် အထားတွေ့ရှိပါက အမှုပွဲစားအဖြစ် ထုတ်ပြန်ကြေညာပြီး အမှုပွဲစားစာရင်းတွင် ထည့်သွင်းနိုင်သည်။ ထိုသို့ ထည့်သွင်းကြေညာသည့် အမှုပွဲစားစာရင်းကို သက်ဆိုင်ရာရှေ့နေများကောင်စီသို့ ပေးပို့ရမည်။

၇၂။ မြန်မာနိုင်ငံရှေ့နေများကောင်စီသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ညှိနှိုင်းပြီး အောက်ဖော်ပြပါ အခကြေးငွေများကို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများဖြင့် သတ်မှတ်ထားရမည်–

(က) ဤဥပဒေအရ ရှေ့နေအလုပ်သင်ကြားခြင်း၊ အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်လျှောက်ထားခြင်း၊ တရားလွှတ်တော်ရှေ့နေအဖြစ် ဝင်ခွင့်လျှောက်ထားခြင်းတို့နှင့် စပ်လျဉ်းသည့် အခကြေးငွေများ၊

(ခ) အထက်တန်းရှေ့နေ သက်သေခံလက်မှတ်အသစ်လဲလှယ်ခနှင့် နောက်ကျကြေးများ၊

(ဂ) တရားလွှတ်တော်ရှေ့နေ နှစ်စဉ်ကြေးနှင့် နောက်ကျကြေးများ၊

(ဃ) သက်သေစရိတ်များ၊

(င) အမှုနိုင်သူအား ပေးရမည့် တရားစရိတ်များ၊

(စ) မိတ္တူကူးခစသည့် အခြားအခကြေးငွေများ။

၇၃။ မြန်မာနိုင်ငံရှေ့နေများကောင်စီသည် မိမိ၏လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ ရုံးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရုံးအဖွဲ့ကို ဖွဲ့စည်းပြီး လိုအပ်သောအရာထမ်းနှင့် အမှုထမ်းများကို ခန့်အပ်တာဝန်ပေးနိုင်သည်။

၇၄။ ရှေ့နေလိုက်သူ တစ်ဦးဦးသည် မိမိအား ထုတ်ပေးထားသော သက်သေခံ မှတ်ပုံတင်လက်မှတ် ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းဖြစ်ပါက သက်သေခံမှတ်ပုံတင်လက်မှတ် မူရင်းခွဲမိတ္တူထုတ်ပေးရန် သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး သက်ဆိုင်ရာ ရှေ့နေများကောင်စီသို့ လျှောက်ထားရယူနိုင်သည်။

၇၅။ ဤဥပဒေအရ ပေးအပ်သော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သဘောရိုးဖြင့် ဆောင်ရွက်သော မြန်မာနိုင်ငံ ရှေ့နေများကောင်စီကိုဖြစ်စေ၊ ဒေသဆိုင်ရာ ရှေ့နေများကောင်စီကိုဖြစ်စေ၊ ထိုကောင်စီဝင်တစ်ဦးဦးကိုဖြစ်စေ၊ လုပ်ငန်းကော်မတီ သို့မဟုတ် ခုံရုံးအဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း မပြုရ။

၇၆။ ဤဥပဒေ အခန်း (၁၃) ပါ အယူခံမှုများတွင် သတ်မှတ်ထားသည့် စည်းကမ်းသတ်ကာလများသည် ကာလစည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၅ နှင့် ၁၂ တို့ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။

၇၇။ မြန်မာနိုင်ငံရှေ့နေများကောင်စီသည် အောက်ပါကိစ္စများကို ဤဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် ညှိနှိုင်း၍ လွှဲပြောင်းဆောင်ရွက်ရမည် –

(က) ဤဥပဒေအရရှေ့နေအလုပ်သင်ကြားခြင်း၊ အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်လျှောက်ထားခြင်းနှင့် တရားလွှတ်တော်ရှေ့နေအဖြစ် ဝင်ခွင့်လျှောက်ထားခြင်းကိစ္စ၊

(ခ) သက်ဆိုင်ရာမှတ်ပုံတင်စာရင်းတွင် ရေးသွင်းခြင်း၊ ရပ်ဆိုင်းခြင်းနှင့် ပယ်ဖျက်ခြင်းကိစ္စ၊

(ဂ) ရှေ့နေကျင့်ဝတ်သိက္ခာ ဖောက်ဖျက်မှုအတွက် တိုင်တန်းမှုများအား စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူခြင်းကိစ္စ။

၇၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် –

(က) မြန်မာနိုင်ငံ ရှေ့နေများကောင်စီနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများကို ထုတ်ပြန်နိုင်သည်။

(ခ) မြန်မာနိုင်ငံ ရှေ့နေများကောင်စီ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် ဒေသဆိုင်ရာ ရှေ့နေများကောင်စီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၇၉။ အောက်ပါ အက်ဥပဒေများကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည် –

(က) The Bar Council Act (India Act No. 38/1926)၊

(ခ) The Legal Practitioners Act (India Act No. 18/1879)။

(ဂ) ၂၀၁၉ခုနှစ်၊ မြန်မာနိုင်ငံရှေ့နေများကောင်စီဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ချင်းပြည်နယ်အစိုးရအဖွဲ့ ဟားခါးမြို့ လျှောက်လွှာခေါ်ယူခြင်း ကြော်ငြာစာအမှတ်-၁/၂၀၂၀ ၁၃၈၁ခုနှစ် တပို့တွဲလဆန်း ၈ရက် ၂၀၂၀ပြည့်နှစ် ဖေဖော်ဝါရီ ၁ရက်

၁။ ချင်းပြည်နယ်ကုသရေးဦးစီးဌာနအောက်ရှိ ဆေးရုံကြီး/ဆေးရုံ/တိုက်နယ်ဆေးရုံများတွင် တာဝန်ထမ်းဆောင်ရန် လက်ထောက်ဆရာဝန်ရာထူး(လစာနှုန်း- ၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀)နေရာများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်။

| ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|
| လက်ထောက်ဆရာဝန် | (၇၄)နေရာ | ဆေးပညာဘွဲ့(M.B.,B.S) |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) လျှောက်လွှာပိတ်ရက်တွင် အသက်(၃၅)နှစ်ထပ်မကျော်လွန်သူဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကျန်းမာကြောင်းဆေးလက်မှတ်တင်ပြနိုင်သူဖြစ်ရမည်

(ဃ) လျှောက်လွှာပိတ်ရက်တွင် ဆေးပညာဘွဲ့(M.B.,B.S)နှင့် လက်ရှိတရားဝင်ဆရာဝန် အထွေထွေဆေးကုသခွင့်လိုင်စင်(ဆမ)ကိုင်ဆောင်ထားသူဖြစ်ရမည်။ မိတ္တူများကို လျှောက်လွှာနှင့်အတူပူးတွဲပေးပို့ရမည်ဖြစ်ပြီး တင်ပြနိုင်မှုမရှိပါကပယ်ဖျက်မည်ဖြစ်ပါသည်။

(င) ချင်းပြည်နယ်အတွင်း အသားတင်လုပ်သက်(၃)နှစ်ပြည့်အောင်နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(စ) ဆေးပညာမဟာသိပ္ပံဘွဲ့လွန်စာမေးပွဲဖြေဆိုခွင့်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လုပ်သက်သတ်မှတ်ချက်နှင့်အညီ ဝင်ရောက်ဖြေဆိုခွင့်ပြုမည်ဖြစ်ပြီး အောင်မြင်ပါက တက်ရောက်ခွင့်ပြုပါမည်။ သို့ရာတွင် ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းအောင် မြင်ပြီးကျွမ်းကျင်မှုရရှိရေးလေ့ကျင့်ရေးကာပြီးဆုံးပြီးနောက် ချင်းပြည်နယ်အတွင်း တာဝန်ထမ်းဆောင်မှု(၃)နှစ်ပြည့်အောင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဆ) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာကိုချင်းပြည်နယ်အစိုးရအဖွဲ့ရုံး၌ ဝယ်ယူလျှောက်ထားနိုင်ပြီး ၂၈-၂-၂၀၂၀ ရက်အရောက် လူကိုယ်တိုင်(သို့မဟုတ်)စာတိုက်မှတစ်ဆင့်ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးသို့ ပေးပို့လျှောက်ထားရမည်။ လူတွေ့နှုတ်ဖြေစစ်ဆေးခြင်းနှင့်စိတ်အခြေအနေစစ်ဆေးခြင်းကိုချင်းပြည်နယ်၊ဟားခါးမြို့တွင်ဖြေဆိုရမည်။ လျှောက်လွှာပိတ်ရက် ၂၈-၂-၂၀၂၀ရက်ထက် ကျော်လွန်ပေးပို့လာသောလျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၄။ စာမေးပွဲဝင်ကြေးငွေ(၅၀၀၀)အားချင်းပြည်နယ်အစိုးအဖွဲ့ငွေစာရင်းအမှတ်(MD-021034) သို့ပေးသွင်းရမည်။

၅။ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၆-၈-၂၀၁၉ရက်စွဲပါစာအမှတ် ၂၁၄၃/ရွေးချယ်ရေး(အဓိက)/၂၀၁၉ ဖြင့် ထုတ်ပြန်ထားသော ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများလိုက်နာရန် လမ်းညွှန်ချက်စာစောင်ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်သည်။

၆။ စိတ်အခြေအနေနှင့်လူတွေ့နှုတ်ဖြေစစ်ဆေးခြင်းအတွက်ဖြေဆိုခွင့်ကတ်ပြားထုတ်ပေးမည့်နေ့ရက်နှင့်နေရာ၊ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးမည့်ရက်နှင့် ဖြေဆိုမည့်နေရာတို့ကို ထပ်မံကြေညာပေးပါမည်။

၇။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး၊ တယ်လီဖုန်းအမှတ်(၀၇၀-၂၂၃၆၇)နှင့် ချင်းပြည်နယ်ကုသရေးဦးစီးဌာန တယ်လီဖုန်းအမှတ်(၀၇၀-၂၁၀၂၇)သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ချင်းပြည်နယ်အစိုးရအဖွဲ့**

## ကျောက်ဆည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျောင်းဆောင်ဟောင်းဖျက်သိမ်းရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျောက်ဆည်မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ အသင်းပိုင် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း၊ ကျောင်းဆောင်သစ်တည်ဆောက်သွားမည်ဖြစ်သဖြင့် လက်ရှိကျောင်းဆောင်ဟောင်းအား ဖျက်သိမ်းရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| ၁။ တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ | - မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန |
| ၂။ တင်ဒါစတင်ရောင်းချမည့်ရက်/အချိန် | - ၁-၂-၂၀၂၀ရက် (ရုံးချိန်အတွင်း) |
| ၃။ တင်ဒါပိတ်မည့်ရက်/အချိန် | - ၁၅-၂-၂၀၂၀ရက် ညနေ ၄:၃၀နာရီ |

၄။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်သိလိုသော အချက်အလက်များကို ၁-၂-၂၀၂၀ရက်မှ ၁၅-၂-၂၀၂၀ရက်အထိ ရုံးချိန်အတွင်း ၀၆၆-၂၀၅၀၂၇၃၊ (၀၉-၄၂၈၃၆၉၀၇၇) ထံသို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကျောက်ဆည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### အမည်ပြောင်း

ဦးအောင်ကျော်မင်း၏သမီး မြိတ်မြို့၊ မြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်း၊ KG-2204မှ မထက်ဝတီအား ယနေ့မှစ၍ မမြတ်သွန်းနဒီ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မမြတ်သွန်းနဒီ**

### မွေးသက္ကရာဇ်အမှန်

ကျုံပျော်မြို့နယ်၊ သပြေကွင်းကျေးရွာနေ ဦးစိန်သန်း၏သမီး ဒေါ်အိအိလင်း ၁၄/ကပန(နိုင်) ၁၁၄၂၇၅၏ မွေးသက္ကရာဇ်အမှန်မှာ ၁၇-၇-၁၉၇၉ ဖြစ်ပါကြောင်း။

### မိဘအမည်မှန်

ဘားအံမြို့ အထက(၃) နဝမတန်းနေ စောထွန်းထွန်းနိုင်၏ မိဘအမည်မှန်မှာ သန်းခေါင်စာရင်းနှင့် မှတ်ပုံတင်အရ စောနိုင်ဝင်း ၃/မဝတ(နိုင်)၀၄၃၀၀၀ နှင့် နန်းဝင်းဝင်းဌေး ၃/ဘအန(နိုင်) ၁၇၄၁၀၆ ဖြစ်ပါကြောင်း။ **စောနိုင်ဝင်း-နန်းဝင်းဝင်းဌေး**

### ဖခင်အမည်မှန်

မြဝတီမြို့၊ အထက(၃)ကျောင်း အဌမတန်း(အစိမ်း)ခန်းနေ မအိဖြိုးဝေ၏ဖခင်အမည်မှန်မှာ မှတ်ပုံတင်အရ စချစ်ချစ်ဝေ ၁၄/မမန(နိုင်) ၀၅၅၈၆၂ ဖြစ်ပါကြောင်း။

**စချစ်ချစ်ဝေ**

## လုပ်ငန်းအမှတ်တံဆိပ်နှင့်ပတ်သက်၍ အသိပေးကြေညာချက်

**ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ စက်မှုဇုန်ရပ်ကွက်၊ မြမာလာလမ်း၊ အမှတ်(၂၁)၌ ကုမ္ပဏီ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသော SLG EDUCATION LTD. သည် အောက်ဖော်ပြပါလုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်း မူပိုင်အဖြစ် တရားဝင်အသုံးပြုရန် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၄/၈၈၂/၂၀၂၀ နေ့စွဲ (၁၆.၁.၂၀၂၀)ဖြင့် တရားဝင်မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။**

SIS Myanmar

မှတ်ပုံတင်အမှတ်
၄/၈၈၂/၂၀၂၀

**အဆိုပါ လုပ်ငန်းအမှတ်တံဆိပ် အမှတ်အသားများဖြင့် စာသင်ကျောင်း၏ ဆိုင်းဘုတ်၊ ဘလောက်၊ တံဆိပ်၊ မဂ္ဂဇင်း၊ စာစောင်၊ ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ ဗွီနိုင်း၊ Letter Head, Internet, Website, Facebook အစရှိသည်တို့နှင့် ခေတ်နှင့်အညီ ပေါ်ပေါက်လာသည့် နည်းပညာတို့တွင်လည်း အသုံးပြုသွားမည်ဖြစ်ပါသည်။**

**အဆိုပါ လုပ်ငန်းတံဆိပ်အမည်အမှတ်အသားဖြင့် SIS Myanmar စာသင်ကျောင်းကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝှမ်းတွင် ဖွင့်လှစ်သင်ကြားလျက်ရှိပါသည်။**

**သို့ဖြစ်ပါ၍ မိမိတစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုလျက်ရှိသော ကုန်အမှတ်အသားကို SLG EDUCATION LTD. မှတစ်ပါး အခြားမည်သူ တစ်ဦးတစ်ယောက်မှ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပပြုလုပ်၍ အသုံးပြုခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက SLG EDUCATION LTD. ၏လုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာ ဆုံးရှုံးမှုအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။**

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်မြူမြူသန့်** | **ဒေါ်အိသွယ်ငြိမ်း** |
| **LL.B., D.B.L., WIPO - 101 (Switzerland)** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၁၁)** | **အထက်တန်းရှေ့နေ (စဉ်-၅၁၃၁၇)** |

**အမှတ်-၁၂၈၊ ၄၁-လမ်း၊ ပထမထပ်၊ ရန်ကုန်မြို့။ ရုံးဖုန်း-၀၁ ၈၂၄၅၇၈၄**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံး ကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ- ၂၀) ရွှေကူမြို့နယ်တရားမရုံး၌ ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် -၃၇

| | | |
|---|---|---|
| ဒေါ်ဖြူဖြူဝင်း | နှင့် | ၁။ ဦးထွန်းထွန်း<br>၂။ ဒေါ်သေးသေး<br>၃။ ဒေါ်ညိုညိုဝင်း<br>၄။ ဒေါ်နီနီဝင်း<br>၅။ ဒေါ်ညိုညို |
| **တရားလို** | | **တရားပြိုင်များ** |

ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာ အုပ်စု၊ မော်စီစာကျေးရွာနေ ဒေါ်ညိုညို (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဖြူဖြူဝင်းက အမွေပုံစီမံခန့်ခွဲပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၃ရက် (၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကိုထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဥာဏ်လင်းထွန်း)
မြို့နယ်တရားသူကြီး
ရွှေကူမြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ- ၂၀) မကွေးမြို့နယ်တရားရုံးတော် ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် -၁၄၃

| | | |
|---|---|---|
| ဦးခင်မောင်လတ် | နှင့် | ဦးမျိုးချစ်ထွန်း |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရဲတပ်ဖွဲ့မှူးရုံး၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ ဦးမျိုးချစ်ထွန်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလို ဦးခင်မောင်လတ်က ပဋိညာဉ်အတိုင်း မြေကွက်အရောင်းအဝယ် ကတိစာချုပ်အား မှတ်ပုံတင်ပေးစေလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၁ရက် (၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါရှိသူ တရားလို၏ စွဲဆိုချက်ကိုထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သော်တာထွန်း)
တွံတေးဖက်မြို့နယ်တရားသူကြီး(၁)
မကွေးမြို့နယ်တရားရုံး

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဘားအံပညာရေးကောလိပ်မှ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် ၁၄/သပန(နိုင်)၀၀၇၈၂၅ နော်ခင်သက်ရည်နှင့် နော်ခင်သက်ရီသည် တစ်ဦးတည်းဖြစ်ကြောင်းနှင့် ၎င်း၏ဖခင်အမည်မှာ ဦးဂျော့ထွန်းမောင်နှင့် ဦးဘထွန်းရှင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်

ဦးချိုမြင့်၏ သမီး ပေါက်ခေါင်းမြို့၊ အထက(ခွဲ) အမှတ်(၁) သတ္တမတန်းမှ မသဇင်မြင့်၏ မွေးသက္ကရာဇ် အမှန်မှာ ၈-၁၂-၂၀၀၆ ဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ အကွက်အမှတ်(၁၆၃-C စီ၊ ဦးပိုင်အမှတ် (E -၃၆)၊ ဧရိယာဧက ၀ဒသမ ၀၈၃ ဧကရှိမြေအား ဒေါ်မော်မော်သန်း အမည်ဖြင့် မြေငှားဂရန် အသစ်လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် သတင်းစာကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် အောက်ပါရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပုသိမ်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ပုသိမ်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8H/3554, SSS UNIQUE RUNNER (DSK-03)Pick up ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဝင်း ၁၂/ကမတ(နိုင်)၀၂၁၂၇၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

**ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောင်းရှေ့ ရပ်ကွက်၊ မြို့သစ် (၂) လမ်း၊ အမှတ်(၁၀) ဟု ခေါ်တွင်သော (၂) ခန်းတွဲ (၅)ထပ်တိုက်၏ ပထမထပ်၊ ခေါင်းရင်းခန်း တိုက်ခန်းနှင့် ကိုယ်ပိုင်ရေမော်တာ၊ မီတာအပါအဝင် တိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ တရားဝင်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာချက်**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြမြသိန်း (၁၂/ကမတ (နိုင်) ၀၃၄၅၁၆) မှ အထက်ပါတိုက်ခန်းနှင့် အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဒေါ်ရီရီခိုင် (၁၂/ ဗတထ (နိုင်) ၀၂၀၂၄၉) ဦးတင်မောင်ဆွေ (၁၂/ဗတထ (နိုင်) ၀၂၀၂၁၄) ဆိုသူများထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေတစ်စိတ်တစ်ပိုင်းအား ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍တရားဝင်ပိုင်ရေးဆိုင်ခွင့် ရှိသူဟု ယူဆသူမည်သူမဆို ဤကြော်ငြာပါသည့် နေ့ရက်မှစ၍ (၅)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် အထောက်အထား ခိုင်လုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ (၅) ရက်အတွင်း ကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေ နှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဒေါ်မြမြသိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ

**ဒေါ်ရတနာဌေး**
(တရားလွှတ်တော်ရှေ့နေ) စဉ်-၁၆၃၂၉ (၅-၁၂-၂၀၁၉)
LL.B, DBL, CBL, WIPO (Switzarland)
အမှတ် (၄၀)၊ ၇လွှာ၊ နီဗွာန်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊
၀၉ ၄၂၀၀၉၅၂၂၀၊ ၀၉ ၄၂၀၀၃၃၇၉

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာချက်

ကျွန်တော် ကျွန်မတို့၏သားဖြစ်သူ မောင်ဇင်မင်းထွန်း(ခ)ဆွာလေ ၁၂/လသန(နိုင်)၀၂၃၅၃၃သည်မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် ပြုလုပ်၍ ၃၀-၁-၂၀၂၀ရက်တွင် နေအိမ်မှ ၎င်း၏ ဆန္ဒအလျောက်ဆင်းသွားပါသဖြင့် ဤကြေညာချက်ပါသည့်ရက်မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၎င်း၏ ဆောင်ရွက်ခဲ့မှုများမှာမိဘများနှင့် သက်ဆိုင်မှုမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကာစင်-ဒေါ်ဒေစီသန်း**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

သထုံမြို့နယ်၊ ကျုံပါကျေးရွာနေ ဒေါ်ပါပါး TTN- ၂၂၈၁၁၂၏သားဖြစ်သူ မောင်ရဲမြင့်အောင် ၁၀/သထန(နိုင်)၂၃၈၃၆ သည် မိခင်၏ ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိခင်နှင့် မောင်နှမများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေသည့်အတွက် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။ **ဒေါ်ပါပါး TTN- ၂၂၈၁၁၂**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့၊ ဇေယျာသီရိမြို့၊ ပုဗ္ဗသီရိမြို့၊ ဒက္ခိဏသီရိမြို့တို့ရှိ မြို့မြေကွက်များအား မြေတိုင်းတာ၍ စကေးကိုက်မြေပုံ ရေးဆွဲထုတ်ပေးခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်ပါသည်။

| | |
|---|---|
| (က) တင်ဒါပုံစံထုတ်ပေးမည့်ရက် | - ၃-၂-၂၀၂၀ရက် |
| (ခ) တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်/အချိန် | - ၁၇-၂-၂၀၂၀ရက် (၁၆:၀၀နာရီ) |
| (ဂ) တင်ဒါပုံစံထုတ်ယူရမည့်နေရာနှင့်တင်သွင်း ရမည့်နေရာ | - မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ |

၂။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်-၀၆၇-၃၄၁၄၂၉၂ သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/ဘုရင့်နောင်ရပ်)၊ ဦးပိုင်အမှတ်(၃၀)၊ ဧရိယာ ၀ဒသမ၁၃၀ဧကရှိ မြေကွက်ကို ဒေါ်ဇွန်ဇွန်ပြည့်(ဘ)ဦးဘိုလေး ၉/တကန(နိုင်)၂၁၂၃၀မှ တရားရုံးကျမ်းကျိန်လွှာအမှတ်(၅၂၇/၂၀၁၉)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အရောင်းအဝယ်စာချုပ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်ခွင့်တင်ပြရန်အတွက် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်းနေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့၊ အထက (၂) နဝမတန်း(A)မှ မအိကြယ်စင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကိုကို ၁၄/ဖပန(နိုင်)၁၃၂၇၃၇ ဖြစ်ပါကြောင်း။

**ဦးအောင်ကိုကို**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေဘိုမြို့နယ်၊ အလက(ခွဲ) အောင်ချမ်းသာကျေးရွာတွင် မူလတန်းကျောင်းအုပ်အဖြစ် တာဝန်ထမ်းဆောင်နေသော ဒေါ်မြတ်မြတ်နှင့် ဒေါ်ခင်ခင်မြတ် ၅/ရဘန(နိုင်)၀၈၅၇၅၀ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၃၃၀၅ ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဦး ၁၄/ဝခမ(နိုင်)၀၉၂၄၆၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၉၄၆၆၅ Honda Scoopi 110 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သိန်း ၁၄/လပတ(နိုင်)၀၂၅၉၉၁က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ရွာခိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ဆဌမတန်းမှ မောင်ဇင်မင်းခန့်ကျောင်းဝင်အမှတ်(၄၀၂၉)၏ ဖခင်အမည်မှန်မှာ ဦးဝင်းခိုင် ၈/ပဖန (နိုင်) ၀၇၈၄၆၀ဖြစ်ပါကြောင်း။ **ဦးဝင်းခိုင်**

### မွေးသက္ကရာဇ်အမှန်နှင့် ဖခင်အမည်မှန်

မြိုင်ကလေး အထက တန် (၉၀၀) ဘိလပ်မြေစက်ရုံ နဝမတန်းမှ မအိအိနွေး၏ မွေးသက္ကရာဇ်အမှန်မှာ ၁၃-၈-၂၀၀၅ ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးအေးဟန် ၃/ ဘအန(နိုင်)၀၄၀၃၅၇ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

မင်းတုန်းမြို့၊ အထက တက္ကသိုလ်ဝင်တန်း(B)မှ မခိုင်ဇင်သင်း၏ ဖခင်အမည်မှန်မှာ ဦးမောင်နိုင်(ခ)မြင့်နိုင် ၈/မတန(နိုင်)၀၀၀၇၅၇ ဖြစ်ပါကြောင်း။

### သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း ကြော်ငြာအား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

၁၁-၁၂-၂၀၁၇ ဤသတင်းစာ (စာ-၃၀)ပါ ဦးအောင်သိန်း ၉/ မနတ (နိုင်)၀၆၉၆၀၂-ဒေါ်ဝင်းတင် ၉/မနတ (နိုင်) ၀၆၉၆၀၁ တို့မှ သမီးဖြစ်သူ မဝင်းဝင်းမာ ၉/ ပဥလ(နိုင်)၀၁၆၇၄၉ အား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း ကြော်ငြာခဲ့ခြင်းကိစ္စကို ယနေ့ ဤကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိဘများ- ဦးအောင်သိန်း-ဒေါ်ဝင်းတင်**
**အမှတ် (၉၅၇)၊ စက်ဗိုလ်ရိပ်သာလမ်း၊ ရပ်ကွက်ကြီး(၇)၊ ပြင်ဦးလွင်မြို့**

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၁၂) ကြိမ်မြောက် ကျပ်၁၀၀၀တန်ထီပေါက်စဉ် ၂၀၂၀ ပြည့်နှစ် ၊ ဖေဖော်ဝါရီ လ (၁) ရက်နေ့ *အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၁၅၀၀၀) ဆု

ဠ - ၈၅၇၅၂၀

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

ဠ - ၉၁၁၅၄၆

## ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀၀၀)ဆုများ

ဏ - ၁၂၆၂၁၈ ဠ - ၆၁၅၃၃၇

### ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၂၀၀၀)ဆုများ

ဂ - ၁၃၁၉၆၃
ကစ - ၁၄၅၇၄၃
တ - ၃၀၅၁၂၆
ကဂ - ၃၃၁၆၄၃
ကက - ၄၆၁၈၇၀
ရ - ၇၀၂၇၆၉
ယ - ၉၈၈၅၇၇

### ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၁၀၀၀)ဆုများ

ဠ - ၁၅၇၀၂၄
အ - ၂၀၆၄၆၇
ည - ၃၂၅၇၇၄
ဓ - ၄၂၃၆၈၈
ကဆ - ၄၇၆၂၄၂
ကဆ - ၅၀၇၄၂၀
ဂ - ၆၀၉၂၇၄
ဓ - ၆၈၀၈၇၅
ဍ - ၇၂၂၀၉၆

### ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀၀)ဆုများ

| | | |
|---|---|---|
| ကခ - ၁၀၄၅၇၉ | ယ - ၄၈၂၁၂၆ | ကက - ၈၄၇၃၉၀ |
| ဟ - ၁၃၂၀၆၆ | ဃ - ၄၈၇၅၀၀ | န - ၈၉၆၆၀၇ |
| ဏ - ၁၃၃၀၇၁ | ထ - ၅၃၁၄၂၆ | ဝ - ၈၉၉၉၄၅ |
| ဌ - ၁၅၃၉၃၁ | ဗ - ၅၅၁၆၅၈ | ဗ - ၉၁၀၀၇၅ |
| ပ - ၂၂၆၃၆၂ | ဂ - ၅၅၂၅၅၀ | |
| ကင - ၃၃၅၅၇၈ | င - ၆၁၅၉၅၁ | |
| ကစ - ၃၈၆၈၃၃ | ဘ - ၆၂၇၆၉၉ | |
| ဍ - ၄၂၈၄၀၅ | ကဃ - ၇၉၅၆၃၈ | |
| အ - ၄၃၄၁၁၇ | ကခ - ၈၄၆၂၄၉ | |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆုများ

| | | |
|---|---|---|
| ခ - ၁၀၅၈၂၁ | ထ - ၂၉၁၈၇၉ | ဒ - ၆၆၈၃၃၆ |
| ကဃ - ၁၅၇၂၁၉ | ရ - ၄၂၀၇၂၆ | ဗ - ၆၆၈၈၀၆ |
| သ - ၁၇၇၂၄၇ | ဈ - ၄၇၅၀၇၂ | ယ - ၆၉၄၈၇၅ |
| ည - ၁၈၁၉၀၁ | ဝ - ၅၆၂၅၁၂ | ပ - ၇၆၂၃၈၈ |
| ည - ၁၉၈၂၈၇ | ည - ၆၁၈၄၃၈ | ကဃ - ၈၀၂၄၅၈ |
| ဗ - ၁၉၉၀၂၆ | ရ - ၆၄၀၇၁၄ | ဈ - ၈၅၅၇၅၀ |
| ဂ - ၂၂၆၁၈၅ | ကင - ၆၅၀၁၁၉ | ဖ - ၈၅၆၉၄၂ |
| ဗ - ၂၃၀၅၄၈ | ဈ - ၆၆၄၄၅၄ | ဃ - ၈၈၅၈၄၇ |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၁၀၀)ဆုများ

| | | |
|---|---|---|
| ဝ - ၁၁၁၉၄၃ | ခ - ၅၅၀၀၉၂ | ယ - ၈၃၀၄၁၈ |
| ကစ - ၁၇၆၆၂၆ | အ - ၅၇၀၂၄၅ | မ - ၈၄၄၆၇၆ |
| ဒ - ၁၈၇၆၄၄ | ဖ - ၅၉၄၅၄၄ | ကက - ၈၄၉၃၄၀ |
| ဌ - ၂၆၂၃၆၅ | ဇ - ၆၂၁၀၇၅ | ကဆ - ၉၀၃၅၃၂ |
| ကင - ၂၇၄၆၀၈ | ဝ - ၆၂၄၆၅၄ | ဠ - ၉၁၄၄၆၁ |
| ကခ - ၃၅၉၅၀၄ | ဝ - ၆၅၀၀၆၄ | ကဃ - ၉၁၅၁၁၈ |
| ပ - ၃၈၉၂၆၉ | မ - ၆၈၃၉၈၂ | ဓ - ၉၃၆၄၈၄ |
| ယ - ၄၁၅၉၆၀ | ကခ - ၇၀၀၁၈၃ | ဠ - ၉၇၈၂၂၇ |
| ကက - ၅၂၅၀၇၇ | ယ - ၇၈၅၆၀၀ | |
| စ - ၅၂၇၉၃၉ | ည - ၈၁၆၂၃၉ | |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| ဇ - ၁၁၈၉၆၇ | ဆ - ၂၁၇၈၇၇ | ထ - ၄၇၄၇၉၄ | ဆ - ၅၃၄၂၉၈ | ဌ - ၇၀၂၅၃၈ | ဓ - ၈၃၈၈၀၃ |
| သ - ၁၂၉၆၄၆ | ည - ၃၁၇၆၂၇ | ကခ - ၄၇၇၂၆၂ | ယ - ၅၅၄၈၄၃ | ရ - ၇၀၈၁၉၆ | င - ၈၇၈၆၉၇ |
| ဖ - ၁၃၄၃၇၁ | ကခ - ၃၇၉၂၅၂ | ဓ - ၄၉၂၁၅၃ | ဗ - ၆၁၂၀၄၀ | ဗ - ၇၁၄၄၃၆ | ရ - ၉၃၀၀၄၁ |
| ရ - ၁၇၄၈၁၃ | ဇ - ၃၉၇၄၆၈ | ဍ - ၅၀၇၁၆၂ | င - ၆၃၆၇၁၈ | ဒ - ၇၂၄၀၇၃ | |
| ကဆ - ၁၈၄၆၄၈ | အ - ၄၄၃၀၁၀ | ဟ - ၅၁၁၅၈၀ | တ - ၆၃၆၇၆၄ | ဠ - ၇၂၄၂၈၀ | |

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

| | | | | | |
|---|---|---|---|---|---|
| ဂ - ၁၃၇၇၇၃ | တ - ၃၀၉၉၆၈ | ဋ - ၅၆၉၀၉၆ | ကဆ - ၇၀၆၆၂၂ | ဓ - ၈၂၁၆၀၂ | အ - ၉၃၃၂၀၇ |
| ကဃ - ၁၄၂၇၂၇ | တ - ၃၉၄၁၂၈ | ဍ - ၆၃၆၇၀၉ | ဍ - ၇၂၇၇၄၆ | ဇ - ၈၃၈၃၆၀ | ဘ - ၉၄၆၄၁၄ |
| ဋ - ၁၆၄၉၃၆ | သ - ၄၃၁၃၉၂ | ဒ - ၆၇၀၃၁၁ | ဇ - ၇၇၂၄၄၅ | ဋ - ၈၄၇၄၃၈ | ဟ - ၉၇၃၈၃၈ |
| ယ - ၂၇၃၄၈၂ | ဌ - ၄၅၅၁၆၅ | အ - ၆၇၈၀၆၁ | ဝ - ၇၇၈၀၉၅ | ခ - ၈၅၇၀၅၈ | ည - ၉၉၈၃၉၉ |
| န - ၂၈၁၉၂၀ | ပ - ၅၂၉၁၂၇ | ကဂ - ၇၀၃၆၃၁ | ဗ - ၇၉၆၉၃၁ | သ - ၉၀၄၉၈၄ | |

## ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

| | | | | | |
|---|---|---|---|---|---|
| ကစ - ၁၁၆၂၂၅ | ကဆ - ၂၅၆၂၃၉ | ဝ - ၃၉၅၀၅၁ | ဒ - ၆၀၆၆၉၃ | ပ - ၇၆၀၄၄၃ | ဃ - ၉၃၅၉၂၃ |
| ဃ - ၁၃၀၃၇၆ | တ - ၂၆၁၁၇၅ | ဗ - ၄၁၅၄၂၃ | ဍ - ၆၃၆၂၈၅ | ည - ၇၆၉၂၇၂ | မ - ၉၄၇၇၀၀ |
| ဇ - ၂၀၇၄၃၀ | န - ၂၆၃၈၀၄ | ကဆ - ၄၉၇၂၉၉ | ကခ - ၆၈၁၄၈၉ | ကဆ - ၇၇၆၇၈၇ | ဝ - ၉၈၁၆၀၃ |
| ဘ - ၂၁၀၆၀၉ | ဃ - ၂၆၄၂၈၈ | ရ - ၅၂၅၉၈၅ | မ - ၆၉၄၂၃၀ | ဆ - ၇၉၆၁၅၆ | |
| င - ၂၁၁၃၁၇ | ကစ - ၃၂၆၆၅၀ | ဆ - ၅၅၀၈၃၈ | ဗ - ၇၃၈၄၀၇ | ကက - ၈၂၉၇၉၆ | |
| လ - ၂၄၁၄၁၂ | တ - ၃၇၈၅၆၅ | ခ - ၅၆၅၁၂၂ | ဇ - ၇၅၅၄၂၁ | ကဂ - ၈၃၂၇၁၃ | |

# ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

## ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

| | | |
|---|---|---|
| က - ၁၈၈၉၃ | လ - ၄၆၂၆၉ | ဋ - ၆၆၅၃၃ |
| ခ - ၂၉၅၁၅ | က - ၄၆၇၁၄ | ဂ - ၇၅၇၈၇ |
| လ - ၃၇၅၅၉ | ခ - ၅၉၇၅၀ | န - ၇၈၄၀၇ |
| န - ၃၇၇၀၄ | ကဆ - ၆၂၄၂၁ | ကခ - ၈၀၆၇၂ |
| ဓ - ၄၂၀၁၃ | ဌ - ၆၃၀၅၅ | ဆ - ၉၆၉၁၀ |

အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

| | | |
|---|---|---|
| ဏ - ၁၂၇၂ | ဋ - ၃၉၄၂ | ကဂ - ၈၀၆၅ |
| ကက - ၁၄၀၉ | ဒ - ၄၅၆၆ | က - ၈၂၂၅ |
| ဂ - ၂၃၄၆ | ကဆ - ၅၃၇၇ | ဓ - ၈၄၈၀ |
| န - ၂၉၁၇ | ယ - ၆၀၁၇ | ပ - ၈၅၉၇ |
| ကဃ - ၃၈၅၉ | ဟ - ၆၅၃၂ | ဂ - ၈၉၆၃ |

အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

| | | |
|---|---|---|
| ကစ - ၁၄၆ | ထ - ၂၆၃ | မ - ၇၈၇ |
| ဌ - ၁၇၀ | ဓ - ၂၈၁ | ဌ - ၇၈၈ |
| ဍ - ၂၀၅ | ကင - ၃၅၈ | အ - ၈၀၀ |
| ယ - ၂၂၇ | ဗ - ၄၉၂ | ခ - ၈၉၅ |
| ဏ - ၂၄၆ | ဟ - ၅၂၇ | ဌ - ၉၈၀ |
| လ - ၂၄၇ | ယ - ၆၄၁ | |
| ကခ - ၂၄၉ | အ - ၇၀၆ | |

အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ

| | | |
|---|---|---|
| ယ - ၁၅ | ကက - ၄၇ | ဝ - ၈၂ |
| င - ၁၈ | အ - ၅၃ | ဈ - ၈၆ |
| က - ၂၀ | တ - ၅၇ | သ - ၈၇ |
| ကဆ - ၃၁ | ကက - ၆၈ | အ - ၉၀ |
| ကဃ - ၃၆ | မ - ၇၁ | စ - ၉၅ |
| ဇ - ၃၇ | မ - ၇၁ | |
| ကဂ - ၄၂ | ဈ - ၇၆ | |

အက္ခရာနှင့် ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ – ကျပ်(၅)သောင်း

# ဘဏ္ဍာသိမ်း ရငွေကျပ်သိန်း(၂၅၀၀)မှ ချီးမြှင့်သော ဆုမဲများ

## ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

| | | | |
|---|---|---|---|
| င - ၂၄၅၈၆၂ | ဆ - ၅၅၀၅၇၂ | အ - ၆၇၃၉၆၈ | ဋ - ၈၄၇၁၃၄ |

# ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

## ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

| | |
|---|---|
| ဒ - ၅၅၉၇၁ | ည - ၅၇၈၇၄ |

အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

ကဆ - ၂၆၁၀

ကစ - ၄၆၂၅

အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

## ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

ကစ - ၇၅၈

ကစ - ၇၆၇

အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

၁။ ၂၀၂၀ ပြည့်နှစ် ၊ဖေဖော်ဝါရီလ(၁) ရက်နေ့တွင်ကျင်းပသည့် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင်(၁၂)ကြိမ်မြောက် ကျပ်(၁၀၀၀)တန်အတွက် ဆုမဲ (၂၁၃၀၅၈) ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၂၀ ပြည့်နှစ်၊ မတ်လ (၁)ရက်နေ့တွင် ကျင်းပမည့် (၁၃) ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေထီ လက်မှတ်များကို (က)အက္ခရာမှ (ကစ) အက္ခရာထိ ၊အက္ခရာ (၃၉)လုံး ခွဲဝေရောင်းချပေးသွားမည်ဖြစ်ပါသည်။

၃။ (၁၂)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို ( ၃ . ၂ . ၂၀၂၀) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို (၁၁ . ၂ . ၂၀၂၀) ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်းနှင့်ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ ၊(၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

နှစ်ကျိပ်ရှစ်ဆူစေတီတော်မြတ်ကြီးနှင့် နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓဝင်ကျင့်စဉ် သက်လွှတ်မေတ္တာရိပ်သာကြီးအား
စတင်တည်ထောင်တော်မူခဲ့သော ကျေးဖူးရှင် ဩဝါဒါစရိယ

## နာဂတောင်တန်း သာသနာပြု ခန္တီးဆရာတော် အရှင်ဂန္ဓသာရာလင်္ကာရ

သာသနဓဇသီရိပဝရဓမ္မာစရိယ - BA , သကျသီဟသာသနာ လင်္ကာရသာမဏေကျော် တိပိဋကပါဠိ မြန်မာ အဘိဓါန်ကျမ်းပြု

## " (၄)နှစ်ပြည့် ပူဇော်ပွဲများအတွက် ဖိတ်ကြားလွှာ "

ကျေးဇူးတော်ရှင် ခန္တီးဆရာတော်ဘုရားကြီး အရှင်ဂန္ဓသာရာ လင်္ကာရ၏ (၄)နှစ်ပြည့်တွင် ဆရာတော်ကြီးအား ရည်စူး၍ နှစ်ကျိပ်ရှစ်ဆူစေတီတော်မြတ်ကြီးအား ၁.၂.၂၀၂၀ (ဗုဒ္ဓဟူးနေ့) မှ ၁၆.၂.၂၀၂၀ (တနင်္ဂနွေနေ့)ထိ အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲ၊ ပရိတ်တော် (၁၁) သုတ်နှင့် ဗုဒ္ဓဝံသပါဠိတော် မြန်မာပြန်ရွတ်ဖတ်ပူဇော်ပွဲတို့ဖြင့် ပူဇော်ပြီး သံဃာတော်အရှင်သူမြတ်တို့ကို နဝကမ္မဝတ္ထု၊ ဆွမ်း၊ ခဲတွယ်၊ ဘောဇဉ်၊ အစရှိသည့် လှူဖွယ်ပစ္စည်းအစုစုတို့ဖြင့်ဆက်ကပ်၍ ရေစက်ချလှူဒါန်းကြမည်ဖြစ်သောကြောင့် ကြွရောက်ပူဇော်ကြပါရန်လေးမြတ်စွာဖြင့်ဖိတ်ကြားအပ်ပါသည်။

တပည့်၊ ဒါယကာ၊ ဒါယိကာမများ နှင့် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်ကျင့်စဉ်စောင့်ရှောက်ရေးအဖွဲ့
နှစ်ကျိပ်ရှစ်ဆူစေတီတော်မြတ်ကြီးနှင့် နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓဝင်ကျင့်စဉ်သက်လွှတ်မေတ္တာရိပ်သာ၊ လော်ကားဥယျာဉ်လမ်း၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဆက်သွယ်ရန်ဖုန်း - ၀၉ ၇၆၆၉၇၉၂၉၄၊ ၀၉ ၅၀၀၃၃၉၇၊ ၀၉ ၅၁၁၈၄၁၁၊ ၀၉ ၅၁၃၉၀၉၀၊ ၀၉ ၅၀၁၃၀၉၇၊ ၀၉ ၇၈၅၅၀၀၁၉၅


ဟင်္သာစွက်

# တဲ့တော်နဂူမန်

မရနက်ကို (၇၃)ဝါ၊ ချင်လှူင်

## (၇၃) ကြိမ်မြောက် မွန်အမျိုးသားနေ့၊ ရန်ကုန်

၉-၂-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ(၅း၀၀)နာရီ မှ ည(၁၂း၀၀)နာရီထိ ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်


## အလက(၃)တာမွေ၊ မအူကုန်း(ယခင်စိန်မိုက်ကယ်ကျောင်း)
## ၂၀၂၀ပြည့်နှစ် ဆဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

အလက(၃)တာမွေတွင် ၁၉၆၅ခုနှစ်မှ ၁၉၈၅ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့သော အသက်(၇၀)အထက် ဆရာကြီး၊ ဆရာမကြီးများအား ၂၀၂၀ ပြည့်နှစ် မတ်လ ၂ ရက်(တနင်္လာနေ့) (တောင်သူလယ်သမားနေ့) နံနက် (၉း၀၀)နာရီတွင် အလက(၃) တာမွေ၌အပူဇော်ကန်တော့ခံကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများကလည်း စုံညီစွာတက်ရောက်ကန်တော့ကြပါရန်နှင့် အလှူငွေများကိုအောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| ၁။ | ဒေါက်တာမခင်စိန် | - | ဖုန်း ၀၉-၅၁၁၃၃၀၂ |
| ၂။ | ဒေါ်ခင်မာအေး | - | ဖုန်း ၀၉-၇၇၃၁၁၈၉၇၈ |
| ၃။ | ဒေါ်တင်တင်ကြည် | - | ဖုန်း ၀၉-၇၉၀၂၆၀၉၃၇ |
| ၄။ | ဒေါ်သန်းသန်းရီ | - | ဖုန်း ၀၉-၄၄၃၉၄၂၃၈၀ |
| ၅။ | ဦးမိုးကျော် | - | ဖုန်း ၀၉-၂၅၁၃၄၅၄၅၄ |
| ၆။ | ဦးအောင်သန်း | - | ဖုန်း ၀၉-၂၅၀၀၉၅၂၄၅ |
| ၇။ | ဒေါ်ခင်သန်းမြင့် | - | ဖုန်း ၀၉-၄၄၈၀၄၅၃၄၆ |
| ၈။ | ဦးသန်းစိုးအောင် | - | ဖုန်း ၀၉-၂၅၄၀၀၈၅၆၈ |
| ၉။ | ဒေါ်အေးအေးသိန်း | - | ဖုန်း ၀၉-၂၅၀၆၄၀၇၄၀ |
| ၁၀။ | ဦးတင့်လွင် | - | ဖုန်း ၀၉-၅၃၀၁၃၃၃၉ |

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
ချမ်းအေးသာစံမြို့နယ်တရားရုံးတော်
၂၀၀၇ ခုနှစ် မန္တလေးခရိုင်တရားရုံးတော်၏
တရားမကြီးမှုအမှတ် -၂၉၃နှင့် ဆက်နွယ်သည့်
၂၀၁၉ ခုနှစ် တရားမဇာရီမှုအမှတ် -၄၂

ဦးဖုကွေ့ (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်ခင်မြင့်ကြည်) နှင့် ဒေါ်ဥမ္မာလှိုင်
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမှတ် ၁၁/၁၊ ပြည်တော်သာတိုက်တန်း၊ နန်းရှေ့ ဒေါနဘွားအုပ်စုနေ တရားပြိုင်ဒေါ်ဥမ္မာလှိုင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

မန္တလေးခရိုင်တရားရုံး၏ ၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်-၂၉၃တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးဖုကွေ့(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်ခင်မြင့်ကြည်)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၇ ရက် (၁၃၈၁ ခုနှစ် တပို့တွဲလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်မျိုးဝင်း)**
**မြို့နယ်တရားသူကြီး**
**ချမ်းအေးသာစံမြို့နယ်တရားရုံး**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
မကွေးခရိုင်တရားရုံးတော်၌
၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ် (၈၅)နှင့် ဆက်နွယ်သည့်
၂၀၁၉ ခုနှစ် တရားမဇာရီမှုအမှတ် (၃၂)

ကမ္ဘာ့ရတနာဘဏ် ၎င်း၏အခွင့်ရကိုယ်စားလှယ် မန်နေဂျာဗိုလ်မှူးလေးမြင့်(ငြိမ်း) နှင့် ၁။ ဒေါ်ငွေငွေ(ခ)ရီရီငွေ ၂။ ဦးအောင်မော်မင်း
**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ ဆုံတိုက်ရပ်ကွက်၊ စိန်ပန်းရပ်၊ စိန်ပန်းလမ်း၊ အမှတ်(၃၄၈)(ယခုနေရပ်လိပ်စာမသိသူများ)(၁)တရားရှုံး ဒေါ်ငွေငွေ၊ (၂) တရားရှုံး ဦးအောင်မော်မင်း (အတူနေမိသားစု)တို့ သိစေရမည်။

၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်(၈၅)တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူ ကမ္ဘာ့ရတနာဘဏ် ၎င်း၏အခွင့်ရကိုယ်စားလှယ်မန်နေဂျာ ဗိုလ်မှူးလေးမြင့်(ငြိမ်း)က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ အကြောင်းပြချေဆိုနိုင်သူ အခွင့်ကိုယ်စားလှယ်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၃ရက် (၁၃၈၁ခုနှစ် တပို့တွဲလပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် ဤရုံးရှေ့ လာရောက်ရမည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၇ရက်တွင် ဤရုံးတံဆိပ်ခတ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ထားထားဆွေ)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မကွေးခရိုင်တရားရုံး**

## စာမွန်လှဆွေတော်မျိုးတော်များ စိန်ဖူးတော်ရွှေထီးတော်အထွတ်တင်ရန်နှင့် ရှင်အပါး (၃၀၀) စုပေါင်းရှင်ပြုပွဲပါဝင်လှူဒါန်းဖို့ နှိုးဆော်အပ်ပါသည်

မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မစိုးရိမ်ပါဠိနယူပဒေသာကျောင်းဆရာတော် ဦးဝိစိတ္တာဘိဝံသအား အမှူးထားဩဝါဒခံယူပြီး အစ်မတော်စာမွန်လှအားရည်စူး၍ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ် မြတဘက်နဂါးကိုးကောင်ဘုရား စာမွန်လှပညာရေးကျောင်း ရှင်အပါး (၃၀၀) စုပေါင်းရှင်ပြုပွဲနှင့် စိန်ဖူးတော်ရွှေထီးတော်တင်လှူပွဲကို (၁၆-၃-၂၀၂၀) ၁၃၈၁ခုနှစ် တပေါင်းလပြည့်ကျော် ၈ရက် (တနင်္လာနေ့) ရဟန်း၊ သာမဏေ၊ သီလရှင်ဝတ်ချင်သူများ စာရင်းပေးသွင်းနိုင်ပါသည်။ သာသနာ့ဒါယကာအဖြစ်ခံယူလိုပါက ဘုရားတစ်ဆူသိန်း (၂၀)ကျပ်၊ ရှင်တစ်ပါးလျှင် (၂၅၀၀၀)ကျပ်ဖြင့် တတ်အားသရွေ့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**အလှူခံဌာန** - မြတဘက်နဂါးကိုးကောင်ဘုရား အောင်ပင်လယ်
**ဖုန်း** - ၀၉-၂၀၃၂၂၄၇
- ၀၉-၂၀၂၆၄၁၉
- ၀၉-၄၀၂၅၂၁၇၅၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## ဇော်မိမြိုင် သစ္စာရွှေပြည်ဓမ္မရိပ်သာဆရာတော်၏ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၅ ရက် တရားစခန်း

| | | |
|---|---|---|
| **အချိန်** | - | ၈-၂-၂၀၂၀ ရက်မှ ၁၂-၂-၂၀၂၀ ရက်ထိ ၇-၂-၂၀၂၀ ရက် ညနေ (၃)နာရီ စဝင်ရပါမည်။ |
| **နေရာ** | - | ဇော်မိမြိုင်သစ္စာရွှေပြည်ဓမ္မရိပ်သာ (မြတ်သဒ္ဒါမဟာစည်ရိပ်သာ)၊ ဘိုးတော်လမ်း၊ ကျွန်းကလေးကျေးရွာ၊ လှည်းကူးမြို့နယ် |
| **မှတ်တိုင်** | - | ရိတ်သိမ်းမှတ်တိုင် |
| **စာရင်းသွင်းရန်** | - | ဒေါ်အေးမြထွန်း ဖုန်း ၀၉-၅၀၀၆၄၅၇၊ ဒေါ်ခင်မို့မို့မြိုင် ဖုန်း ၀၉-၅၁၅၇၅၅၁ |

ဇော်မိမြိုင်သစ္စာရွှေပြည်ဓမ္မရိပ်သာမှတ်တမ်း Page တွင်လည်း ဝင်ရောက် လေ့လာနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာခရိုင်၊ မုံရွာမြို့၊ အိုးဘိုတောင်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၃၃၃-က၊ ကွေ့ကြီးအနောက်)၊ ဦးပိုင်အမှတ်(B2-၈၆)၊ ဧရိယာ ၀ဒသမ၀၈၂ဧကရှိမြေကို ဦးဇော်ဝင်း ၅/ဘတလ(နိုင်)၀၁၀၉၁၉အမည်ဖြင့် မြေငှားစာချုပ်(အသစ်)လျှောက်ထားလာရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန် စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာခရိုင်၊ မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၅၊ ကူးတို့မြောက်)၊ ဦးပိုင်အမှတ် ၁၁၊ ဧရိယာ ၀ဒသမ၁၆၀ဧကရှိ အမှုတွဲအမှတ် ၇၀V၁၉၈၈-၂၀၈၉ အရ ၁၆-၆-၁၉၈၈ ရက်မှ ၁၅-၆-၂၀၁၈ရက်ထိ ဒေါ်အုံးကြည်၊ ဒေါ်မီမိခိုင်၊ ဦးဇော်ခိုင်တို့အမည်ဖြင့် မြေငှားစာချုပ်ရရှိထားသောမြေကို ဒေါ်မီမိခိုင် ၉/မရတ(နိုင်)၀၀၆၃၂၈ အမည်ဖြင့် မြေငှားစာချုပ်(အမည်ပြောင်းသက်တမ်းတိုး)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်းကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်းသက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မကွေးမြို့၊ အောင်ရတနာရပ်ကွက်နေ ဦးဖုဏ်းမော်မှ အကွက်အမှတ် ၃၊ ရန်ပယ်တောင်၊ ဦးပိုင်အမှတ် ၁၄၊ ဧရိယာ ၀ဒသမ၀၆၀ဧကရှိမြေကွက်ကို ၎င်းအမည်ဖြင့် ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားများဖြင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ကော်လိတ္တော်အရာရှိ)ထံအမည်ပြောင်းမြေငှားဂရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားဖြင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း၊ မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်းဤသတင်းစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မကွေးမြို့၊ မင်းကံကြီးရပ်ကွက်နေ ဦးတင်အောင်မှ အကွက်အမှတ်(၉-G၊ ဆရာဝန်အိမ်ရပ်)၊ ဦးပိုင်အမှတ်(၂၁က၊ ၂/၁)၊ ဧရိယာ ၀ဒသမ၂၄၀ဧကရှိမြေကွက်ကို ၎င်းအမည်ဖြင့် ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားများဖြင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ကော်လိတ္တော်အရာရှိ)ထံ အမည်ပြောင်းမြေငှားဂရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူရှိပါကခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားဖြင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း၊ မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း၊ ဤသတင်းစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ပတ်စ်ပို့ပျောက်

ကျွန်မ မနန်းလွမ် ၁/မကန(နိုင်)၀၀၀၁၄၁ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၀၆၈၂၁၄၄**

## ပတ်စ်ပို့ပျောက်

ကျွန်မ မဆိုင်းဆွေ ၁/ဝမန(နိုင်)၀၈၄၃၂၆ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၀၀၀၃၂၈၇**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်အောင်လီ ၁/ဟပန(နိုင်)၀၁၀၃၂၂ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၇၆၈၇၁၂၄**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8K/2163 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4E/4757 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ် ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၀)၊ နယ်မြေ(၅)၊ အကွက်အမှတ်(၄/ရှမ်းခါးရိုး)၊ ဦးပိုင်(၃၂၃/၅၆၉)၊ ဧရိယာ ၀ဒသမ၂၄၈ဧကရှိ မြေငှားဂရန်အမှုတွဲအမှတ် ၁၂၉၈-၅/၂၀၁၈-၂၀၁၉ (အေ) ဖြင့် ဒေါ်အေးလွန်း(ခ)အေးနွမ်း အမည်ပေါက်ပိုင်ဆိုင်ပြီး အဆိုပါမြေကွက်၏ ၀ ဒသမ၂၄၈ ဧကအနက်မှ ၀ဒသမ၀၂၉ဧကအား ဦးစိုင်းခမ်းလိတ်မှ ဦးပိုင်ခွဲစိတ်ခွင့်ရရှိရေး လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း ၂၀ အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၀)၊ နယ်မြေ (၅)၊ အကွက်အမှတ်(၄/ရှမ်းခါးရိုး)၊ ဦးပိုင်(၃၂၃/၅၆၉)၊ ဧရိယာ ၀ဒသမ၂၄၈ဧကရှိ မြေငှားဂရန်အမှုတွဲအမှတ် ၁၂၉၈-၅/၂၀၁၈-၂၀၁၉ (အေ) ဖြင့် ဒေါ်အေးလွန်း(ခ)အေးနွမ်း အမည်ပေါက်ပိုင်ဆိုင်ပြီး အဆိုပါမြေကွက်၏ ၀ဒသမ၂၄၈ ကေအနက်မှ ၀ဒသမ၀၂၉ကေအား ဒေါ်စန္ဒာကိုမှ ဦးပိုင်ခွဲစိတ်ခွင့်ရရှိရေး လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း ၂၀ အတွင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၀)၊ နယ်မြေ (၅)၊ အကွက်အမှတ်(၄/ရှမ်းခါးရိုး)၊ ဦးပိုင်(၃၂၃/ ၅၆၉)၊ ဧရိယာ ၀ဒသမ၂၄၈ဧကရှိ မြေငှားဂရန်အမှုတွဲအမှတ် ၁၂၉၈-၅/၂၀၁၈-၂၀၁၉(အေ)ဖြင့် ဒေါ်အေးလွန်း(ခ)အေးနွမ်း အမည်ပေါက်ပိုင်ဆိုင်ပြီး အဆိုပါမြေကွက်၏ ၀ ဒသမ၂၄၈ ကေအနက်မှ ၀ ဒသမ၀၂၉ ကေအား ဦးဇော်ဇော်နိုင်မှဦးပိုင်ခွဲစိတ်ခွင့်ရရှိရေး လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း ၂၀ အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ဒေါ်အေးရင်(ဝါးခယ်မ)
### အသက်(၁၀၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁-တိုးချဲ့)ရပ်ကွက်၊ မဟာမြိုင်အိမ်ရာ၊ တိုက်(၁၇)၊ အခန်း(F-4)နေ(ဦးကျော်ဝင်း)၏ဇနီး၊ ဦးစံပုလီ-ဒေါ်စိန်ဖြူ၊ ဦးကျော်သောင်း-(ဒေါ်မယ်လှ)၊ (ဦးလူလှ ညွှန်ကြားရေးမှူး-ငြိမ်း၊ အကျဉ်းဦးစီးဌာန)-ဒေါ်ခင်မာအေး၊ ဦးစံသန်းထွေး-ဒေါ်ခင်ရီ၊ (ဦးကျော်မြင့်-ဒေါ်ခင်တင့်)၊ ဦးလှသန်း-ဒေါ်နုနုမြ၊ (ဦးနိုင်လတ်)-ဒေါ်မေရီတို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၁-၂-၂၀၂၀ရက်(စနေနေ့) နံနက် ၈:၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၇-၂-၂၀၂၀ရက်(သောကြာနေ့) နံနက်တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်မေသိန်း
### အသက်(၈၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် ၁၁၊ မီးပြလမ်း၊ ရေကြောင်းပြမှုးကြီးရိပ်သာ၊ သန်လျက်စွန်းနေ (သိက္ခာတော်ရ ဆရာကြီး ဦးသိန်း-ဒေါ်သန်းဆင့်)တို့၏သမီးကြီး၊ (ဒေါ်နီနီသိန်း-ဦးရှာဘင်)၊ ဒေါ်သုံး၊ ဒေါ်လေး-ဦးအမ်အောင်ပိုင်၊ (ဦးသိန်းဆင့်)-ဒေါ်ဖြူးလာကဲ၊ ဒေါ်ခင်ခင်အေး-ဦးဒေါက်ကလပ်(စ်)ရင်ကျော်တို့၏ ချစ်လှစွာသောအစ်မကြီး၊ တူ၊တူမ ကိုးယောက်၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁-၂-၂၀၂၀ရက် (စနေနေ့)နံနက် ၆:၃၀နာရီတွင် နေအိမ်၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃-၂-၂၀၂၀ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ သုသာန်၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်သန်း
### အလယ်တန်းပြဆရာမ(ငြိမ်း)
### အထက(၁)တာမွေ၊ အထက(၁)အင်းစိန်၊
### အထက(၃)ဗိုလ်တထောင်
### အသက်(၈၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်းမြို့နယ်)၊ (၃၅)ရပ်ကွက်၊ စောရန်နိုင်လမ်း၊ အမှတ်(၃၈၃)နေ (ဦးချစ်မွန်း-ဒေါ်သန်းရင်)တို့၏သမီး၊ (ဦးကျော်မောင်၊ ဌာနမှူး-ငြိမ်း၊ စက်မှု/စားကုန်)၏ဇနီး၊ ဦးအေးလွင်(တပ်မတော်သင်္ဘောဆေးစက်ရုံ-ငြိမ်း)-ဒေါ်မြသီတာကျော် (တပ်မတော်သင်္ဘောဆေးစက်ရုံ-ငြိမ်း)၊ (ဒုတိယဗိုလ်မှူးကြီးအောင်ဇော်ဝင်း-ဒေါ်ဝါဝါဝင်းကျော်)၊ (ဦးဟန်ရှိန်)-ဒေါ်ဥမ္မာကျော် (အထက-၅၊ ဗိုလ်တထောင်)၊ ဒေါ်ချစ်ချစ်စုကျော်(ဦးစီး အရာရှိ၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ နေပြည်တော်)၊ ဗိုလ်မှူးရဲထွန်းဝင်း(ငြိမ်း)(MEC)-ဒေါ်လှိုင်လှိုင်ကျော်(ဦးစီးအရာရှိ၊ပန်းဘဲတန်းမြို့နယ်စီမံကိန်းဦးစီးရုံး)တို့၏ချစ်လှစွာသောမိခင်၊ ဒေါက်တာဘုန်းအောင်ဇော်-ဒေါက်တာမေမြတ်မော်၊ မအေးယုနိုင်(စွယ်စုံမီဒီယာGroup)၊ မမေသင်းခိုင်(J&M Steel Solutions Co,Ltd)၊ မအေးမိုးခိုင်(Myanmar Yazaki Thilawa)၊ မဆုရည်ထွန်း(CDSH Group)နှင့် မနှင်းအိန္ဒြာရဲထွန်း(Grade-x)တို့၏အဘွားသည် ၃၁-၁-၂၀၂၀ ရက်(သောကြာနေ့) နံနက် ၁၁:၂၉နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၂၀ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၈:၃၀နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဦးဝင်းမြင့်အောင်
### အသက်(၅၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ (၆) လမ်းအောက်၊ အမှတ်(၅)နေ (ဦးကြည်-ဒေါ်တင်မြင့်)တို့၏ သား၊ (ဦးသောင်းကြည်-ဒေါ်အေးကြွယ်)တို့၏သားသမက်၊ (ဦးမြတ်စိန်)-ဒေါ်လှလှမြင့်၊ ဗိုလ်မှူးကြည်ဝင်း-ဒေါ်အေးအေးမြင့်၊ ဒေါ်ငွေငွေမြင့်တို့၏မောင်၊ ဒေါ်စန်းစန်းအေး(ဒုတိယဗိုလ်မှူးကြီး ထွန်းထွန်း)-ဒေါ်သင်းသီတာလွင်တို့၏အစ်ကို၊ ဦးစောလွင်-ဒေါ်သင်းသင်းမော်၊ ဦးခင်နိုင်ဇော်-ဒေါ်အေးအေးမာ၊ ဦးသီဟအောင်-ဒေါ်ချိုသဲတို့၏အစ်ကို၊ ကိုစည်သူ-မကေသွယ်ဝင်း၊ ကိုတင်ဘုန်းဇော်-မမေစီမောင်တို့၏ဖခင်၊ ကိုငြိမ်းဝင်းမောင်-နော်သင်းသင်းဆွေ၊ ကိုသိန်းသန်းထိုက်-မရင်ရင်မြတ်၊ ဗိုလ်ကြီးဉာဏ်လင်းမောင်-မခိုင်ရည်ဖြိုးဟန်၊ ဗိုလ်ကြီးနေမျိုးထွန်း၊ ကိုကောင်းဆက်သာ၊ ကိုဟိန်းဆက်သာ၊ ကိုရဲထွန်းအောင်၊ မချမ်းမြေ့သီတာတို့၏ဦးလေး၊ မအိမ့်သံဇဉ်ဦး၊ မောင်ဝေလျှံဘုန်းဇော်တို့၏ အဘိုး၊ ဒေါ်ကြည်ကြည်နိုင်၏ခင်ပွန်းသည် ၁-၂-၂၀၂၀ရက် နံနက် ၄:၂၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၂၀ရက် မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁နာရီ တွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်သစ်
### အသက်(၆၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ငွေစပါယ်ရွှေညောင်ပင်လမ်း၊ အမှတ်(၁၀၈)နေ (ဦးညွန့်ဝေ-ဒေါ်ညိမ်းခင်)တို့၏ သမီးချွေးမ၊ အောင်သိဒ္ဓိကျောင်းလမ်း၊ အမှတ်(၃၃၁၆)နေ (ဦးကျော်-ဒေါ်ဝက်ပု)တို့၏ သမီး၊ (ဦးခွေး-ဒေါ်စော)တို့၏ တူမ၊ (ဦးကြည်)-ဒေါ်ရင်လှတို့၏ညီမ၊ ရှစ်အိမ်စုနေ (ဦးမြင့်အောင်)-ဒေါ်အေး၊ ဝါယာလက်နေ(ဦးအေးသောင်း)-ဒေါ်မြသိန်း၊ အင်းစိန်ပိတောက်လမ်းနေ ဦးအောင်ကိုလတ်-ဒေါ်ဖြူဖြူဝင်း၊ အောင်သိဒ္ဓိကျောင်းလမ်းနေဒေါ်ငွေတို့၏အစ်မ၊ ကိုသောင်းထိုက်-မအိဇာဇာအောင်၊ ကိုဝင်းနောင်-မသန်းသန်းမော်တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွား၊ ဦးအေးကို၏ဇနီးသည် ၃၀-၁-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၂၀ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အေးအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူ အားရည်စူး၍ ၅-၂-၂၀၂၀ ရက်(ဗုဒ္ဓဟူးနေ့)နံနက်တွင် မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ရွှေညောင်ပင်လမ်း၊ အမှတ်(၁၀၈)နေဦးအေးကို၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ခရစ်တော်၌အိပ်ပျော်ခြင်း
## နော်အိအိခင်
### အသက်(၆၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ တရုတ်ကုန်းလမ်း၊ မ/၃၅နေ (ဦးအောင်ဇေ-ဒေါ်နန်စီ)တို့၏သမီး၊ ဦးကြည်လှိုင်-(နော်နုနုခင်)၊ စောလှမောင်ခင် - နော်စန်းစန်းပွင့်တို့၏ညီမ၊(စောခဲနက်)-နော်မြင့်မေခင်၊ နော်သန်းမေခင်၊ စောမောင်မြ-(နော်အေးအေးခင်)၊ နော်ကေသီခင်၊ စောသက်ဦးလေးခင်၊ စောချစ်ဦးလေးခင်တို့၏အစ်မ၊ နော်သိမ့်၊ စောသိုး-နော်ဆာသပ လေးဖိုး၊ စောဂျွန်-နော်ဆဲဝါး၊ နော်မြတ်နိုးသူ-စောစိုးထိုက်အောင်၊ နော်ဘလော်ဆင်-စိုင်းဖုန်းမြင့်၊ နော်သဇင်ချစ်ချစ်ထွေးတို့၏မိခင်၊ စောနေဟမိ၊ နော်နီသောမူး၊ နန်းပန်လုံ၊ စောကဲပလု၊ စောအိုင်ဗန်အယ်၊ နော်စကားလက်အယ်၊ စောငြိမ်းချမ်းသူ တို့၏အဘွား၊ (စောချစ်ဆွေ)၏ချစ်လှစွာသော ဇနီးသည် ၃၁-၁-၂၀၂၀ရက် မွန်းလွဲ ၂နာရီ နေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂-၂-၂၀၂၀ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ဇီးအုံကုန်းကရင်နှစ်ခြင်းအသင်းတော်တွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ဇီးအုံကုန်းကရင်နှစ်ခြင်းအသင်းတော်မှ ကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
## ဒေါ်အုန်းတင့်(ပြည်ကြီးတံခွန်စာပုံနှိပ်တိုက်)
### အသက်(၉၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အမှတ် ၂၇၊ လမ်း ၁၅၀၊ ကျောက်မြောင်းနေ (ဦးမြတ်သိန်း)ဒုဥ္စနမှူး၊ အဆောက်အအုံအင်ဂျင်နီယာ(မြို့တော်စည်ပင်)၏ချစ်လှစွာသောဇနီး၊ (ဦးဖိုးမျှင်-ဒေါ်မြို့)တို့၏သမီး၊ ဒေါ်ဥမ္မာ(တရားလွှတ်တော်ရှေ့နေ)၊ ဦးလှမြင့်-ဒေါ်မြတ်သီတာ၊ (ဦးစိုးနိုင်)-ဒေါ်ဇင်မာ၊ ဦးကျော်ဝင်း-ဒေါ်သန္တာ၊ ဒေါ်သူဇာတို့၏ချစ်လှစွာသော မိခင်ကြီး၊ ဦးမင်းရဲဝင်း-ဒေါ်အေးမြတ်ခိုင်၊(ဦးအေးချမ်းဖြိုး)-ဒေါ်သန္တာကျော်၊ဦးမောင်မောင်မြတ်သူ-ဒေါ်အေးမြမိုး၊ ဦးကျော်စွာဦး-ဒေါ်အလိမ္မာကျော်၊ ဒေါက်တာနေလင်း၊ မောင်ပြည့်စုံအောင်၊ မောင်စည်သူတို့၏အဘွား၊ မြစ်ငါးယောက်တို့၏ ဘွားဘွားကြီးသည် ၁-၂-၂၀၂၀ရက်မွန်းလွဲ ၁၂:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၂-၂၀၂၀ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဦးလဗျနော်လုံး လျှပ်စစ်မှူး(ငြိမ်း)
### အင်ဂျင်နီယာဌာန၊ ဖိုတိုလစ်သိုပုံနှိပ်တိုက်
### အသက်(၇၈)နှစ်

ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်၊ ကုက္ကိုတောရပ်ကွက်နေ (ဆရာကြီး ဦးလဗျနော်)-ဒေါ်နန်းဇိန်းလုတို့၏ ဒုတိယသား၊ ဦးလဗျခန်း-ဒေါ်ဖော်နပ် ဘောက်တောင်တို့၏ညီ၊ ဒေါ်လဗျခေါ်န်-ဦးမရန်ဂွန်ဂျာ၊ ဒေါ်လဗျနဲမ်ဘူ-ဦးမရန်ခွန်နောင်၊ ဦးလဗျလဒင်-ဒေါ်မရန်နန်တောင်၊ဒေါ်လဗျဂျီးဂျာ-(ဦးစိန်မောင်)၊ ဒေါ်လဗျထုတောင်-ဦးအောင်မင်း၊ ဦးလဗျတူးရိန်-ဒေါ်ကရိန်မေခေါ်န်နူး၊ဦးလဗျယော်ထုန်-ဒေါ်ဝရှာ့ခေါ်န်၊ ဦးလဗျခါးလီ-ဒေါ်လဘန်ရွှယ်နူး၊ ဦးလဗျရှုရွယ်-ဒေါ်နီနီဝင်းတို့၏ အစ်ကို၊ အမှတ် ၈ (၆လွှာ)၊ကျောင်းကုန်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေ သင်းထောက်ဆရာမ ဒေါ်ဝဂျယ်ဘောက်ဂျာ(သူနာပြုဆရာမကြီး၊ မျက်စိအထူးကုဆေးရုံကြီး(ငြိမ်း)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးလဗျဘရန်ဂျာ-ဒေါ်ခင်စန်း @Marip Lu San ၊ ဦးလဗျနော်ဆန်း၊ ဒေါ်လဗျမိုင်းရာ-Mr Holger Oelke @ Maran Sut Naw Man (Gremany)၊ ဦးလဗျအောင်မိုင်-ဒေါ်ဖော်စင်ဆိုင်းဘူတို့၏ဖခင်၊ မလဗျဂရေ့စ်ခေါ်န်အောင်၊ မောင်လဗျဒန်နီယယ်ဆွတ်ဒေးအောင် တို့၏ ချစ်လှစွာသောအဘိုး ဦးလဗျနော်လုံး(လျှပ်စစ်မှူး၊ငြိမ်း၊ အင်ဂျင်နီယာဌာန၊ ဖိုတိုလစ်သိုပုံနှိပ်တိုက်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးကော်ပိုရေးရှင်း)သည် ၃၁-၁-၂၀၂၀ ရက် မွန်းလွဲ ၂:၅၅ နာရီတွင် ရန်ကုန်မြို့၊ ရွှေလမင်းဆေးရုံတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၃-၂-၂၀၂၀ရက်(တနင်္လာနေ့) နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားပါသည်။

(စမ်းချောင်းမြို့နယ် ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ ကားများ နံနက် ၇:၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နန်းမြ(လဝက-၆၈၇၀) အသက်(၆၀)
### (ဒု-လဝကမှူး)

လှိုင်မြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ (လဝက-၆၈၇၀)ဒု-လဝကမှူး ဒေါ်နန်းမြသည် ၁-၂-၂၀၂၀ရက် (စနေနေ့) ၆:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

၃-၂-၂၀၂၀ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပြီး ၇-၂-၂၀၂၀ရက်(သောကြာနေ့) ၇နာရီ တွင် ကမာရွတ်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဆိုင်ရာ**
**ရန်ကုန်တိုင်းဒေသကြီး/ခရိုင်/မြို့နယ်**
**ဝန်ထမ်းမိသားစု**

## အထူးကျေးဇူးတင်ရှိခြင်း

၂၇-၁-၂၀၂၀ရက်(တနင်္လာနေ့)တွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ကျဆုံးသွားသော အမှတ်(၇၀၈)၊ ခြေမြန်တပ်ရင်းမှ ပြန်တမ်းဝင်အမှတ်ကြည်း ၃၂၃၃၄ ဒုတိယဗိုလ်မှူးကြီးအောင်ကျော်စိုး၏ နာရေးကိစ္စကိုစီစဉ်ဆောင်ရွက်ပေးခဲ့ပါသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှတိုင်းမှူး၊ ဒုတိယတိုင်းမှူးနှင့်တကွ အရာရှိစစ်သည်မိသားစုဝင်များ၊တောင်ငူတပ်နယ်မှ တပ်နယ်မှူးနှင့် အရာရှိ သည် စစ်သည်မိသားစုဝင်များ၊ အမှတ်(၄)စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ စစ်ဆင်ရေးကွပ်ကဲရေးမှူးနှင့်ဇနီး၊ စစ်ဦးစီးမှူးပထမတန်းနှင့် အရာရှိစစ်သည်မိသားစုဝင်များ၊ တောင်ငူအမှတ်(၂)ဆောက်လုပ်ရေး(အင်ဂျင်နီယာ)တပ်ရင်း၊ တပ်မှူးနှင့် အရာရှိစစ်သည်မိသားစုဝင်များ၊ အမှတ်(၃) စစ်မြေပြင်ဆေးတပ်ရင်းမှ တပ်မှူးနှင့် အရာရှိစစ်သည်မိသားစုဝင်များ၊ စစ်တက္ကသိုလ်အမှတ်စဉ်(၄၂)မှ သူငယ်ချင်းမိတ်ဆွေများ၊ အမှတ်(၇၀၈)ခြေမြန်တပ်ရင်းမှ အရာရှိစစ်သည်မိသားစုဝင်များ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ရပ်ဝေးမှသတင်းမေးမြန်းကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**
**ဇနီး-ဒေါ်ကြည်ရှင်းသက်(ခ)ချောစု**
**သမီး-မပြုံးမြတ်မွန်**
**(ခ)ကီကီ**

## ကန့်ကွက်နိုင်ကြောင်း
## ကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၅/ကံဘဲ့၊ မြေကွက်အမှတ်-၄၀၊ ဧရိယာ ဝ.ဒသမဝ၄၁ဧက၊ မြေကွက်တည်နေရာအမှတ်-၄၊ သီရိဇေယျာလမ်း၊ (၁၆) ရပ်ကွက်၊ ပြည်သာယာ၊ ရန်ကင်းမြို့နယ်၊ ဒေါ်ကျင်တီ(ခ) ဒေါ်ဘေဘီအမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်အား ဒေါ်ကျင်တီ(ခ)ဒေါ်ဘေဘီနှင့် ခင်ပွန်း ဦးဖေမြင့်သည် ကွယ်လွန်တို့တွင် သားသမီးများဖြစ်သူ ဦးခင်စိုး၊ ဦးရှုမောင်၊ ဦးသောင်းငွေ၊ ဒေါ်ခင်ညိုအေးနှင့် ဦးအေးသိန်းတို့က မိမိတို့သားသမီးအရင်းအချာ (၅)ဦးမှလွဲ၍ မည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်ခြင်းမရှိပါကြောင်း ၂၈-၈-၂၀၁၉ ရက်စွဲပါ တရားရုံးကျမ်းကျိန်လွှာ၊ နှစ်(၆၀) ဂရန်၊အိမ်ထောင်စုလူဦးရေစာရင်း၊ မြေခွန်ပြေစာ၊ သေဆုံးမှုလက်မှတ်များတင်ပြ၍ သားသမီးများဖြစ်သော ဦးခင်စိုး ၁၂/ရကန(နိုင်)၀၅၄၃၉၅၊ ဦးရှုမောင် ၁၂/ရကန(နိုင်) ၀၅၄၂၀၈၊ ဦးသောင်းငွေ ၁၂/ရကန(နိုင်) ၀၅၅၈၅၈၊ ဒေါ်ခင်ညိုအေး၁၂/ရကန(နိုင်) ၀၃၈၆၁၃နှင့် ဦးအေးသိန်း၁၂/ရကန(နိုင်) ၀၄၃၅၁၉ တို့ကအမွေဆက်ခံ ပိုင်ဆိုင်ကြောင်းကြေညာစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သောင်းတင်
### အသက်(၉၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၂၀/က) ရပ်ကွက်၊ ရွှေဝါထွန်းလမ်း၊ အမှတ်(၃၃/ခ)နေ (ဦးသောင်းထွန်း)-ဒေါ်ညိုတင်၊ (ဦးသောင်းဖေ)-ဒေါ်တင်သိန်း၊ ဦးထွန်းကြွယ်-ဒေါ်လှလှဝင်း၊ ဦးထွန်းရီ-ဒေါ်လေးခင်၊ (ဦးဌေးဝင်း-ဒေါ်သောင်းရီ)၊ ဗိုလ်မှူးကိုလေး-ဒေါ်ခင်စိုးသီသီထိုက်တို့၏ မိခင်၊ (ဦးဘထွန်း)၏ဇနီး၊ မြေး ၁၃ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၃၁-၁-၂၀၂၀ ရက်(သောကြာနေ့) ည ၇:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၂-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။

(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၂-၂၀၂၀ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အမှားပြင်ဆင်ခြင်း

၂၀-၁-၂၀၂၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၆)တွင် ပါရှိခဲ့သော ကန့်ကွက်နိုင်ကြောင်းကြေညာခြင်းခေါင်းစဉ်ဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်သိုက်ထွန်း ၁၂/အစန(နိုင်)၁၈၉၁၉၉ ၏ညွှန်ကြားချက်အရ ထည့်သွင်းခဲ့သောကြော်ငြာတွင်ပါရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၃ရပ်ကွက်၊ သုမနလမ်း၊ အမှတ်-၄၆၅(အေ)ဟု မှားယွင်းဖော်ပြချက်အား အမှတ်-၄၆၅(က)ဟုလည်းကောင်း ပြင်ဆင်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သွယ်သွယ်စိုး(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၃၁) (၂၇-၁၀-၁၆)**
**အမှတ်(၉/၁၁)၊ ၀၀၄-မြေညီ၊၃၆လမ်း(အောက်)**
**ကျောက်တံတားမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၅၃၀၄၂၀၂**

## အများသိစေရန်ကြေညာခြင်း

ကလောမြို့၊ (၄)ရပ်ကွက်၊ အမှတ်(၇၂)နေ ဦးစောတင်ထူး ၁၃/ ကလန(နိုင်) ၀၇၄၀၁၈ နှင့် တောင်ကြီးမြို့၊ ဈေးပိုင်းရပ်၊ အနောက်မြို့ပတ်လမ်း၊ အမှတ် ၁၉နေ ဒေါ်နန်းမေဖူးမွန် ၁၃/တကန(နိုင်)၂၁၆၁၃၅ တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိသည့်အပြင် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့ပါသဖြင့် ၃၀-၁-၂၀၂၀ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်တရားရုံး၊ မြို့နယ်တရားသူကြီး ဦးမောင်မောင်သက်လွင်ရှေ့မှောက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီး ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်မ ဒေါ်နန်းမေဖူးမွန်နှင့် ဦးစောတင်ထူးတို့သည် တစ်ဦးနှင့်တစ်ဦး လုံးဝသက်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်နန်းမေဖူးမွန်** | **ဦးနေဝင်းနိုင်(LL.B) ဒေါ်ဇင်မာမြင့်(LL.B, DBL)** |
| **၁၃/တကန(နိုင်)၂၁၆၁၃၅** | **(စဉ်-၃၈၈၄၁) (စဉ်-၁၆၂၉၇)(၅-၁၂-၂၀၁၉)** |
| | **အထက်တန်းရှေ့နေ တရားလွှတ်တော်ရှေ့နေ** |
| | **အမှတ်(၂၀)၊ အခန်း(၀၀၂)၊ ဇောတိကလမ်း၊ (၄)** |
| | **ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊** |
| | **ရန်ကုန်မြို့၊ဖုန်း-၀၉-၄၂၈၁၂၉၄၉၈၊၀၉-၇၈၆၇၀၉၄၅၀** |

## ကန့်ကွက်နိုင်ကြောင်း
## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် ၁၂၈ နေ ဒေါ်သိမ့်အိ (မှတ်ပုံတင်အမှတ် ၁၂/သခန(နိုင်)၁၁၄၃၃၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် (၁၃၈/က-ခ) အကျယ်အဝန်း (၄၀' x ၆၀')ပေ ကျယ်ဝန်းသည့် မြေကွက်ပေါ်တွင် တည်ဆောက်ထားသော(၃)ထပ်ခွဲတိုက်၏ ဒုတိယထပ်(လက်ယာဘက်-ဒါဘာအောက်)တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော ပိုင်ရှင်ဖြစ်သူ ဒေါ်ငုဝါအောင်ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ဤသတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည်အထိ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ အောင်မြင်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

| | |
|---|---|
| | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်တင်ဇာအေးကို** | **ဦးလင်းဘုန်းမြတ်** |
| **(LL.B)** | **(LL.B), (D.IP.L),(D.M.L)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၁၅၀၃)** | **အထက်တန်းရှေ့နေ(စဉ်-၃၇၈၀၅)** |

**တွန်ကျူးသံ Legal Services၊ အမှတ်(၃၀၉/ဘီ-ဒုတိယထပ်)၊ အလုံလမ်းနှင့် အောက်ကြည့်မြင်တိုင်လမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၅၃၆၇၇၀၀၀ ၊ ၀၇၇၇၀၅၆၆၅၈၆**

ထာဝရကုသိုလ်ရယူဖို့၊
သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

## ဆောင်းရာသီကာလ အသက်ရှူလမ်းကြောင်းရောဂါများဆိုင်ရာ ကျန်းမာရေးအသိပေးနှိုးဆော်ချက်

ဆောင်းရာသီကာလအတွင်းတွင် အအေးမိခြင်း၊ တုပ်ကွေးရောဂါဖြစ်ပွားခြင်း၊ လေပြွန်ရောင်ရမ်းခြင်း၊ ခံတတ်မတည့်မှုကြောင့် နှာရည်ယိုခြင်း၊ ချောင်းဆိုးခြင်း၊ ရင်ကျပ်ခြင်းနှင့် အဆုတ်ရောင်ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ အဖြစ်များလေ့ရှိပါသည်။

**ရောဂါလက္ခဏာများ**

အဓိကဖြစ်ပွားတတ်သော ရောဂါလက္ခဏာများမှာ -

- ဖျားခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်နှင့် အထက်ရှိခြင်း)၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခမ်း ခြင်း၊ ချမ်းတုံခြင်း၊ ကိုယ်လက်ကိုက်ခဲနာကျင်ခြင်းတို့ ဖြစ်ကြပါသည်။

**ရောဂါကူးစက်ပုံ**

- ချောင်းဆိုးခြင်းနှင့် နှာချေခြင်းမှတစ်ဆင့် တုပ်ကွေးရောဂါပိုးအပါအဝင် ရောဂါပိုးများ လေထဲသို့ ရောက်ရှိပြီး အသက်ရှူလမ်းကြောင်းမှတစ်ဆင့် တိုက်ရိုက်ကူးစက်ပျံ့နှံ့စေခြင်းနှင့် အရာဝတ္ထုများ၌ ထိကပ်နေသော ရောဂါပိုးများအား လက်နှင့် ကိုင်တွယ်ထိတွေ့ရာမှတစ်ဆင့် ရောဂါကူးစက်နိုင်ပါသည်။

**ရောဂါကာကွယ်ခြင်းနည်းလမ်းများနှင့် လိုက်နာဆောင်ရွက်ရန်အချက်များ**

- နှာချေ၊ ချောင်းဆိုးလျှင် လက်ကိုင်ပဝါဖြင့် ဖုံးအုပ်ခြင်း၊
- လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောခြင်း၊
- တစ်ကိုယ်ရေသန့်ရှင်းမှု ဂရုပြုဆောင်ရွက်ခြင်း၊
- ကောင်းစွာ အိပ်စက်အနားယူခြင်း၊
- အာဟာရပြည့်ဝသည့် အစားအစာများ စားသုံးခြင်း၊
- ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ပြုလုပ်ခြင်း။

အထက်ဖော်ပြပါ ရောဂါလက္ခဏာများ တွေ့ရှိသည်ဟု ယူဆပါက နီးစပ်ရာ ကျန်းမာရေးဝန်ထမ်းများထံ သတင်းပို့၍ကုသမှုခံယူပါ။ အခြားသူများထံသို့ ရောဂါမကူးစက်စေရန် နှာခေါင်းနှင့်ပါးစပ် လုံခြုံအောင် ဖုံးအုပ်ထားသော မျက်နှာဖုံးအကာအကွယ်ကို အသုံးပြုပါ၊ အလုပ်မှ အနားယူပါ၊ လူစုလူဝေးရှိရာအရပ်သို့ သွားရောက်ခြင်းအား ရှောင်ကြဉ်ပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သွေးချင်းတို့ရဲ့ ပွဲတော်ဆီ (၂၀၂၀) ပွဲတော်မုခ်ဦးနှင့် တိုင်းရင်းသားပြခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် နိုင်သက်လွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် တာဝန်ရှိသူများက "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ သတင်းစဉ်

ရန်ကုန် ဖေဖော်ဝါရီ ၁

**"သွေးချင်းတို့ရဲ့ ပွဲတော်ဆီ(၂၀၂၀)"** ပွဲတော်မုခ်ဦးနှင့် တိုင်းရင်းသားပြခန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကျိုက္ကဆံ အားကစားကွင်း၌ ကျင်းပရာ တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာ ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာ ရွှေလွှမ်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ ဒေါက်တာ မျိုးသိမ်းကြီး၊ ဦးအုန်းမောင်နှင့် နိုင်သက်လွင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့များမှ ကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားအသင်းအဖွဲ့များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း၊

စာမျက်နှာ ၈ ကော်လံ ၁ ❖

## MNL ပြိုင်ပွဲ ရေဝတီအသင်း သုံးပွဲဆက်နိုင် တန်းတက် အား/ကာ သိပ္ပံ ပထမဆုံးနိုင်ပွဲရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၄) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ကျင်းပရာ ပုသိမ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ရေဝတီက လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ (အောက်ပုံ)

စာမျက်နှာ ၁၂ ကော်လံ ၁ ●



**သွေးချင်းတို့ရဲ့ ပွဲတော်ဆီမှ တိုင်းရင်းသားသွေးချင်းတို့၏ ရိုးရာယဉ်ကျေးမှု ပြခန်းများ(၁)** စာ ၁၀

## မူဆယ်မြို့တွင် ဌာနဆိုင်ရာနှင့် ပရဟိတအသင်းအဖွဲ့တို့က ကိုရိုနာဗိုင်းရပ်စ် ကြိုတင်ကာကွယ်မှုများ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်

မူဆယ် ဖေဖော်ဝါရီ ၁

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့ နယ်စပ်ဒေသ မြန်မာ-တရုတ် နှစ်နိုင်ငံ အဝင် အထွက်ဂိတ်များမှ တရုတ်နိုင်ငံတွင် အလုပ်လုပ်ကိုင်နေကြသည့် မြန်မာအလုပ်သမားများ နေ့စဉ် အဝင် အထွက်

စာမျက်နှာ ၁၂ ကော်လံ ၁ ❍



မူဆယ်မြို့ သိန်းသန်းချီ ကားကြီးကွင်းတွင် ခရီးသည်များ ကိုရိုနာဗိုင်းရပ်စ် ကြိုတင်ကာကွယ်သည့်အနေဖြင့် ဆပ်ပြာများဖြင့် လက်ဆေးခြင်း ဆောင်ရွက်ကြစဉ်။

